မြတ်ဗုဒ္ဓ၏အဆုံးအမတရား

နေမင်းသည် နေ့၌တောက်ပ၏။ လဝန်းသည် ညဉ့်၌ထွန်းလင်း၏။ မင်းသည် ချပ်ဝတ်တန်ဆာ ဆင်သော် တောက်ပ၏။ ဗြာဟ္မဏသည် ဈာန်ဝင်စားသော် တောက်ပ၏။ ဗုဒ္ဓဘုရားရှင်သည် နေ့ညဉ့် ပတ်လုံး တန်ခိုးတော်ဖြင့်တောက်ပ၏။ **ဓမ္မပဒ**

# မြဝတီ နေ့စဉ်

ဒို့တာဝန်အရေးသုံးပါး

- ♦ ပြည်ထောင်စုမပြိုကွဲရေး။
- ♦ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- ♦ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

သတင်းထူးပြီးမှန်ရမည်၊ သတင်းဦးပြီးမြန်ရမည် မြဝတီမှမြဝတီ

www.myawady.net.mm
E-mail:mwddailynewspapergroup@gmail.com

အတွဲ(၁၅)၊ အမှတ်(၂၄)

၁၃၈၇ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁ ရက်
၂၀၂၅ ခုနှစ်၊ မေ ၁၂ ရက်၊ တနင်္လာနေ့


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များတည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေးဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ၊ ကောင်စီဝင်များနှင့်ဇနီးများက ကဆုန်ညောင်ရေသွန်းလောင်းပူဇော်

**နေပြည်တော် မေ ၁၁**

ဗုဒ္ဓဘာသာမြန်မာလူမျိုးတို့၏ ၁၂ လရာသီပွဲတော်တွင် တစ်ခုအပါအဝင်ဖြစ်သည့် မြန်မာသက္ကရာဇ် ၁၃၈၇ ခုနှစ်၊ ကဆုန်လပြည့်ဗုဒ္ဓနေ့ဖြစ်သော ယနေ့တွင်ကျရောက်သည့် ကဆုန်ညောင်ရေသွန်းပွဲတော်တွင် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ မာရဝိဇယဗုဒ္ဓဥယျာဉ်ပရိဝုဏ်တော်အတွင်းရှိ မဟာဗောဓိညောင်ပင်တော်အား ကဆုန်ညောင်ရေသွန်းလောင်းပူဇော်ခြင်း မင်္ဂလာအခမ်းအနားကို ယနေ့ညနေပိုင်း၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့က မဟာဗောဓိညောင်ပင်တော်ကို ညောင်ရေသွန်းလောင်းပူဇော်ကြသည်။

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီးဒေါ်ကြူကြူလှ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့်ဇနီးဒေါ်သန်းသန်းနွယ်၊ ကောင်စီအတွင်းရေးမှူးနှင့်ဇနီး၊ တွဲဖက်အတွင်းရေးမှူးနှင့်ဇနီး၊

**စာမျက်နှာ ၁၆ ကော်လံ ၁** ☆



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ
နိုင်ငံတော်ဝန်ကြီးချုပ်
ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး
ဒေါ်ကြူကြူလှတို့က မာရဝိဇယဗုဒ္ဓဥယျာဉ်
ပရိဝုဏ်တော်အတွင်းရှိ
မဟာဗောဓိညောင်ပင်တော်အား
ကဆုန်ညောင်ရေသွန်းလောင်းပူဇော်ကြစဉ်။




# အယ်ဒီတာ့အာဘော်

(၂၀၂၅ ခုနှစ်၊ မေ ၁၂ ရက်)

## နှလုံးစိတ်ဝမ်းအေးချမ်း၍ ကောင်းကျိုးလိုရာပြည့်ကြပါစေ

မြန်မာသက္ကရာဇ် ၁၃၈၇ ခုနှစ် ကဆုန်လပြည့်နေ့သည် ကမ္ဘာပေါ်ရှိ ဗုဒ္ဓဘာသာဝင်သူတော်စင်တို့အထွတ်အမြတ်တန်ဖိုးထားရာနေ့ထူးနေ့မြတ်တစ်နေ့ဖြစ်သည်။ ကဆုန်လပြည့် ဗုဒ္ဓနေ့ဟုဆိုသည့်အတိုင်း မြတ်စွာဘုရားရှင်သည် သုံးလောကထွတ်ထားမြတ်ဘုရားအဖြစ်သို့မရောက်မီ သုမေဓာရှင်ရသေ့ဘဝတွင် ဒီပင်္ကရာမြတ်ဘုရားခြေတော်ရင်း၌ နိယတဗျာဒိတ်ပန်းဆင်မြန်းခဲ့သောနေ့၊ သိဒ္ဓတ္ထမင်းသားအဖြစ် ဖွားမြင်သောနေ့၊ မြတ်စွာဘုရားရှင်သည် ဗောဓိဟူသော သဗ္ဗညုတဉာဏ်တော်ကိုရရှိပြီး ဘုရားအဖြစ်သို့ ရောက်တော်မူသောနေ့နှင့် မြတ်စွာဘုရားပရိနိဗ္ဗာန်စံဝင်တော်မူသောနေ့တို့မှာ ကဆုန်လပြည့်နေ့တွင် ဖြစ်ပေါ်ခဲ့ခြင်းဖြစ်သည်။ ထို့ကြောင့် ကဆုန်လပြည့်နေ့ကို "ဗျာဒိတ် ဖွားမြင် ဗောဓိပင် စံဝင်နိဗ္ဗာန်နန်း" ဟူ၍မှတ်တမ်းတင်ထားသည်။

မဟာဗောဓိပင်ဆိုသည်မှာ ဘုရားအလောင်းတော် သိဒ္ဓတ္ထမင်းသားဖွားမြင်တော်မူသောနေ့တွင် အတူတကွ ဖြစ်ထွန်းပေါ်ပေါက်လာခဲ့သည့် ဖွားဖက်တော်ခုနစ်ပါးတွင် တစ်ပါးပါဝင်သည်။ တစ်လောကလုံးကိုးကွယ်ရာ မြတ်စွာဘုရားရှင်အဖြစ်သို့ရောက်ရှိစေရန် များစွာအထောက်အကူပြုခဲ့သည့်အတွက် မဟာဗောဓိပင်သည် ပရိဘောဂစေတီထိုက်သောစေတီတော်တစ်ဆူလည်းဖြစ်သည်။ ကဆုန်လသည် နွေကာလဖြစ်သည့်အတွက် ရေဓာတ်ခန်းခြောက်လေ့ရှိသည်။ ဗောဓိပင်များအား ကဆုန်ညောင်ရေသွန်းလောင်းခြင်းသည် ဗဟာဗောဓိပင်များစိမ်းလန်းစိုပြည်၍ အခက်အလက်များဝေဆာစေခြင်း၊ သက်တမ်းရှည်ကြာစေခြင်းနှင့် သက်တော်ထင်ရှားမြတ်ဘုရားအား ရည်မှန်းပူဇော်ရာရောက်ခြင်းတို့ကြောင့် ပူဇော်သူတို့၏စိတ်နှလုံးကိုအေးချမ်းစေသည်။

မြန်မာနိုင်ငံသည် ကမ္ဘာပေါ်တွင် ဗုဒ္ဓဘာသာအထွန်းကားဆုံးနိုင်ငံဖြစ်ပြီး ဗုဒ္ဓဘာသာသည် လူအများစု၏ ကိုးကွယ်ရာဘာသာအဖြစ် အသိအမှတ်ပြုထားသည်။ ဗုဒ္ဓဘာသာသည် လူသားတို့၏စိတ်နှလုံးကို နူးညံ့သိမ်မွေ့စေသည်။ မကောင်းမှုပြုရမည်ကို ရှက်ခြင်း၊ ကြောက်ခြင်းတို့ကြောင့် မကောင်းမှုကို ရှောင်ကြဉ်ကြသည်။ ကောင်းမှုကိုဆောင်ထားကြသည်။ စိတ်နှလုံးကိုဖြူအောင်ထားရှိကြသည်။ ကမ္ဘာပေါ်တွင် ဗုဒ္ဓဘာသာကြောင့် ပေါ်ပေါက်လာသည့် စစ်ပွဲမျိုးလုံးဝမရှိသည်မှာ ဗုဒ္ဓဘာသာ၏ ထူးခြားမှုကိုဖော်ပြနေခြင်းဖြစ်သည်။ ထို့ကြောင့် ကမ္ဘာတွင် အကောင်းဆုံးဘာသာအဖြစ် မှတ်တမ်းတင် ဂုဏ်ပြုကြသည်။

သီရိလင်္ကာနိုင်ငံ ကိုလံဘိုမြို့တွင် ၁၉၉၈ ခုနှစ် နိုဝင်ဘာလ ၅ ရက်မှ ၁၄ ရက်အထိကျင်းပသော အပြည်ပြည်ဆိုင်ရာ ဗုဒ္ဓဘာသာကွန်ဖရင့်၌ ထူးခြားမှုအပေါင်းနှင့်ပြည့်ဝသော ကဆုန်လပြည့်နေ့ကို ကမ္ဘာ့ရုံးပိတ်ရက်အဖြစ်သတ်မှတ်နိုင်ရန် ညှိနှိုင်းဆွေးနွေးခဲ့ကြသည်။ ထိုမှတစ်ဆင့် သီရိလင်္ကာနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးက ၁၉၉၉ ခုနှစ် စက်တင်ဘာလတွင်ကျင်းပသည့် ကုလသမဂ္ဂအထွေထွေညီလာခံတွင် အဆိုတင်သွင်းခဲ့သည်။ ယင်းအဆိုကို မြန်မာနိုင်ငံအပါအဝင် နိုင်ငံပေါင်း ၃၄ နိုင်ငံက ထောက်ခံခဲ့ကြသည်။ ဤသို့ဖြင့် ကဆုန်လပြည့်နေ့ကို အပြည်ပြည်ဆိုင်ရာရုံးပိတ်ရက် (Vesak Universal Holiday)အဖြစ် ကုလသမဂ္ဂကသတ်မှတ်ပေးခဲ့သည်။ ထို့ကြောင့် ကဆုန်လပြည့်နေ့သည် ကမ္ဘာ့ရုံးပိတ်ရက် နေ့တစ်နေ့ ဖြစ်လာခဲ့သည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့သည် ကဆုန်လပြည့် ဗုဒ္ဓနေ့တွင် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ပန်း၊ ရေချမ်းနှင့်ဆီမီးများကပ်လှူပူဇော်ပြီး ပရိဝုဏ်တော်အတွင်းရှိ မဟာဗောဓိညောင်ပင်တော်အား အမွှေးနံ့သာရည်များပက်ဖျန်းကာ ညောင်ရေသွန်းလောင်းပူဇော်ကြသည်။

ထို့အတူ ဇေယျာသီရိမြို့နယ် လောကချမ်းသာဆုတောင်းပြည့်အသင်းဘုရားကြီးရှိမဟာဗောဓိညောင်ပင်ကိုလည်း ကဆုန်ညောင်ရေသွန်းလောင်းပူဇော်ကြသည်။ နိုင်ငံတစ်ဝန်းရှိ တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီး၌လည်း ကဆုန်ညောင်ရေသွန်းပွဲတော်များအား စည်ကားသိုက်မြိုက်စွာကျင်းပကြသည်။

ကဆုန်လပြည့်နေ့တွင် ဘုရားစေတီများရှိ ဗောဓိညောင်ပင်များတွင် မိသားစုလိုက်သော်လည်း ကောင်း၊ အသင်းအဖွဲ့များလိုက်သော်လည်းကောင်း စုပေါင်း၍ညောင်ရေသွန်းလောင်းခြင်းပြုကြသည်။ သက်တော်ထင်ရှားမြတ်စွာဘုရားရှင်အားရည်မှန်းပူဇော်၍ ဗုဒ္ဓရုပ်ပွားတော်များအား ရေသပ္ပာယ်ကြသည်။ ကုသိုလ်ကောင်းမှုသည် ပြုလုပ်သူအတွက်ကောင်းကျိုးများဖြစ်ထွန်းစေသည်။ ရေသည် လူတို့အတွက် မရှိမဖြစ်အရာဖြစ်သည်။ ရေသည် အေးမြခြင်းကိုဖြစ်စေသည်။ အပူရှိန်လွန်ကဲသောအချိန်ကာလတွင် ရေသွန်းလောင်းခြင်းဖြင့် ဗောဓိပင်များပိုမိုရှင်သန်လန်းဆန်းလာပေမည်။ ဗောဓိပင်များရှင်သန်သကဲ့သို့ ဗုဒ္ဓမြတ်စွာဘုရား၏သာသနာတော်သည် ပိုမိုထွန်းကားနေပေလိမ့်မည်။ ထို့အတူ သက်တော်ထင်ရှား ဘုရားရှင်အား ပူဇော်ရာဖြစ်ခြင်းကြောင့် မြန်မာနိုင်ငံသည် သာယာဝပြောသောနိုင်ငံအဖြစ် တည်ရှိစေရုံသာမက နိုင်ငံသူ၊ နိုင်ငံသားအားလုံးသည်လည်း နှလုံးစိတ်ဝမ်းအေးချမ်းစေလျက် ကောင်းကျိုးလိုရာပြည့်ဝကြမည်ဖြစ်သည်။ ထို့ကြောင့် နိုင်ငံတော်ကြီးပိုမိုအေးချမ်းသာယာ၍ ပြည်သူများနှလုံးစိတ်ဝမ်းချမ်းမြေ့ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။ ။

## ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းချက်ပါ ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှလျှော့ပေါ့ခွင့်ရသူများ

**လျှော့ပေါ့ခွင့်**

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်တာဝန်မှ လျှော့ပေါ့ခွင့်ပြုသူများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) လျှောက်ထားသူ၏မိဘနှစ်ပါးစလုံးသည် နိုင်ငံ့ဝန်ထမ်းအဖြစ် နှစ်ပေါင်း ၂၀ ထက်မနည်း တာဝန်ထမ်းဆောင်နေဆဲဖြစ်ပါကလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစားယူခဲ့သူဖြစ်ပါကလည်းကောင်း အဆိုပါလျှောက်ထားသူအား ဥပဒေအရ ၎င်းထမ်းဆောင်ရမည့် ပြည်သူ့စစ်မှုထမ်းရန်ကာလ၏ တစ်ဝက်အထိလျှော့ပေါ့ပေးနိုင်သည်။

(ခ) လျှောက်ထားသူ၏မိဘနှစ်ပါးအနက် တစ်ဦးဦးသည် နိုင်ငံ့ဝန်ထမ်းအဖြစ် နှစ်ပေါင်း ၂၀ ထက်မနည်း တာဝန်ထမ်းဆောင်နေဆဲဖြစ်ပါကလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ်တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစားယူခဲ့သူဖြစ်ပါကလည်းကောင်း၊ အဆိုပါလျှောက်ထားသူအား ဥပဒေအရ ၎င်းထမ်းဆောင်ရမည့် ပြည်သူ့စစ်မှုထမ်းရန်ကာလ၏သုံးပုံတစ်ပုံအထိ လျှော့ပေါ့ပေးနိုင်သည်။

(ဂ) ပြည်သူ့စစ်မှုထမ်းတစ်ဦးဦးသည် တာဝန်ထမ်းဆောင်နေသည့်ကာလအတွင်း ထိခိုက်ဒဏ်ရာရရှိခြင်းများရှိခဲ့ပါက ထိခိုက်ဒဏ်ရာရရှိသည့်နေ့နောက်ပိုင်း ဆက်လက်တာဝန်ထမ်းဆောင်ရန် ကျန်ရှိသည့်ကာလအား လျှော့ပေါ့ပေးနိုင်သည်။

## မိတ္ထီလာမြို့နယ်အတွင်းရှိ သံဃာတော်များအား ဆွမ်းဆန်စိမ်းလောင်းလှူပွဲနှင့် ညောင်ရေသွန်းလောင်းပွဲကျင်းပ

မိတ္ထီလာ မေ ၁၁

မိတ္ထီလာခရိုင် / မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့မှ ကြီးမှူးကျင်းပသည့် မြို့နယ်အတွင်းရှိ သံဃာတော် ၁၀၈ ပါးအား ဆွမ်းဆန်စိမ်းလောင်းလှူပွဲနှင့် ညောင်ရေသွန်းလောင်းပွဲကို မေလ ၁၁ ရက် (ကဆုန်လပြည့်နေ့) နံနက်ပိုင်းတွင် မိတ္ထီလာမြို့ရှိ မဟာဓမ္မရာဇိက ရွှေမြင်တင်စေတီတော်ရင်ပြင်ပေါ်၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်အတွင်းရှိ သံဃာတော် ၁၀၈ ပါးအား ဆွမ်း၊ ဆွမ်းဟင်းတို့ကို တာဝန်ရှိသူများက ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် ဆွမ်းဆန်စိမ်းလောင်းလှူပွဲကိုကျင်းပရာ မိတ္ထီလာမြို့ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ပါဠိတက္ကသိုလ်ဥယျာဉ်ပရိယတ္တိပဓာနနာယက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တသူရိယထံမှ ညွှန်ပရိသတ်များက ငါးပါးသီလခံယူဆောက်တည်ကြပြီး ဆရာတော်၊ သံဃာတော်အရှင်သူမြတ်တို့ ရွတ်ပွားသရဇ္ဈာယ်တော်မူအပ်သော ပရိတ်တရားတော်များကို နာယူကြည်ညိုကြသည်။ ယင်းနောက် ဆရာတော်၊သံဃာတော်များထံ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေကြသည်။

ဆက်လက်၍ သံဃာတော် ၁၀၈ ပါးအား မိတ္ထီလာခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်မြင့်ဦးနှင့် အဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဇော်အောင်လေးနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများနှင့် ဒေသခံပြည်သူများက ဆွမ်းဆန်စိမ်းများလောင်းလှူကြပြီး ဗောဓိညောင်ပင်အား ညောင်ရေသွန်းလောင်းပူဇော်ကြကြောင်း သိရသည်။ (မဝ၂)

## သဇင်(FM)အသံလွှင့်အစီအစဉ်

၁၂-၅-၂၀၂၅(တနင်္လာနေ့)

၁။ ၀၉:၀၀ Sport News
၂။ ၁၁:၅၀ ကျန်းမာခြင်းအတွက် သဇင်ရဲ့လက်ဆောင်
၃။ ၁၅:၀၀ Jumping For You
၄။ ၁၆:၄၀ I Music
၅။ ၁၈:၂၀ ဂုဏ်ယူအလွမ်း
၆။ ၂၂:၂၀ Goodnight Listeners

မြဝတီ နေ့စဉ် The Myawady Daily

စာတည်းမှူးချုပ် - ဦးမျိုးဝင်းရှိန်
စာတည်းမှူး(မြန်မာ) - ဦးရာဇာအောင်
စာတည်းမှူး(အင်္ဂလိပ်) - ဦးရဲမင်းတင်
စာတည်း(ကျွမ်းကျင်)အင်္ဂလိပ် - ဦးတင်မောင်သန်း

စာတည်းအဖွဲ့(မြန်မာ) - ဦးနေမင်းဦး၊ ဦးထွန်းထွန်းနိုင်၊ ဒေါ်နီလာအောင်၊ ဒေါ်ဖြူဖြူမောင်
စာတည်းအဖွဲ့(အင်္ဂလိပ်) - ဦးထက်မြတ်၊ ဒေါ်သီရိမွန်
သတင်းအဖွဲ့(နေပြည်တော်) - ဦးဇော်မင်းပိုင်၊ ဒေါ်ခိုင်ဝါဝါကျော်
သတင်းအဖွဲ့(ရန်ကုန်) - ဦးစံမင်းသူ

**နေပြည်တော်**
စာတည်းအဖွဲ့ ၀၆၇-၇၃၉၉၈၊ ဖက်စ် ၀၆၇-၇၃၉၉၉/၀၆၂-၃၀၂၆၂၊
ဖြန့်ချိရေး/ကြော်ငြာ ၀၆၇-၇၄၀၀၆၊ ၀၆၇-၇၄၀၀၈၊
ဘုရင့်နောင်ရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်။
**ရန်ကုန်(ရုံးခွဲ)**
စာတည်းအဖွဲ့ ၀၆၇-၇၄၀၂၁၊ ဖြန့်ချိရေး ၀၁၈-၄၀၀၆၉၇၊
ကြော်ငြာ ၀၆၇-၇၄၀၂၂၊ အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

**မန္တလေး(ရုံးခွဲ)**
တာဝန်ခံ ၀၉-၆၈၈၈၈၃၅၅၈၊ ၈၄ လမ်း၊
၂၉x၃၀ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

**ကျိုင်းတုံ(ရုံးခွဲ)**
တာဝန်ခံ ၀၉-၂၅၀၅၅၆၆၃၈၊ ၀၃၄-၇၃၆၀၁
လှိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့။

ပုံနှိပ်ခြင်း/ထုတ်ဝေခြင်းအမှတ် - ၀၀၃၇၈/၀၀၄၉၄
စတင်ထုတ်ဝေသည့်ရက် - ၂၀၁၁ ခုနှစ် ဧပြီလ ၁ ရက်
E-mail: mwddailynewspapergroup @ gmail.com
Website - www.myawady.net.mm

# သောက်သုံးရေလိုအပ်သည့်ကျေးရွာသို့ ရေများသွားရောက်လှူဒါန်း



**နေပြည်တော် မေ ၁၁**

နေပြည်တော်ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ်အတွင်းရှိ နန်းသြကျေးရွာအုပ်စု နန်းသြကျေးရွာသို့ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မေလ ၁၀ ရက်တွင် ရေသန့်စက်ကြီးများဖြင့်သန့်စင်ထားသော သောက်သုံးရေဂါလန် ၁၂၀၀ အား သွားရောက်လှူဒါန်းကြောင်း သိရသည်။

ထိုသို့ သောက်သုံးရေများသွားရောက်လှူဒါန်းရာတွင် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးမျိုးဇော်နှင့် ဝန်ထမ်းများက နန်းသြကျေးရွာရှိ အိမ်ခြေ ၄၇၉ အိမ်အတွက် ရေဂါလန် ၁၂၀၀ အား စနစ်တကျဖြန့်ဝေလှူဒါန်းပေးသည်။

ဇေယျာသီရိမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနအနေဖြင့် ဒေသခံပြည်သူများ သောက်သုံးရေဖူလုံစွာ သုံးစွဲနိုင်ရေးအတွက် ရေရှားပါးသော ကျေးရွာများသို့ ရေသယ်ယာဉ်များဖြင့် ကျေးရွာများအရောက် လှူဒါန်းပေးလျက်ရှိကြောင်း သိရသည်။ (၄၁၃)

# ကသာမြို့နယ်၌ နွေစပါး ၁၁၀၇၉ ဧကစိုက်ပျိုးပြီးစီး

**ကသာ မေ ၁၁**

စစ်ကိုင်းတိုင်းဒေသကြီး ကသာမြို့နယ်၌ ယခုနှစ် နွေသီးနှံစိုက်ပျိုးချိန်တွင် နွေစပါး ၁၁၀၇၉ ဧက စိုက်ပျိုးပြီးစီးနေပြီဖြစ်ကြောင်း ကသာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ စာရင်းများအရသိရသည်။

ကသာမြို့နယ်၌ နွေစပါး ၁၁၄၁၉ ဧက စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် ဇန်နဝါရီလမှစတင်၍ စိုက်ပျိုးခဲ့ကြရာ ယနေ့အထိ ၁၁၀၇၉ ဧကစိုက်ပျိုးပြီးစီးနေပြီဖြစ်သည်။

ထို့ပြင် မြို့နယ်စိုက်ပျိုးဦးစီးဌာနအနေဖြင့် နွေစပါးစိုက်ပျိုးမည့် တောင်သူများ တစ်ဧကအထွက်နှုန်း တိုးတက်ရေးနှင့် ပန်းတိုင်အထွက်နှုန်း ရရှိရေးအတွက် မျိုးကောင်းမျိုးသန့်များဖြန့်ဖြူးခြင်း၊ နည်းပညာပေးလက်ကမ်းစာစောင်များဖြန့်ဝေခြင်း၊ တောင်သူပညာပေးသင်တန်းနှင့်ပညာပေးဆွေးနွေးပွဲများဆောင်ရွက်ခြင်း၊ လိုအပ်သည့်သွင်းအားစုများ အချိန်မီရရှိရေးတို့ကို ဆောင်ရွက်ပေးလျက်ရှိသည်။

စိုက်ပျိုးရေးအတွက် အခြေခံလိုအပ်ချက်မှာ မျိုး၊ မြေ၊ ရေ၊ နည်းဖြစ်ပြီး မြေကောင်းမြေသန့်ဖြစ်စေရန် မြေဩဇာကိုသဘာဝနည်းဖြင့် မှန်ကန်စွာအသုံးချရေး၊ စိုက်ပျိုးရေ အပြည့်အဝရရှိရေးနှင့် ရာသီဥတုနှင့် ကိုက်ညီသည့် မျိုးကောင်းမျိုးသန့်များ ရွေးချယ်စိုက်ပျိုးရေး၊ တွေ့ကြုံလာသည့် ရာသီဥတုအခြေအနေအပေါ် မူတည်၍ စိုက်ပျိုးနည်းစနစ်များ ပြောင်းလဲစိုက်ပျိုးရန် လိုအပ်ကြောင်း သိရသည်။ (၄၀၉)

## မြဝတီရုပ်မြင်သံကြားအစီအစဉ်

၁၂-၅-၂၀၂၅ (တနင်္လာနေ့)

| | | |
|---|---|---|
| ၁။ | ၀၆:၀၃ | တရားတော် |
| ၂။ | ၀၇:၁၆ | မေတ္တာပို့ |
| ၃။ | ၀၇:၂၀ | ဓမ္မပူဇာတေး |
| ၄။ | ၀၈:၀၀ | မြဝတီရုပ်မြင်သံကြားသတင်း |
| ၅။ | ၀၉:၀၀ | မြဝတီနေ့စဉ်သတင်း |
| ၆။ | ၁၁:၀၀ | သာယာသီကြွေး ခေတ်ဆန်းတေး |
| ၇။ | ၁၂:၀၀ | လူတိုင်းကျန်းမာ သိမှတ်စရာ |
| ၈။ | ၁၃:၀၀ | အမှတ်တရနေ့ရက်များ |
| ၉။ | ၁၄:၀၀ | မှတ်သားလိုက်နာပုံပမာ |
| ၁၀။ | ၁၅:၀၀ | ပန်းပေါင်းစုံစွာအနုပညာ |
| ၁၁။ | ၁၆:၀၀ | ကိုယ်လက်လှုပ်ရှား အားကစား |
| ၁၂။ | ၁၇:၀၀ | စိုက်ပျိုးသုတ |
| ၁၃။ | ၁၈:၃၀ | ထုတ်လွှင့်ပြန်ကြား သတင်းမှန်များ |
| ၁၄။ | ၁၈:၄၀ | ကျန်းမာသုတ |

# ဥတ္တရသီရိမြို့နယ် သက်မွေးစုကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းမှ ချေးငွေများထုတ်ချေး

**နေပြည်တော် မေ ၁၁**

နေပြည်တော်ကောင်စီနယ်မြေ ဥတ္တရသီရိမြို့နယ် တောင်ညိုကျေးရွာအုပ်စု သက်မွေးစုကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းမှ တတိယအကြိမ် ချေးငွေများ ပြန်လည်ထုတ်ချေးခြင်းကို မေလ ၁၁ ရက် နံနက်ပိုင်းတွင်ဆောင်ရွက်သည်။

ရှေးဦးစွာ ဥတ္တရသီရိမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ဇာကြည်မွန်က သက်မွေးစုကျေးရွာရှိ ကျေးရွာတာဝန်ခံများ၊ ကျေးရွာမြစိမ်းရောင်လုပ်ငန်းအဖွဲ့ဝင်များ၊ အသင်းသား၊ အသင်းသူများနှင့်တွေ့ဆုံကာ မြစိမ်းရောင်ကျေးရွာစီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်ပေးရခြင်း၏ရည်ရွယ်ချက်များ၊ အကျိုးကျေးဇူးများ၊ စီမံကိန်းလက်စွဲစာစောင်ပါအကြောင်းအရာများ၊ ကျေးလက်နေပြည်သူများထားရှိရမည့်ကျေးရွာစိတ်ဓာတ်များ၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဥပဒေ၊ နည်းဥပဒေပါ အကြောင်းအရာများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းစီမံကိန်းစက်ဝန်းကာလနှင့် အတိုးနှုန်းသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးပေးရာတွင် လိုက်နာရမည့်စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက စီမံကိန်းရန်ပုံငွေကျပ် ၁၂ ဒသမ ၂၅ သန်းကို သက်မွေးစုကျေးရွာမြစိမ်းရောင်လုပ်ငန်းအဖွဲ့ဝင်များထံသို့ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် ကျေးရွာမြစိမ်းရောင်လုပ်ငန်းအဖွဲ့ဝင်များက သက်မွေးစုကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ရှစ်ဦးကို ချေးငွေကျပ် ၃ ဒသမ ၉၀ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၁၃ ဦးကို ချေးငွေကျပ် ၅ ဒသမ ၄၅ သန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူလေးဦးကို ချေးငွေကျပ် ၂ ဒသမ ၉၀ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၂၅ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက်မတည် ရန်ပုံငွေကျပ် ၁၂ ဒသမ ၂၅ သန်းကို သက်သာသောအတိုးနှုန်းဖြင့် တစ်ဦးချင်းလက်ဝယ်အရောက်ထုတ်ချေးပေးကြောင်း သိရသည်။

ကိုညို(ကျေးလက်)

# ချစ်သောသူတို့ အားရှိဖို့

❖ ရှစ်ခွင်သိုင်းဖွဲ့၊ ကကြိုးနွဲ့၍
လဲ့လဲ့တစ်ခွင်၊ မိုးပြာပြင်နှင့်
ကြည်လင်တောက်ပ မြို့အလှရှင့်။

❖ သစ်ရိပ်အုပ်ဆိုင်း၊ တိုက်တာတိုင်းသည်
ရိုင်းပျအတွေ့၊ ငလျင်မွေ့ခိုက်
အုန်း ကြွေ့ ပြို ပျက်၊ မြေ၌သက်၍
ဖြိုဖျက်လိုက်တာ၊ အံ့သြစွာနှင့်
ငိုရှာသလော ကြားရမောမိ။

❖ တိုက်တာခြေရင်း၊ မြေတလင်းဝယ်
ဝပ်ဆင်းလူများ၊ အပြားပြားနှင့်
ကမ်းပါးရေတက်၊ ပဋ္ဌလက်သို့
ငိုစွက်ဖွေရှာ၊ ဝေဒနာသည်
ဘယ်ခါမမေ့ ရကောင်းတည့်။

❖ ရင်ကိုမွေ့ရိုင်း၊ အုတ်ပုံလှိုင်းဝယ်
တစ်ပိုင်းတစ်စ၊ မြင်နေရသည်
လူကညစ်ထည်း၊ ပက်လက်လေးနှင့်
လွမ်းဆွေးငိုမိ ရင်ကိုထိရှင့်။

❖ ဘယ်ညာစွန်ဖျား၊ ငေးကြည့်သွားမူ
ငိုသူ မဲ့သူ၊ အတူတူသို့
ဝင်ကူညီပြား၊ ဝန်ပိသွား၍
ပြားပြားစိုက်စိုက် ထိုသူခိုက်၏။

❖ မော်ကွန်းမတင်၊ မပြောချင်လည်း
နွေဝင်တစ်ရက်၊ ငလျင်စက်ကြောင့်
အသက်လည်းသေ၊ ဘဝကြေကြေ
နွေနေအတိ၊ ထပ်တူရှိသို့
မချိရင်တွင် ကဗျာတင်မိ။

❖ ငလျင်အရေး၊ သဘာဝဘေးမှ
ဟစ်ကြွေးနိုးထ၊ ထူထောင်ကြလော့
ဘဝပိုတင့်၊ အလှဆင့်လော့
မြင့်မြင့်မားမား၊ တို့အင်အားကြောင့်
ရက်များမကြာ၊ လေညင်းလာလိမ့်
စိတ်မှာချင့်မော၊ စိတ်လျှင်စောရှင့်
ချစ်သောသူတို့ အားရှိဖို့။ ။

**ကိုဇော်ဌေး(ယဉ်ကျေးမှု)**

# ကျွမ်းကျင်ကူညီ ဆေးစစ်သည် သူနာပြုစွမ်းရည် မြှင့်ကြမည်

**အ**ပြည်ပြည်ဆိုင်ရာသူနာပြုများနေ့ (International Nurses Day)အား သူနာပြုများ၏ ရှေ့ဆောင်လမ်းပြ (Nursing Pioneer) အဖြစ် ထင်ရှား၍ ခေတ်သစ်သူနာပြုစုခြင်းပညာရပ်ကို စတင်တည်ထောင်သူ ဖလောရင့်နိုက်တင်ဂေး၏မွေးနေ့ မေလ ၁၂ ရက်ရောက်တိုင်း ကျင်းပခဲ့ကြသည်။ ၁၈၅၄ ခုနှစ်တွင်ဖြစ်ပွားခဲ့သော ခရိုင်မီယန်စစ်ပွဲတွင် စစ်သည်များသည် ထိခိုက်ဒဏ်ရာရရှိသူများပြားပြီး ပြုစုမည့်သူမရှိဖြစ်ကြသည်။ လူကုံထံအသိုင်းအဝိုင်းက မွေးဖွားလာသော ဖလောရင့်နိုက်တင်ဂေးသည် သူမကိုယ်တိုင်ဦးဆောင်ပြီး ဒဏ်ရာရစစ်သည်များကို လိုက်လံရှာဖွေပြုစုကုသပေးခဲ့သည်။ နေ့မအားညမအား မှောင်မိုက်နေသည့်စစ်မြေပြင်တွင် မီးအိမ်လေးဆွဲကိုင်ပြီး လိုက်လံရှာဖွေပြုစုကုသပေးခဲ့သဖြင့် ဒဏ်ရာရစစ်သည်များက မီးအိမ်ရှင်မ "The Lady will the Lamp" အဖြစ် စတင်ပေးခဲ့သောနာမည်ဖြစ်သည်။

> **"အကျွန်ုပ်သည် လူသားအားလုံး၏ ကိုယ်ကျန်းမာရေး၊ စိတ်ကျန်းမာရေးကို ကျွန်ုပ်၏အရေးကဲ့သို့ယူဆပါအံ့" ဟူသောအချက်နှင့်အညီ တပ်မတော်သူနာပြုများသည် စေတနာ၊ ဝါသနာ၊ ကရုဏာ၊ အကြင်နာ၊ အနစ်နာ ဟူသော နာငါးနာနှင့်အညီ တပ်မတော်သားများကိုသာမက မိသားစုဝင်များ ဘေးဒုက္ခကြုံတွေ့နေရသော ပြည်သူများ၊ ဝေးလံခေါင်ဖျားဒေသမှ တိုင်းရင်းသားပြည်သူများကိုလည်း စိတ်ဓာတ်ကောင်းသော တပ်မတော်သူနာပြုများပီပီ ပြုစုကုသမှုပေးလျက်ရှိ. . .**

အပြည်ပြည်ဆိုင်ရာသူနာပြုကောင်စီကို ၁၈၉၉ ခုနှစ်တွင် စတင်တည်ထောင်ခဲ့သည်။ ကမ္ဘာတစ်ဝန်းရှိ သူနာပြု ၂၈ သန်းကျော်ဖြင့် ပါဝင်ဖွဲ့စည်းထားသည်။ မြန်မာနိုင်ငံ သူနာပြုနှင့်သားဖွားအသင်းသည် မြန်မာနိုင်ငံ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများတွင် တိုးတက်မှုရှိစေရန်ရည်ရွယ်ပြီး တည်ထောင်ခဲ့ခြင်းဖြစ်သည်။ အပြည်ပြည်ဆိုင်ရာသူနာပြုကောင်စီ၏ အဖွဲ့ဝင်လည်းဖြစ်သည်။ ၂၀၂၅ ခုနှစ် အပြည်ပြည်ဆိုင်ရာ သူနာပြုများနေ့၏ Theme ဆောင်ပုဒ်မှာ–

"Our Nurses. Our Future.

Caring For Nurses Strengthens Economy."

"အနာဂတ်ကမ္ဘာဖွံ့ဖြိုးဖို့၊ သူနာပြုစွမ်းရည်မြှင့်တင်စို့ "ဖြစ်သည်။

တပ်မတော်ဆေးဝန်ထမ်းတပ်ဖွဲ့ (Myanmar Military Medical Corps) သည် တပ်မတော်သားများနှင့်မိသားစုဝင်များကို ကျန်းမာရေးစောင့်ရှောက်မှုပေးရုံသာမက ပြည်သူ့အကျိုးပြု ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို နေ့မအားညမအား ဆောင်ရွက်လျက်ရှိသည်။ ထို့ပြင် နိုင်ငံတော်တွင် မမျှော်လင့်ဘဲ ကြုံလာတတ်သော သဘာဝဘေးအန္တရာယ်များ၊ မသမာသူတို့ဖန်တီးသော ဘေးအန္တရာယ်များကြုံတွေ့လာတိုင်း ရှေ့ဆုံးမှထွက်၍ မိမိတို့တတ်စွမ်းသော ဆေးပညာဖြင့် စွမ်းစွမ်းတမံကူညီစောင့်ရှောက်ခဲ့ကြသည်။ ၂၀၂၅ ခုနှစ် မတ်လ ၂၈ ရက်တွင် ဖြစ်ပွားခဲ့သော မန္တလေးငလျင်သဘာဝဘေးတွင် တပ်မတော်ဆေးဝန်ထမ်းတပ်ဖွဲ့ဝင်များ အချိန်ပိုင်းအတွင်း ကူညီကယ်ဆယ်ရေးစခန်းများဖွင့်လှစ်ကာ ပြည်သူလူထုအား ရင်ဝယ်သားကဲ့သို့ ပြုစုစောင့်ရှောက်လျက်ရှိသည်ကို အထင်အရှားတွေ့မြင်နိုင်ပေသည်။

ကမ္ဘာ့သူနာပြုလောက၏ အဆင့်အမြင့်ဆုံးဖြစ်သော ဖလောရင့်နိုက်တင်ဂေးဆုတံဆိပ်ကို ၁၉၆၃ ခုနှစ်တွင် သူနာပြုအရာရှိ ဗိုလ်မှူးဒေါ်ခင်အုန်းမြသည် ထိုက်တန်စွာချီးမြှင့်ခြင်းခံခဲ့ရသည်။ ဒုတိယကမ္ဘာစစ်အတွင်း ထိခိုက်ဒဏ်ရာရသူများကို သက်စွန့်ဆံဖျား ပြုစုကုသအမှုထမ်းခဲ့၍ (၁၉) ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာကြက်ခြေနီကော်မတီညီလာခံတွင် ချီးမြှင့်ခဲ့ခြင်းဖြစ်သည်။ တပ်မတော်သူနာပြုများသည် ဆေးရုံဆေးတပ်ရင်းများတွင်သာမက ရှေ့တန်းစစ်မြေပြင်အထိ နိုင်ငံတော်ကာကွယ်ရေးတာဝန်ထမ်းဆောင်နေကြသည့် တပ်မတော်သားများနှင့် တစ်သားတည်းအတူ ရဲဘော်စိတ်ဖြင့် ယနေ့တိုင် တာဝန်ထမ်းဆောင်လျက်ရှိသည်ကို တပ်မတော်သမိုင်းတစ်လျှောက်တွင် ထင်ရှားတွေ့မြင်နိုင်ပေသည်။

တပ်မတော်သူနာပြုများအနေဖြင့် နိုင်ငံတကာစံနှုန်းများအတိုင်း စနစ်တကျပြုစုကုသမှုပေးသောစနစ်၊ သူနာပြုအရည်အသွေး တိုးမြှင့်စေသော လမ်းညွှန်ချက်(Guideline)များအတိုင်း ပြုစုကုသမှုပေးနိုင်ရန် မြန်မာနိုင်ငံ သူနာပြုနှင့် သားဖွားကောင်စီ၏လမ်းညွှန်ချက် (Continuing Professional Development (CPD) Guideline For Nursing and Midwifery Professional) အတိုင်း အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။ အထက်ပါ CPD Guideline များနှင့်အညီ တပ်မတော်ဆေးရုံများတွင်လည်း စဉ်ဆက်မပြတ် သူနာပြုစုမှုပညာသင်ကြားခြင်း (Continuing Nursing Education) များကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိသည်။ ဝေးလံခေါင်ဖျားဒေသရှေ့တန်းစစ်မြေပြင်ရှိ သူနာပြုများသည်လည်း Continuing Nursing Education ကို မိမိကြုံတွေ့နေရသော သူနာပြုစုမှုအတွေ့အကြုံပေါ် အခြေခံ၍ Narrative Notes (ဇာတ်ကြောင်းပြန်မှတ်စု) ပုံစံရေးသားခြင်းဖြင့် သင်ကြားနိုင်သည်။

တပ်မတော်သူနာပြုနှင့်ဆေးဘက်ပညာတက္ကသိုလ်အနေဖြင့် ခေတ်နှင့်အညီ ပြောင်းလဲတိုးတက်နေသည့် ကျန်းမာရေးဆိုင်ရာပညာရပ်များနှင့် ဆေးဘက်ဆိုင်ရာနည်းပညာများကို နိုင်ငံတကာစံနှုန်းများနှင့်အညီ လေ့ကျင့်သင်ကြားပေးလျက်ရှိသည်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းသည် ၂၀၂၃ ခုနှစ် တပ်မတော်သူနာပြုနှင့်ဆေးဘက်ပညာတက္ကသိုလ်ကျောင်းဆင်းမိန့်ခွန်းတွင် "သူနာပြုကောင်းတစ်ဦး၏ အပြောအဆို၊ အပြုအမူ၊ အနေအထိုင်များသည် လူနာအတွက် ဝေဒနာတစ်ဝက်သက်သာစေခြင်းဖြစ်၍ မိတ်ဆွေကဲ့သို့ဆက်ဆံခြင်း၊ ရိုင်းပင်းကူညီခြင်း၊ ရိုးသားခြင်း၊ စိတ်ရှည်သည်းခံနိုင်ခြင်း၊ ယဉ်ကျေးလိမ္မာခြင်း၊ ကိုယ်ချင်းစာတရားရှိခြင်း၊ အကြင်နာတရားရှိခြင်း စသည့် သူနာပြုတစ်ယောက် ကျင့်ကြံနေထိုင်ရမည့် အချက်များနှင့်အညီ လိုက်နာကျင့်ကြံသွားကြရန်လည်း လိုအပ်ကြောင်း" မိန့်ခွန်းပြောကြားခဲ့သည်။ "ကျွမ်းကျင် ကူညီ ဆေးစစ်သည်"များအဖြစ် လေ့ကျင့် မွေးထုတ် ပေးခဲ့ပြီး သင်တန်းဆင်း ဆေးဝန်ထမ်းတပ်ဖွဲ့ဝင်များကလည်း ကျရာဒေသ၊ နေရာအသီးသီးတွင် သူနာပြုစိတ်ဓာတ်အပြည့်ဖြင့် စစ်သည်တော်ကျင့်ဝတ်အပါး(၆၀)ကို လေးစားလိုက်နာလျက် သူနာပြုစုကုသမှုတာဝန်များကို ကျေပွန်စွာထမ်းဆောင်လျက်ရှိသည်။

သူနာပြုများခံယူအပ်သော အဓိဋ္ဌာန်ပြုကတိသစ္စာကိုးချက်သည် လေးနက်ကျယ်ပြန့်သည်။ အဆိုပါအချက်များထဲမှ တစ်ချက်ဖြစ်သည့် "အကျွန်ုပ်သည် ကျန်းမာရေးမြှင့်တင်ရေးလုပ်ငန်းများ၊ ရောဂါကာကွယ်ရေးလုပ်ငန်းများ၊ ရောဂါရှာဖွေရေးလုပ်ငန်း၊ သူနာပြုစုရေးလုပ်ငန်း၊ ရောဂါကုသရေးလုပ်ငန်း၊ ပြန်လည်သန်စွမ်းရေးလုပ်ငန်း၊ ဆေးပေးခြင်းလုပ်ငန်း၊ ဆေးဝါးထုတ်လုပ်ရေးလုပ်ငန်းနှင့် ဆေးဝါးဖြန့်ဖြူးရေးလုပ်ငန်းတို့တွင် လူသားတို့၏ ကျန်းမာရေး သို့မဟုတ် အသက်အန္တရာယ်ကို ထိခိုက်စေမည့် မည်သည့်အပြုအမူကိုမဆို တားဆီးကာကွယ်ပါအံ့" ဟူသော အချက်နှင့်အညီ မိမိတာဝန်ကျရာနေရာတိုင်း၌ သူနာပြုများသည် ပေးအပ်သောတာဝန်များကို အခြေခံကျသော၊ အရေးကြီးသော လူ့စွမ်းအားအရင်းအမြစ်များအဖြစ် စွမ်းစွမ်းတမံ ထမ်းဆောင်လျက်ရှိပေသည်။

"အကျွန်ုပ်သည် လူသားအားလုံး၏ ကိုယ်ကျန်းမာရေး၊ စိတ်ကျန်းမာရေးကို ကျွန်ုပ်၏အရေးကဲ့သို့ယူဆပါအံ့" ဟူသောအချက်နှင့်အညီ တပ်မတော်သူနာပြုများသည် စေတနာ၊ ဝါသနာ၊ ကရုဏာ၊ အကြင်နာ၊ အနစ်နာဟူသော နာငါးနာနှင့်အညီ တပ်မတော်သားများကိုသာမက မိသားစုဝင်များ ဘေးဒုက္ခကြုံတွေ့နေရသော ပြည်သူများ၊ ဝေးလံခေါင်ဖျားဒေသမှ တိုင်းရင်းသားပြည်သူများကိုလည်း စိတ်ဓာတ်ကောင်းသော တပ်မတော်သူနာပြုများပီပီ ပြုစုကုသမှုပေးလျက်ရှိသည်။

"အကျွန်ုပ်သည် လူနာ၏ ဝေဒနာသက်သာမှုနှင့် ကျန်းမာရေးတိုးတက်မြင့်မားလာစေရန် အခြားကျန်းမာရေးဝန်ထမ်းများနှင့်ပူးပေါင်း၍ အစွမ်းကုန်ကြိုးစားဆောင်ရွက်ပါအံ့" ဟူသော အချက်နှင့်အညီ သူနာပြုများသည် ဆရာဝန်များ၊ သန့်ရှင်းရေးဝန်ထမ်းများပါမကျန် အသင်းအဖွဲ့စိတ်ဓာတ်ဖြင့် ပူးပေါင်း၍ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို လက်ရုံးရည်နှလုံးရည်ပြည့်ဝသည့် သူနာပြုများအဖြစ် အစွမ်းကုန်ကြိုးစားဆောင်ရွက်လျက်ရှိသည်။

"အကျွန်ုပ်သည် လူနာ၏ဂုဏ်သိက္ခာနှင့် ယုံကြည်ကိုးကွယ်မှုများကို အစဉ်လေးစားပါအံ့" ဟူသော အချက်နှင့်အညီ ဆင်းရဲ၊ ချမ်းသာ၊ အယုတ်အလတ်၊ အမြတ်မရွေး၊ လူမျိုး ဘာသာမရွေး သူနာပြုကောင်းတစ်ယောက်၏ ကျင့်ဝတ်များနှင့်အညီ ပြုစုကုသမှုပေးလျက်ရှိသည်။

နယ်ချဲ့လွတ်မြောက်ရေးလှုပ်ရှားမှုနှင့် စတင်သန္ဓေတည်ခဲ့ပြီး လွတ်လပ်ရေးကြိုးပမ်းမှုနှင့်အတူပေါ်ပေါက်ခဲ့သည့် တပ်မတော်၏ ၂၀၂၅ ခုနှစ် မတ်လ ၂၇ ရက်တွင် ကျရောက်သော နှစ်(၈၀)ပြည့် တပ်မတော်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပြောကြားသောမိန့်ခွန်းတွင် "ဒို့တပ်မတော်သားတွေဟာ အများသူငါလုပ်ဆောင်နိုင်ဖို့ခက်ခဲတဲ့ နိုင်ငံတော်ကာကွယ်ရေးနဲ့ လုံခြုံရေးတာဝန်တွေကို ထမ်းဆောင်နေကြရတဲ့သူတွေဖြစ်တာကြောင့် စိတ်ဓာတ်ကြံ့ခိုင်မှုရှိဖို့ အထူးလိုအပ်တယ်။ စိတ်ဓာတ်ကြံ့ခိုင်မှုဆိုတာ အနိုင်မခံ၊ အရှုံးမပေးချင်တဲ့စိတ်ဆန္ဒကနေ ဖြစ်တည်လာတာကြောင့် ရဲဘော်တို့အနေနဲ့ "တုံးတိုက်တိုက် ကျားကိုက်ကိုက်စိတ်ဓာတ်၊ လှေခွက်ချည်းကျန် အလံမလှဲသည့်စိတ်ဓာတ်၊ တပ်မတော်၏အစဉ်အလာကို အသက်ပေးစောင့်ထိန်းလိုသည့်စိတ်ဓာတ်" စတဲ့ တပ်မတော်ရဲ့ စိတ်ဓာတ်တွေကို လေ့ကျင့်မွေးမြူထားကြရမှာဖြစ်တယ်။ ဒို့တပ်မတော် ဒီနေ့အချိန်ထိ မယိမ်းမယိုင်ရပ်တည်နိုင်ခြင်းဟာ စစ်စည်းကမ်းကောင်းမွန်မှုနဲ့ အမိန့်နာခံတတ်မှုတွေကြောင့်ဖြစ်တယ်" "ရဲဘော်တို့... ရယူခြင်း၊ ခံစားခြင်းဆိုတာ သက်ရှိသတ္တဝါတိုင်းပြုမူကြတာဖြစ်ပေမယ့် စွန့်လွှတ်ခြင်းဆိုတာကတော့ မြင့်မြတ်တဲ့ လူသားတချို့သာ ပြုမူနိုင်ကြတဲ့ အမူအကျင့်ပဲဖြစ်တယ်။ မိမိတိုင်းပြည်အတွက်၊ မိမိပြည်သူအတွက်၊ မိမိနိုင်ငံတော်ရဲ့အချုပ်အခြာအာဏာအတွက် မိမိအသက်ခန္ဓာကို ပေးလှူစွန့်စားခြင်းဆိုတာကတော့ အာဇာနည်သူရဲကောင်းစိတ်ဓာတ်ပိုင်ရှင်တွေသာပြုမူနိုင်ကြတဲ့အမူအကျင့်ပဲဖြစ်တယ်" ဟုမိန့်ခွန်းပြောကြားခဲ့သည်။

သို့ဆိုလျှင် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးဆိုသည့် ဒို့တာဝန်အရေးသုံးပါးပေါ်တွင် အခြေခံပြီး နိုင်ငံတော်နှင့် ပြည်သူလူထု၏ အကျိုးစီးပွားကိုသာ အစဉ်ရှေးရှုဖော်ဆောင်ရန် ရည်ရွယ်သည့် ထာဝရတည်မြဲသော နိုင်ငံရေး "အမျိုးသားနိုင်ငံရေး" တာဝန်ကို ဦးလည်မသုန်ထမ်းရွက်လျက်ရှိသော တပ်မတော်က မွေးဖွားသန့်စင်လိုက်သော တပ်မတော်သူနာပြုများသည် ဒို့တာဝန်အရေးသုံးပါးကို ကာကွယ်စောင့်ရှောက်မည့် အမျိုးသားတပ်မတော်အတွက် မရှိမဖြစ်လိုအပ်သောလက်ရုံးရည်နှလုံးရည်ပြည့်ဝသောသူနာပြုကောင်းများဖြစ်ရန် အစဉ်တစိုက် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း အပြည်ပြည်ဆိုင်ရာသူနာပြုများနေ့တွင် ဂုဏ်ပြုရေးသားလိုက်ရပါသည်။ ။

**မိခိုင်ဇင်ခင်လေး**

■ **ကျောဖုံးမှအဆက်**

ကောင်စီဝင်များနှင့်ဇနီးများ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့်ဇနီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများနှင့်ဇနီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူးနှင့် တာဝန်ရှိသူများ တက်ရောက်ကြည်ညိုကြသည်။

အခမ်းအနားမစတင်မီ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က အဂ္ဂါဓိပတိသာသနာ့ ဗိမာန်တော်ကြီးအတွင်းရှိ မာရဝိဇယနောင်တော်ကြီး ဗုဒ္ဓရုပ်ပွားတော်မြတ်အား မြသပိတ်ဆွမ်းတော်၊ သစ်သီး၊ ပန်းမန်၊ သောက်တော်ရေချမ်းနှင့် ဆီမီးကပ်လှူပူဇော်သည်။

ထို့နောက်အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆိုဘုရားကန်တော့ဖွင့်လှစ်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့်ဇနီး အမှူးပြုသော ဧည့်ပရိသတ်များက နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့ မင်းကျောင်းပထမပြန်စာသင်တိုက်ပဓာနနာယက၊ အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာဘဒ္ဒန္တစန္ဒိမာဘိဝံသထံမှ ကိုးပါးသီလခံယူဆောက်တည်ကြပြီး သံဃာတော်အရှင်သူမြတ်များ ရွတ်ပွားသရဇ္ဈာယ်တော်မူသော မေတ္တာသုတ် ပရိတ်တရားတော်များကို နာယူကြည်ညိုကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့်ဇနီးတို့က နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ၊ သန်လျင်မင်းကျောင်းဆရာတော်ကြီးအားလည်းကောင်း၊ ကောင်စီအတွင်းရေးမှူးနှင့်ဇနီးတို့က နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်၊ မန္တလေးမြို့၊ မစိုးရိမ်တိုက်သစ် မဟာနာယက ဆရာတော်ကြီးအားလည်းကောင်း၊ ကောင်စီအဖွဲ့ဝင်များနှင့်ဇနီးများ၊ အခမ်းအနားသို့ တက်ရောက်လာသည့် အကြီးအကဲများနှင့်ဇနီးများက ဆရာတော်ကြီးများအားလည်းကောင်း လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့အကျိုးတော်ဆောင်၊ မန္တလေးမြို့၊ မစိုးရိမ်တိုက်သစ် မဟာနာယက ဆရာတော်ကြီးထံမှ အနုမောဒနာတရားနာယူ၍ လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းလောင်းအမျှပေးဝေကြပြီး ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ အခမ်းအနားကို ရုပ်သိမ်းသည်။

အခမ်းအနားအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့်ဇနီး၊ အခမ်းအနားတက်ရောက်လာကြသူများသည် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ သန်လျင်မင်းကျောင်းဆရာတော်ကြီးအမှူးပြုသည့် ဆရာတော်၊ သံဃာတော်အရှင်သူမြတ်တို့အား နေ့ဆွမ်းဆက်ကပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)



၁၃၈၇ ခုနှစ်၊ ကဆုန်လပြည့်ဗုဒ္ဓနေ့အထိမ်းအမှတ်အဖြစ် ဆင်ယင်ကျင်းပပူဇော်သည့် မဟာမင်္ဂလာအခမ်းအနားသို့ ကြွရောက်တော်မူကြသည့် ဆရာတော်ကြီးများအား လှူဖွယ်ပစ္စည်းများနှင့် နေ့ဆွမ်းဆက်ကပ်လှူဒါန်းခြင်းမင်္ဂလာအခမ်းအနားကျင်းပစဉ်။



နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ သန်လျင်မင်းကျောင်းဆရာတော်ကြီးအမှူးပြုသည့် ဆရာတော်၊ သံဃာတော်အရှင်သူမြတ်တို့အား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ကဆုန်လပြည့်ဗုဒ္ဓနေ့ဆိုင်ရာ မဟာမင်္ဂလာအခမ်းအနားများကျင်းပရေး နာယကအဖွဲ့ဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့်ဇနီး ဒေါ်သန်းသန်းနွယ်တို့က နေ့ဆွမ်းဆက်ကပ်လှူဒါန်းစဉ်။



နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်၊ မန္တလေးမြို့၊ မစိုးရိမ်တိုက်သစ် မဟာနာယက ဆရာတော်ကြီးထံ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အတွင်းရေးမှူး ဗိုလ်ချုပ်ကြီးအောင်လင်းဒွေးနှင့်ဇနီးတို့က လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။



ဆရာတော်ထံ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဗိုလ်ချုပ်ကြီးမြထွန်းဦးနှင့်ဇနီးတို့က လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။



ဆရာတော်ထံ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဗိုလ်ချုပ်ကြီးတင်အောင်စန်းနှင့်ဇနီးတို့က လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။



ဆရာတော်ထံ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဗိုလ်ချုပ်ကြီးညိုစောနှင့်ဇနီးတို့က လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။

# ၁၃၈၇ ခုနှစ် ကဆုန်လပြည့် ဗုဒ္ဓနေ့ ဓမ္မသဘင် မင်္ဂလာအခမ်းအနားဆင်ယင်ကျင်းပ




နိုင်ငံတော်သြဝါဒါစရိယ၊ ရွှေကျင်နိကာယဥက္ကဋ္ဌ သောဋ္ဌသမရွှေကျင်သာသနာပိုင် သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်များနှင့် သီတဂူဆေးရုံတော်များ၏အဓိပတိ အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက မဟာဓမ္မကထိက ဗဟုဇနဟိတဓရ သီတဂူဆရာတော်ကြီး ဒေါက်တာဘဒ္ဒန္တညာဏိဿရထံမှ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း နှင့်ဇနီးဒေါ်သန်းသန်းနွယ် အမှူးပြုသော ဧည့်ပရိသတ်များက ကိုးပါးသီလခံယူဆောက်တည်ကြစဉ်။

**နေပြည်တော် မေ ၁၁**

၁၃၈၇ ခုနှစ်၊ ကဆုန်လပြည့်ဗုဒ္ဓနေ့ ဓမ္မသဘင် မင်္ဂလာအခမ်းအနားကို ယနေ့ ညပိုင်းတွင် ပြည်ထောင်စုနယ်မြေ၊ နေပြည်တော် မာရဝိဇယ ဗုဒ္ဓဥယျာဉ်တော်အတွင်း ရှိ အဂ္ဂါဓိပတိသာသနာ့ ဗိမာန်တော်၌ ဆင်ယင်ကျင်းပသည်။

အခမ်းအနားသို့ နိုင်ငံတော်သြဝါဒါစရိယ၊ ရွှေကျင်နိကာယဥက္ကဋ္ဌ သောဋ္ဌသမ ရွှေကျင်သာသနာပိုင် သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်များနှင့် သီတဂူဆေးရုံတော်များ၏ အဓိပတိ အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မ ဇောတိက မဟာဓမ္မကထိက ဗဟုဇနဟိတဓရ သီတဂူဆရာတော်ကြီး ဒေါက်တာဘဒ္ဒန္တညာဏိဿရ ကြွရောက် ချီးမြှင့်တော်မူပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း နှင့်ဇနီး ဒေါ်သန်းသန်းနွယ်နှင့်အတူ ကောင်စီအတွင်း ရေးမှူးနှင့်ဇနီး၊ ကောင်စီဝင်များနှင့်ဇနီးများ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ပြည်ထောင် စုဝန်ကြီးများနှင့်ဇနီးများ၊ နေပြည်တော် ကောင်စီဥက္ကဋ္ဌ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာကြီးများနှင့် ဇနီးများ၊ နေပြည်တော်တိုင်း စစ်ဌာနချုပ် တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ ဝန်ကြီးဌာန များမှ ဝတ်အသင်းအဖွဲ့များနှင့် တရားနာ ဧည့်ပရိသတ်များ နာယူကြည်ညိုကြသည်။

ဦးစွာ အခမ်းအနားကို နမော တဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့ဖွင့်လှစ်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် နှင့်ဇနီး အမှူးပြုသော ဧည့်ပရိသတ်များက သီတဂူ ဆရာတော်ဒေါက်တာဘဒ္ဒန္တညာဏိဿရထံမှ ကိုးပါးသီလ ခံယူဆောက်တည်ကြပြီး သီတဂူဆရာတော်ကြီး ဟောကြားတော်မူသည့် ကဆုန်လပြည့် ဗုဒ္ဓနေ့ဆိုင်ရာ ဓမ္မကထာဒေသနာတော်ကိုရိုသေလေးမြတ်စွာ နာယူကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် က ဓမ္မပူဇာအလှူတော်ငွေများကို ပေးအပ် လှူဒါန်းရာ သာသနာရေးနှင့် ယဉ်ကျေးမှု ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်က ကပ္ပိယကာရက အဖြစ် လက်ခံရယူပြီး သီတဂူဆရာတော်ကြီးက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယ ဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်အား ဂုဏ်ပြု မှတ်တမ်းလွှာပေးအပ်သည်။

ယင်းနောက်သာသနာရေးနှင့်ယဉ်ကျေး မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်က သီတဂူဆရာတော်ကြီး အား မော်ကွန်းတင်ဂုဏ်ပြုပူဇော်လွှာ ဆက်ကပ်လှူဒါန်းသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ဓမ္မပူဇာအလှူတော်ငွေများ ပေးအပ်လှူဒါန်းရာ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်က ကပ္ပိယကာရကအဖြစ် လက်ခံရယူစဉ်။

ထို့နောက် သီတဂူဆရာတော်ကြီးထံမှ အနုမောဒနာတရားနာယူ၍ လှူဒါန်းမှုအစုစု အတွက် ရေစက်သွန်းလောင်း အမျှပေးဝေ ကြပြီး "ဗုဒ္ဓသာသနံ စိရံ တိဋ္ဌတု" သုံးကြိမ် ရွတ်ဆိုဆုတောင်း၍အခမ်းအနားကိုရုပ်သိမ်း လိုက်ကြောင်း သတင်းရရှိသည်။ **(၁၀၀)**

# ပဲခူးတိုင်းဒေသကြီးအတွင်း စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများပိုမိုဖွံ့ဖြိုးတိုးတက်ရေး ကြည့်ရှုစစ်ဆေး

**နေပြည်တော် မေ ၁၁**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်း ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ အောင်ကြီးသည် ယမန်နေ့က ပဲခူးတိုင်း ဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းအား တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး ဧည့်ခန်းမ၌ သွားရောက်တွေ့ဆုံ၍ နိုင်ငံ့စီးပွားမြှင့်တင် ရေး ရန်ပုံငွေဖြင့် ဆောင်ရွက်သည့် နှမ်းစပါး၊ မိုးစပါးစီမံကိန်းနှင့်ဆီထွက်သီးနှံ စီမံကိန်း လုပ်ငန်းများ၊ သား/ငါး ကဏ္ဍတိုးချဲ့ မွေးမြူရေး၊ မေထုန်မဲ့သားစပ်လုပ်ငန်း များဖြင့် နို့စားနွားမွေးမြူရေးလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်လာရေးဆောင်ရွက်ရန် ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

ဆက်လက်၍ ဒိုက်ဦးမြို့နယ် ပျဉ်းမလွင် ကျေးရွာရှိ တစ်ရာသီနှစ်သီးစီမံကိန်း ဧက ၅၀၀ စံပြစိုက်ခင်းသို့သွားရောက်ပြီး တောင်သူ ဦးမြင့်အောင်၏ ရက် ၉၀ စပါး စိုက်ပျိုးထားမှုအခြေအနေကို ကြည့်ရှု အားပေးပြီး ဒုတိယဝန်ကြီးက သီးနှံများကို သီးထပ်စိုက်ပျိုးကြသဖြင့် မြေကို တစ်နှစ် ပတ်လုံး အသုံးချခြင်းဖြစ်သည့်အတွက်ကြား ကာလ သစ်စိမ်းမြေဩဇာ (Green manure) အဖြစ် ပိုက်ဆန်လျှော်စိုက်ပျိုးကြရန် လိုကြောင်း မှာကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် တောင်ငူမြို့နယ် ကေတုမတီငါးမွေးမြူရေး ကုန်ထုတ်သမဝါယမ အသင်းလီမိတက်သို့ ရောက်ရှိပြီး ငါးမြစ်ချင်း၊ ငါးမုတ်နှင့်ငါးတန် ငါးများ သားဖောက်မွေးမြူနေမှုအခြေအနေ တင်ပြချက်အပေါ် အသေးစားတစ်ပိုင် တစ်နိုင်မွေးမြူသူများနှင့် ငါးမွေးမြူရေး လုပ်ငန်းတွင် စီးပွားဖြစ်ကျယ်ကျယ်ပြန့်ပြန့် ရင်းနှီးမြှုပ်နှံသူလုပ်ငန်းရှင်များကို နည်း ပညာပေးဆောင်ရွက်ကြရန် မှာကြား သည်။

ယင်းနောက် ကံရိုးကျေးရွာရှိ မွေးမြူရေးတောင်သူ ဦးအောင်ကျော်စိုး၏ ဒေသနွား ၃၀၊ နို့စားကျွဲ ၉၀၊ နို့စားနွား ၁၀ နှင့် ဒေသနွား ၁၀ မွေးမြူထားရှိမှုကို လည်းကောင်း၊ ကျွန်းကုန်းကျေးရွာရှိ မွေးမြူရေးတောင်သူ ဒေါ်ဝင်းဝင်းသွယ် ခြံတွင် မွေးမြူထားသည့် ခေတ်မီ ဥစားကြက်အကောင်ရေ ၆၀၀၀၀ ကျော် မွေးမြူထားရှိမှုကိုလည်းကောင်း လိုက်လံကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရ သည်။

**မြဝတီ**

မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊ Mobile SIM Card၊ Mobile Payment Account၊ Bank Account များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများဆောင်ရွက်ပါက တည်ဆဲ ဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။

# ကဆုန်လပြည့်ဗုဒ္ဓနေ့အထိမ်းအမှတ် စာတမ်းဖတ်ပွဲကျင်းပ

နေပြည်တော် မေ ၁၁

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ကြီးမှူးကျင်းပသည့် ကဆုန်လပြည့်ဗုဒ္ဓနေ့အထိမ်းအမှတ် စာတမ်းဖတ်ပွဲအခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော် မာရဝိဇယဗုဒ္ဓဥယျာဉ်တော်အတွင်းရှိ အဂ္ဂါမိပတိ သာသနဒ္ဓဇမာန်တော်ကြီး၌ကျင်းပသည်။



ဦးစွာ အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆိုဘုရားကန်တော့၍ ဖွင့်လှစ်ပြီး သဘာပတိဆရာတော် နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်) ပါမောက္ခချုပ် ဒေါက်တာဘဒ္ဒန္တကုမာရနှင့် နိုင်ငံတော် ပရိယတ္တိသာသနာ့တက္ကသိုလ်(မန္တလေး)ပါမောက္ခချုပ်ဆရာတော်ဒေါက်တာဘဒ္ဒန္တကေသရတို့က အဖွင့်ဩဝါဒကထာ မိန့်ကြားချီးမြှင့်တော်မူကြသည်။

ထို့နောက် နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်)မှ အဘိဓမ္မပိဋကမဟာဌာန ပါမောက္ခ/ဌာနမှူးဆရာတော် ဒေါက်တာ ဘဒ္ဒန္တထေရိန္ဒာဘိဝံသက **“ဗျာဒိတ်ရကြောင်းရှစ်ပါးနှင့် ဗျာဒိတ်ခံဘဝတို့ တိုက်ဆိုင်လေ့လာခြင်း ”**စာတမ်းကိုလည်းကောင်း၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(မန္တလေး)မှ သုတ္တန္တပိဋကမဟာဌာန နည်းပြဆရာတော် ဘဒ္ဒန္တစန္ဒိမာက **“အနာဂတဝင်ကို ပိဋကတ်စာပေနှင့် နှိုင်းယှဉ်လေ့လာခြင်း”**စာတမ်းကိုလည်းကောင်း၊ အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ်နိုင်ငံခြားဘာသာများ သင်ကြားရေးနှင့် ဘာသာပြန်မဟာဌာန ဌာနကြီးမှူးဆရာတော် ဒေါက်တာ ဘဒ္ဒန္တပါရမီက **“ဗုဒ္ဓမြတ်စွာပွင့်တော်မူခြင်းနှင့် ကမ္မဝါဒကိုလေ့လာခြင်း ”** စာတမ်းကိုလည်းကောင်း၊ သီတဂူအပြည်ပြည်ဆိုင်ရာ ဗုဒ္ဓသာသနာတက္ကသိုလ်(စစ်ကိုင်း) မှပါမောက္ခဆရာတော် ဒေါက်တာဘဒ္ဒန္တဣန္ဒက က **“မဟာပရိနိဗ္ဗာနသုတ်ကိုအခြေခံ၍ မြတ်ဗုဒ္ဓ၏ နောက်ဆုံး ဆယ်လအတွင်း ထူးခြားဖြစ်စဉ်များ လေ့လာသုံးသပ်ခြင်း”** စာတမ်းတို့ကို ဖတ်ကြားကြပြီး စာတမ်းဖတ်ပွဲသို့ တက်ရောက်လာကြသူများက စာတမ်းများအလိုက် သိလိုသည်များကို မေးမြန်းလျှောက်ထားကြရာ စာတမ်းရှင်ဆရာတော်များက ပြန်လည်ဖြေကြားကြသည်။

ယင်းနောက် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်က သဘာပတိဆရာတော်ကြီးများနှင့် စာတမ်းရှင်ဆရာတော်များအား စာတမ်းဖတ်ပွဲအခမ်းအနား ဂုဏ်ပြုမှတ်တမ်းလွှာများနှင့် နဝကမ္မအလှူတော်ငွေများ ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် သဘာပတိအပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် ပါမောက္ခချုပ်ဆရာတော် ဒေါက်တာ ဘဒ္ဒန္တဆောကိန္ဒက စာတမ်းများနှင့်စပ်လျဉ်း၍ နိဂုံးချုပ်ဩဝါဒကထာ မိန့်ကြားချီးမြှင့်တော်မူပြီး အခမ်းအနားကို “ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု” သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ ရုပ်သိမ်းလိုက်သည်။

အခမ်းအနားသို့ စာတမ်းဖတ်ပွဲ သဘာပတိ ဆရာတော်ကြီးများဖြစ်ကြသည့် နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ်(ရန်ကုန်) ပါမောက္ခချုပ်ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဂ္ဂမဟာပဏ္ဍိတ ဒေါက်တာဘဒ္ဒန္တကုမာရ၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(မန္တလေး)ပါမောက္ခချုပ်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဒေါက်တာဘဒ္ဒန္တကေသရနှင့် အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ် ပါမောက္ခချုပ်ဆရာတော်အဂ္ဂမဟာပဏ္ဍိတ မဟာဓမ္မကထိက ဗဟုဇနဟိတဓရ ဒေါက်တာဘဒ္ဒန္တဆောကိန္ဒနှင့် စာတမ်းရှင်ဆရာတော်များကြွရောက်တော်မူကြပြီး ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် အရာထမ်း၊ အမှုထမ်းများ တက်ရောက်ကြကြောင်း သိရသည်။

မြဝတီ

# ပြည်ထောင်စုတိုင်းရင်းသားကျေးရွာသည် အများပြည်သူများ စိတ်ချမ်းသာစွာ လာရောက်အပန်းဖြေနိုင်ရန် အမြဲသန့်ရှင်းသာယာလှပပြီး စိမ်းလန်းစိုပြည်နေရန်လို



ရန်ကုန် မေ ၁၁

တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ခွန်သန့်ဇော်ထူးသည် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်တိုင်းရင်းသားရေးရာဝန်ကြီး ဦးစောဂျက်ကော့ထူး၊ ညွှန်ကြားရေးမှူးချုပ်နှင့်အတူ ယမန်နေ့ညနေပိုင်းတွင် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ရန်ကုန်တိုင်းဒေသကြီးညွှန်ကြားရေးမှူးရုံးသို့ သွားရောက်၍ ရုံးလုပ်ငန်းဆောင်ရွက်မှုများကို ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန၊ ရန်ကုန်တိုင်းဒေသကြီးညွှန်ကြားရေးမှူးရုံး၏ ရုံးလုပ်ငန်းဆောင်ရွက်နေမှုများ၊ ရုံးအဆောက်အအုံနှင့်ရုံးမြေဧရိယာအတွင်း ကားပါကင်မြေဖို့ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များမှာကြားသည်။

ယနေ့နံနက်ပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် တိုင်းရင်းသားရေးရာဝန်ကြီးနှင့်အတူ ပြည်ထောင်စုတိုင်းရင်းသားကျေးရွာအတွင်းရှိ တိုင်းရင်းသားရိုးရာ စားသောက်ဆိုင်ခန်းများ၊ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ပြည်ထောင်စုခွင့်ပြုဘဏ္ဍာရန်ပုံငွေဖြင့် တင်ဒါခေါ်ယူဆောင်ရွက်ခဲ့သည့် သောင်တူးခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးပြီးတာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြမှုများအပေါ် ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များမှာကြားသည်။

ဆက်လက်၍ ဝန်ထမ်းအိမ်ရာများ၊ အမှိုက်များ စနစ်တကျစွန့်ပစ်မှုရှိစေရေး၊ ဝန်ထမ်းအိမ်ရာရှိ သန့်စင်ခန်းများပြုပြင်ပေးနိုင်ရေးလုပ်ငန်းများနှင့် ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် ပြုပြင်ဆောင်ရွက်မည့် အပျိုဆောင်အဆောက်အအုံကို ကြည့်ရှုစစ်ဆေးပြီး အင်ဂျင်နီယာအဖွဲ့ဖွဲ့စည်း၍ အဆောက်အအုံကြံ့ခိုင်မှုရှိစေရေး အထူးကြပ်မတ်ဆောင်ရွက်သွားရန် မှာကြားသည်။

ယင်းနောက် နန်းမြင့်မျှော်စင်အား ကြည့်ရှုစစ်ဆေးကာ ပြုပြင်သင့်သည်များအား အင်ဂျင်နီယာတွက်ချက်မှုဖြင့် ဆင့်ကဲတင်ပြခွင့်ပြုချက်ရယူပြီး ပြုပြင်ဆောင်ရွက်သွားရန်နှင့် လိုအပ်သည်များမှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ဝန်ထမ်းများနှင့်တွေ့ဆုံ၍ ပြည်ထောင်စုတိုင်းရင်းသားကျေးရွာသည် တိုင်းရင်းသားများ၏အဓိကပြယုဂ်တစ်ခုပင်ဖြစ်ပြီး အများပြည်သူများ စိတ်ချမ်းသာစွာလာရောက်အပန်းဖြေနိုင်ရန်အတွက် အမြဲသန့်ရှင်းသာယာလှပပြီး စိမ်းလန်းစိုပြည်နေရန် လိုအပ်ပါကြောင်း၊ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်ပါ လုပ်ငန်းစီမံကိန်းများ အောင်မြင်စွာဆောင်ရွက်နိုင်ရန်အတွက်အားလုံး ဝိုင်းဝန်းကြိုးစားဆောင်ရွက်သွားရန် ပြောကြားသည်။

ယင်းနောက် တာဝန်ခံအရာရှိက လုပ်ငန်းဆောင်ရွက်ခဲ့မှုများ၊ ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းများကို ရှင်းလင်းတင်ပြရာပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

မြဝတီ

# မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန(ကမ္ဘာအေး)၏ လုပ်ငန်းဆောင်ရွက်မှုကိုကြည့်ရှုစစ်ဆေး

နေပြည်တော် မေ ၁၁

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ကျော်ထွန်းသည် ယနေ့နံနက် ၉ နာရီတွင် မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန အောက်မြန်မာပြည် ဌာနခွဲ (ကမ္ဘာအေး)သို့ သွားရောက်ကြည့်ရှုစစ်ဆေးရာ ဌာနခွဲ တာဝန်ခံများက ဌာနခွဲအလိုက် လုပ်ငန်းလည်ပတ်ဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

တင်ပြမှုများနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီးက မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ လုပ်ငန်းများသည် အရေးကြီးသည့် ပညာရပ်ဆိုင်ရာလုပ်ငန်းဖြစ်ကြောင်း၊ သို့ဖြစ်ပါ၍ လူ့စွမ်းအားအရင်းအမြစ် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်စေရေးဆောင်ရွက်ရန်လိုအပ်ကြောင်း၊ မိမိတို့ဌာနနှင့် မိမိတို့၏လုပ်ငန်းတာဝန်များကို ကျေပွန်စွာထမ်းဆောင်ကြရန်၊ နိုင်ငံတော်အစိုးရ၊ ဝန်ကြီးဌာနနှင့် ဦးစီးဌာနတို့၏ လမ်းညွှန်ချက်များကို တိကျစွာလိုက်နာဆောင်ရွက်သွားကြရန်၊ ဝန်ထမ်းများ ပူးပေါင်းဆောင်ရွက်ကြရန်နှင့် အနာဂတ်ဆောင်ရွက်ရမည့် လုပ်ငန်းများအား အစဉ်တစိုက် ကြိုးစားဆောင်ရွက်သွားရန် လိုအပ်ပါကြောင်း၊ လိုအပ်ချက်များရှိပါက အဆင့်ဆင့်တင်ပြသွားရန် ပြောကြားပြီး စားသောက်ဖွယ်ရာများ ပေးအပ်သည်။



ထို့နောက် ဒုတိယဝန်ကြီးသည် စိုက်ပျိုးရေးမိုးလေဝသဌာနခွဲ၏ လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေ၊ ရေဒါအဆောက်အအုံအတွင်း ရေဒါစက်ကိရိယာများလုပ်ငန်းလည်ပတ်ဆောင်ရွက်နေမှုအခြေအနေများနှင့် ကိရိယာဝင်းခြံအတွင်းရှိ တိုင်းတာရေး ကိရိယာများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားခဲ့ကြောင်း သိရသည်။

မြဝတီ


# ငလျင်ဒဏ်ကြောင့် ပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့သည့်ဒေသများ၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ အင်တိုက်အားတိုက် ဆက်လက်ဆောင်ရွက်လျက်ရှိ

နေပြည်တော် မေ ၁၁

မြန်မာနိုင်ငံတွင်လှုပ်ခတ်ခဲ့သော မန္တလေးငလျင်ကြီးကြောင့် လမ်းတံတား၊ အဆောက်အအုံများ ထိခိုက်ပျက်စီးခဲ့ရသည့်နေရာများ၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို တိုင်းစစ်ဌာနချုပ်အသီးသီးမှ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ပြည်ပနိုင်ငံများမှ ကူညီကယ်ဆယ်ရေးအဖွဲ့များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုကူညီရေးအသင်း/ အဖွဲ့များနှင့် ဒေသခံပြည်သူများပူးပေါင်း၍ အင်တိုက်အားတိုက်ကူညီဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးသက်ပုံနှင့် တာဝန်ရှိသူများသည် စစ်ကိုင်းမြို့၊ ပတ္တမြားရပ်ကွက်ရှိ စစ်ကိုင်းပညာရေးတက္ကသိုလ်အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်သော Grade-12 ပြန်လည်ဖြေဆိုမည့် စခန်းသွင်းလေ့ကျင့်သင်ကြားနေသော ဆရာ/ဆရာမများနှင့် ကျောင်းသား/ကျောင်းသူများ နေထိုင်စားသောက်ရေးနှင့်အခက်အခဲမရှိစိတ်အေးချမ်းသာစွာဖြေဆိုနိုင်ရေး ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်ကြသည်။

ဦးစွာ ဒုတိယဗိုလ်ချုပ်ကြီးသက်ပုံက အဖွင့်အမှာစကားပြောကြားကာ တာဝန်ရှိသူအသီးသီးမှ ဆွေးနွေးတင်ပြကြပြီး တင်ပြချက်များအပေါ် လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးသက်ပုံ ပါရမီရပ်ကွက်ရှိ နှစ်(၇၀၀)ပြည့်အားကစားခန်းမ၌ ငလျင်ဘေးသင့်ပြည်သူများနှင့် သေဆုံး/ဒဏ်ရာရမိသားစုဝင်များအတွက် ထောက်ပံ့ငွေများပေးအပ်နေမှုကိုကြည့်ရှုအားပေးစဉ်။



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးစိုးတင့်နိုင် ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သော ဆုတောင်းပြည့်ဘုရားရင်ပြင်တော်၌ ဂန္ဓကုဋိတိုက်ပြုပြင်နေမှုနှင့် အမိုးခုံးတိုင်များပြုပြင်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးမျိုးမိုးအောင် ငလျင်ဒဏ်ကြောင့်ပြိုကျပျက်စီးခဲ့သော အင်းဝတံတားအပျက်အစီးများဖယ်ရှားရှင်းလင်းခြင်းလုပ်ငန်းခွင်မှတာဝန်ရှိသူများအား စားသောက်ဖွယ်ရာများပေးအပ်စဉ်။



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးမျိုးသန့်နိုင် ကူမဲမြို့၌ ဘိလပ်မြေ၊ သံချောင်း၊ အထပ်သားပြားများကို စက်ရုံထုတ်အထူးဈေးနှုန်းဖြင့် ရောင်းချပေးနေမှုအခြေအနေများအား ကြည့်ရှုစစ်ဆေးစဉ်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးသက်ပုံနှင့် တာဝန်ရှိသူများသည် စစ်ကိုင်းမြို့၊ တောင်ဖီလာတောင်ရှိ ပတ္တမြားစေတီ၌ ငလျင်ဒဏ်ကြောင့်ပြိုကျပျက်စီးလျက်ရှိသော ပတ္တမြားစေတီနှင့် သာသနိကအဆောက်အအုံများကိုကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

ဆက်လက်ပြီး ဒုတိယဗိုလ်ချုပ်ကြီးသက်ပုံနှင့် တာဝန်ရှိသူများသည် ပါရမီရပ်ကွက်ရှိ နှစ်(၇၀၀)ပြည့်အားကစားခန်းမ၌ စစ်ကိုင်းမြို့ရှိ ရပ်ကွက်(၆)ရပ်ကွက်အတွက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှ ငလျင်ဘေးဒဏ်သင့်ပြည်သူများအား ဆန်ရိက္ခာဖိုး၊ အိမ်ဆောက်ပစ္စည်းဖိုး၊ သေဆုံး/ဒဏ်ရာရမိသားစုဝင်များအတွက် ထောက်ပံ့ငွေငွေကျပ်(၄၇၃၇၅၀၀၀၀) သိန်းနှင့် အာဆီယံလူသားချင်းစာနာထောက်ထားမှုကူညီရေးညှိနှိုင်းမှုဗဟိုဌာန (AHA Center)မှ မီးဖိုချောင်သုံးပစ္စည်းများ ထောက်ပံ့ပေးအပ်နေမှုများကို ကြည့်ရှုအားပေးခဲ့သည်၊ ၎င်းနောက် နှစ်(၇၀၀)ပြည့် အားကစားကွင်း ငလျင်ဒဏ်သင့်ပြည်သူများ စောင့်ရှောက်ရေးစခန်းရှိ ပြည်သူများအား ကြည့်ရှုအားပေးခဲ့ပြီး တန်ဖိုးသင့်လူနေအိမ် နမူနာပုံစံဆောက်လုပ်နေမှုကိုကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးသက်ပုံနှင့်တာဝန်ရှိသူများသည်စစ်ကိုင်းမြို့၊ ပိုးတန်းရပ်ကွက်ရှိအမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းတွင် ငလျင်ဒဏ်သင့် ပြည်သူများစောင့်ရှောက်ရေးစခန်း၌ ကျန်းမာရေးဆိုင်ရာကိစ္စရပ်များနှင့် စည်းကမ်းစနစ်တကျရှိစေရေးတို့ကို စခန်းရှိတာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

အလားတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးမျိုးမိုးအောင်သည် တာဝန်ရှိသူများလိုက်ပါလျက် ငလျင်ဒဏ်ကြောင့်ပြိုကျပျက်စီးခဲ့သော အင်းဝတံတားသို့သွားရောက်၍ ယာယီရှင်းလင်းဆောင်တည်ဆောက်နေမှု အခြေအနေများအားလည်းကောင်း၊ မြန်မာစီးပွားရေးကော်ပိုရေးရှင်း(MEC)မှ တာဝန်ယူဆောင်ရွက်နေသော ခုံးအမှတ် ၄/၅ တွင် အပျက်အစီးများဖယ်ရှားရှင်းလင်းခြင်းလုပ်ငန်းခွင်၌ တံတား၏ ဘယ်/ညာ ကားလမ်းရှိ ဖြတ်တောက်ထားရှိသောကျောက်ပြားများ၊ လက်ရန်းသံပေါင်ဖြတ်စများကို ကမ်းပါးပေါ်သို့ ဝန်ချီစက်ဖြင့် သယ်ယူရွှေ့ပြောင်းနေမှုအခြေအနေများအားလည်းကောင်း၊ ဝန်ချီစက်တင်သင်္ဘောများ လုပ်ငန်းနေရာရွှေ့ပြောင်းဆောင်ရွက်နေမှု အခြေအနေများအားလည်းကောင်း သွားရောက်ကြည့်ရှု၍ လုပ်ငန်းများဆောင်ရွက်စဉ် လုံခြုံမှုရှိစေရေးနှင့် လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းစေရေးလုပ်ငန်းစဉ်များအား ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်၊ ထို့နောက် တာဝန်ရှိသူများအား တံတားအပျက်အစီးများဖယ်ရှားရှင်းလင်းခြင်း လုပ်ငန်းပြီးစီးမှုများကို နေ့စဉ်မှတ်တမ်းတင်ထားရှိရန် ပြောကြားခဲ့ပြီး စားသောက်ဖွယ်ရာများပေးအပ်ခဲ့သည်။

၎င်းနောက် မဟာအောင်မြေမြို့နယ်၊ သံလျက်မှော်အနောက်ရပ်ကွက်၊ အကွက်အမှတ် (၄၀၂)ရှိ ရွှေဘိုကျောင်းတိုက်သို့ သွားရောက်၍ ကျောင်းထိုင်ဆရာတော် ဘဒ္ဒန္တစန္ဒောဘာသအား ဖူးမြော်ကြည်ညို၍ ဝတ္ထုငွေများဆက်ကပ်လှူဒါန်းသည်။ ယင်းနောက် အဆိုပါကျောင်းတိုက်အတွင်း ဖွင့်လှစ်ထားသော ငလျင်ဘေးသင့်ပြည်သူများယာယီကယ်ဆယ်ရေးစခန်းတွင် ငလျင်ဘေးသင့်ပြည်သူအိမ်ထောင်စု (၈၉) စုစာအတွက် ဆန်၊ ဆီ၊ ကုလားပဲ စသည့် ထောက်ပံ့ပစ္စည်းများအား ပေးအပ်လှူဒါန်းရာ ငလျင်ဒဏ်သင့်ပြည်သူများက လက်ခံရယူသည်။

ထို့နောက် ငလျင်ဘေးသင့်ပြည်သူများအတွက် သောက်သုံးရေရရှိအောင်ဆောင်ရွက်ထားရှိမှု အခြေအနေများအားလည်းကောင်း၊ ကျန်းမာရေးစောင့်ရှောက်မှုများဆောင်ရွက်ပေးနိုင်ရေး စီစဉ်ဆောင်ရွက်ထားရှိမှုများအားလည်းကောင်း သွားရောက်ကြည့်ရှုစစ်ဆေး၍ တာဝန်ရှိသူများအား ကူးစက်ရောဂါများ မဖြစ်ပွားစေရေး၊ မီးဘေးအန္တရာယ်ကင်းရှင်းစေရေး စီစဉ်ဆောင်ရွက်ထားရှိရန်မှာကြားပြီး ငလျင်ဘေးသင့်ပြည်သူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက် အားပေးစကားပြောကြားခဲ့သည်။

၎င်းနောက် အောင်မြေသာစံမြို့နယ်၊ ဥပုသ်တော်ရပ်ကွက်ရှိ ပန်းစုံကျောင်းတိုက်အတွင်း ဖွင့်လှစ်ထားသော ငလျင်ဘေးသင့်ပြည်သူများ ယာယီကယ်ဆယ်ရေးစခန်းသို့ သွားရောက်၍ ငလျင်ဘေးသင့်ပြည်သူများနှင့်တွေ့ဆုံကာ အားပေးစကားပြောကြားသည်။ ယင်းနောက် ငလျင်ဘေးသင့်ပြည်သူအိမ်ထောင်စု (၁၇၅) စုစာအတွက် ဆန်၊ ဆီ၊ ကုလားပဲ စသည့်ထောက်ပံ့ပစ္စည်းများအား ပေးအပ်လှူဒါန်းရာ ငလျင်ဒဏ်သင့်ပြည်သူများက လက်ခံရယူခဲ့ကြသည်။

ထို့နောက် တာဝန်ရှိသူများအား အချိန်အခါမဟုတ်မိုးများရွာသွန်းနေခြင်းကြောင့် ဖျားနာရောဂါများ၊ ဝမ်းရောဂါကဲ့သို့သော ကူးစက်ရောဂါများ မဖြစ်ပွားစေရေး၊ အမှိုက်များအားစွန့်ပစ်ကန်ဖြင့် စနစ်တကျစွန့်ပစ်နိုင်စေရေး၊ ယာယီနေထိုင်သူများကို စနစ်တကျ မှတ်တမ်းပြုစုထားရှိစေရေးတို့အား မှာကြားခဲ့ပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့အတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးစိုးတင့်နိုင်သည် တာဝန်ရှိသူများနှင့်အတူ မန္တလေးမြို့၊ အမရပူရမြို့နယ်ရှိ ရွှေကြက်ကျဆုတောင်းပြည့်မြတ်စွာဘုရားသို့ သွားရောက်၍ ဌာပနာပစ္စည်းများကို သမိုင်းဝင်အောင်မြေရွှေကြက်ကျဆုတောင်းပြည့် ရုပ်ပွားတော်မြတ်ကြီး၏ ဌာပနာတိုက်အတွင်းသို့ သွင်းလှူပူဇော်ခဲ့ပြီး အလှူငွေများ ပေးအပ်လှူဒါန်းသည်။

စာမျက်နှာ ၉ သို့ ⇨

# ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ မော်စကိုမြို့၊ ရင်ပြင်နီ၌ ကျင်းပပြုလုပ်ခဲ့သည့် ၁၉၄၁-၁၉၄၅ မဟာမျိုးချစ်စစ်ပွဲကြီးအောင်ပွဲ နှစ်(၈၀)ပြည့်အထိမ်းအမှတ် စစ်ရေးပြအခမ်းအနား၌ ပါဝင်ချီတက်ခဲ့သည့် ဗိုလ်မှူးချုပ်မျိုးဆက်အောင် ဦးဆောင်သော မြန်မာ့တပ်မတော်ကိုယ်စားပြုစစ်ရေးပြအဖွဲ့အား ကြိုဆိုနှုတ်ဆက်

နေပြည်တော်  မေ ၁၁

ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ မော်စကိုမြို့၊ ရင်ပြင်နီ၌ ၂၀၂၅ခုနှစ်၊ မေလ ၉ ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့သည့် ၁၉၄၁-၁၉၄၅ မဟာမျိုးချစ်စစ်ပွဲကြီးအောင်ပွဲ နှစ်(၈၀) ပြည့်အထိမ်းအမှတ် စစ်ရေးပြအခမ်းအနား၌ ပါဝင်ချီတက်ခဲ့သည့် ဗိုလ်မှူးချုပ်မျိုးဆက်အောင် ဦးဆောင်သော မြန်မာ့တပ်မတော်ကိုယ်စားပြု စစ်ရေးပြအဖွဲ့သည်ယနေ့နံနက်ပိုင်းတွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ မော်စကိုမြို့မှ မြန်မာနိုင်ငံသို့ပြန်လည်ရောက်ရှိကြသည်။

ထိုသို့ ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ မော်စကိုမြို့၊ ရင်ပြင်နီ၌ ၂၀၂၅ခုနှစ်၊ မေလ ၉ ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့သည့် ၁၉၄၁-၁၉၄၅ မဟာမျိုးချစ်စစ်ပွဲကြီးအောင်ပွဲ နှစ်(၈၀)ပြည့် အထိမ်းအမှတ် စစ်ရေးပြအခမ်းအနား၌ ပါဝင်ချီတက်ခဲ့ကြသော ဗိုလ်မှူးချုပ်မျိုးဆက်အောင် ဦးဆောင်သော မြန်မာ့တပ်မတော်ကိုယ်စားပြုစစ်ရေးပြအဖွဲ့အား အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်ကိုထိုက်နှင့် တာဝန်ရှိသူများက မန္တလေးမြို့၊ တံတားဦးလေဆိပ်သို့ သွားရောက်ကြိုဆိုနှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။ (၁၀၀)



၁၉၄၁-၁၉၄၅ မဟာမျိုးချစ်စစ်ပွဲကြီးအောင်ပွဲ နှစ်(၈၀)ပြည့်အထိမ်းအမှတ်စစ်ရေးပြအခမ်းအနား၌ ပါဝင်ချီတက်ခဲ့သည့် ဗိုလ်မှူးချုပ်မျိုးဆက်အောင် ဦးဆောင်သော မြန်မာ့တပ်မတော်ကိုယ်စားပြု စစ်ရေးပြအဖွဲ့အား အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်ကိုထိုက်နှင့် တာဝန်ရှိသူများက တံတားဦးလေဆိပ်၌ ကြိုဆိုနှုတ်ဆက်စဉ်။

# ဝင့်ကြွေးကျေ ဆုတောင်းပြည့်စေတီတော်မြတ်ကြီး ရွှေထီးတော်တင်လှူပွဲနှင့် ဗုဒ္ဓါဘိသေကအနေကဇာတင်လှူပွဲပြုလုပ်



ရှမ်းပြည်နယ်(တောင်ပိုင်း)၊ တောင်ကြီးမြို့၊ ချမ်းမြသာစည်ရပ်ကွက်၊ စတုဘုမ္မိက ကျောင်းတိုက်အတွင်းရှိ ဝင့်ကြွေးကျေဆုတောင်းပြည့်စေတီတော်မြတ်ကြီးရွှေထီးတော်တင်လှူပွဲကျင်းပစဉ်။

နေပြည်တော်  မေ ၁၁

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ တောင်ကြီးမြို့၊ ချမ်းမြသာစည်ရပ်ကွက်၊ စတုဘုမ္မိက ကျောင်းတိုက်အတွင်းရှိ သေလာပဗ္ဗဒ ဆင်ဖြူတော်တောင်ထွတ်တည်ထားကိုးကွယ်လျက်ရှိသော ဝင့်ကြွေးကျေဆုတောင်းပြည့် စေတီတော်မြတ်ကြီး ရွှေထီးတော်တင်လှူပွဲကို ယနေ့နံနက်ပိုင်းတွင် ပြုလုပ်ရာ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဇော်မင်းလတ်နှင့် တာဝန်ရှိသူများ၊ စေတနာရှင်အလှူရှင်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များနှင့် ဒေသခံပြည်သူများတက်ရောက်ကြသည်။

ဦးစွာ စေတနာရှင်အလှူရှင်များက စေတီတော်အထွတ်တွင် တင်လှူပူဇော်မည့် ရတနာစိန်ဖူးတော်၊ ငှက်မြတ်နားတော်နှင့် ရွှေထီးတော်ဘုံအဆင့်ဆင့်အား ပင့်ဆောင်၍ စေတီတော်ကြီးအား လက်ယာရစ်လှည့်လည်ပူဇော်ကြသည်။ ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက မင်္ဂလာပန်းရထားဖြင့် ရတနာစိန်ဖူးတော်၊ ငှက်မြတ်နားတော်နှင့် ရွှေထီးတော်ဘုံအဆင့်ဆင့်အား စေတီတော်အထွတ်သို့ အစီအစဉ်အတိုင်း ပို့ဆောင်တင်လှူပူဇော်ကာ ရတနာရွှေမိုး၊ ငွေမိုးများ ရွာသွန်းပေးကြသည်။

ယင်းနောက် ကြွရောက်လာကြသော ဆရာတော်၊ သံဃာတော်များက စေတီတော်ကြီးအတွင်း ဗုဒ္ဓါဘိသေက အနေကဇာတင်လှူကြသည်။ ၎င်းနောက် ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် စေတနာရှင်အလှူရှင်များက ဆရာတော်၊ သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)

| မြို့ | အနိမ့်ဆုံး / အမြင့်ဆုံးအပူချိန် |
|---|---|
| နေပြည်တော် | ၂၈°c / ၃၈°c |
| ရန်ကုန် | ၂၆°c / ၃၇°c |
| မန္တလေး | ၂၆°c / ၃၉°c |

**လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ**

**အဖိုးတန်ရေချိုကို ချွေတာကြပါစို့**

# မိုးတိမ်တောင်ဖြစ်ပေါ်နေမှုအခြေအနေ

နေပြည်တော်  မေ ၁၁

နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် မိုးတိမ်တောင်များဖြစ်ထွန်းလျက်ရှိပြီး အဆိုပါ မိုးတိမ်တောင်များ ရွေ့လျားရာနေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်းစသည့်မိုးလေဝသဖြစ်စဉ်များဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။

(မိုး/ဇလ)

⇨ စာမျက်နှာ ၈ မှအဆက်

၎င်းနောက် လျှော်ဒဏ်ကြောင့်ပြိုကျပျက်စီးခဲ့သော သာသနိကအဆောက်အအုံများကို ရေးမူမပျက်ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများအား လိုက်လံကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ထို့နောက် မန္တလေးမြို့၊ မန္တလေးတောင်တော်သို့ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သောမွန်းတည့်သိမ်ဘုရား ပြုပြင်နေမှုအခြေအနေများအားလည်းကောင်း၊ စန္ဒာမုခိဘုရား ပြုပြင်နေမှုအခြေအနေများအားလည်းကောင်း၊ ဆုတောင်းပြည့်ဘုရားရင်ပြင်တော်ရှိ ဂန္ဓကုဋိတိုက်ပြုပြင်နေမှု၊ အမိုးခုံးတိုင်များပြုပြင်နေမှု၊ ခတ်လှေကား၊ စက်လှေကားများ ပြန်လည်ပြုပြင်တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် လုပ်ငန်းပြီးစီးမှု အခြေအနေများအားလည်းကောင်း လိုက်လံကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

အလားတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးမျိုးသန့်နိုင်သည် ကျောက်ဆည်မြို့နယ်၊ မြန်မာသံတော်မြတ်ကုမ္ပဏီလီမိတက်၊ အုတ်စက်ရုံတွင် ကျောက်မီးသွေးမှုန့်တို့ဖြင့် ရောစပ်ထုတ်လုပ်ထားသော အရည်အသွေးကောင်းမွန်သော အဆင့်မြင့်အုတ်များ ထုတ်လုပ်နေမှု၊ စက်ရုံလည်ပတ်နေမှုအခြေအနေများအား တာဝန်ရှိသူများမှ လိုက်လံရှင်းလင်းပြသခဲ့ပြီး စက်ရုံအတွင်းရှိ ကျောက်မီးသွေးမှုန့်ကုန်ကြမ်းများမှတစ်ဆင့် အရည်အသွေးမြင့်အုတ်များ ထွက်ရှိလာမှုအခြေအနေများအား ကြည့်ရှုစစ်ဆေးသည်၊ ထို့နောက် လျှော်ဘေးဒဏ်သင့်ဒေသများသို့ စက်ရုံမှထွက်ရှိသော အုတ်များအား ဦးစားပေးစနစ်ဖြင့် ရောင်းချပေးနိုင်ရေး၊ အရည်အသွေးမကျဆင်းစေရေးနှင့် အုတ်များ တိုးမြှင့်ထုတ်လုပ်နိုင်ရေးတို့အား မှာကြားခဲ့ပြီး တာဝန်ရှိသူများမှ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် ကျောက်ဆည်ခရိုင်၊ ဖျောက်ဆိပ်ပင်ကျေးရွာအုပ်စုရှိသုခိစ်ကုမ္ပဏီ ကျောက်မီးသွေးတွင်း၌ ကျောက်မီးသွေးများ စုပုံထားရှိမှုအခြေအနေများနှင့် ဘိလပ်မြေစက်ရုံများသို့ ကျောက်မီးသွေးကုန်ကြမ်းများ ပေးသွင်းနေမှုအခြေအနေများအား သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ပြီး ဘိလပ်မြေစက်ရုံများ လည်ပတ်နိုင်ရေးအတွက် လိုအပ်သော ကျောက်မီးသွေးကုန်ကြမ်းများအား စက်ရုံများသို့ပေးသွင်းရာတွင် အရည်အသွေး ပြည့်မီစွာပေးသွင်းနိုင်ရေး၊ ဘိလပ်မြေစက်ရုံများ လည်ပတ်ရန်အတွက် လိုအပ်ချက်များအတိုင်း အလျင်မီစွာပေးသွင်းနိုင်အောင်ဆောင်ရွက်ရန်၊ ပတ်ဝန်းကျင်ထိခိုက်မှုမရှိစေရန်နှင့် မီးဘေးလုံခြုံမှုစနစ်တကျရှိစေရန်မှာကြားခဲ့ပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

၎င်းနောက် ကူမဲမြို့နယ်အတွင်းရှိလျှော်ဘေးဒဏ်ကြောင့် ပျက်စီးသွားသော ပြည်သူများ၏အဆောက်အအုံများ ပြန်လည်ပြုပြင်တည်ဆောက်နိုင်ရန်အတွက် လိုအပ်လျက်ရှိသော ဘိလပ်မြေ၊ သံချောင်းနှင့် အထပ်သားပြားများအား စက်ရုံထုတ်အထူးဈေးနှုန်းဖြင့် အမှန်တကယ်လိုအပ်လျက်ရှိသော လျှော်ဘေးဒဏ်သင့်ပြည်သူများ၏လက်ဝယ်သို့ စနစ်တကျတိုက်ရိုက်ရောင်းချပေးနေမှုအခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ပြီး မြို့မိမြို့ဖများနှင့် ဒေသခံပြည်သူများအား အဆောက်အအုံများ ပြန်လည်တည်ဆောက်ရာတွင် နားလည်တတ်ကျွမ်းသူများနှင့် ပေါင်းစပ်ညှိနှိုင်း၍ လျှော်ဒဏ်အင်အားရစ်(ခ်)တာစကေးအဆင့် (၈)အထိခံနိုင်သည့်အဆောက်အအုံများ တည်ဆောက်သွားရန် လိုအပ်ကြောင်း မှာကြားခဲ့ပြီး မြို့မိမြို့ဖများနှင့် ဒေသခံပြည်သူများ၏တင်ပြချက်များအပေါ် တာဝန်ရှိသူများနှင့် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် မြစ်သားမြို့နယ်၊ ပေါက်မြိုင်ကျေးရွာအုပ်စုရှိ Mandalay Rising Star ကုမ္ပဏီလီမိတက်၊ MRS အုတ်စက်ရုံသို့ သွားရောက်၍ အုတ်များထုတ်လုပ်နေမှုအခြေအနေများအား ကြည့်ရှုစစ်ဆေးသည်။ ၎င်းနောက် လျှော်ဘေးဒဏ်သင့်ဒေသများသို့ စက်ရုံမှ ထွက်ရှိသောအုတ်များအား ဦးစားပေးစနစ်ဖြင့်ရောင်းချပေးနိုင်ရေး၊ အရည်အသွေးကောင်းမွန်စေရေးနှင့် အုတ်များတိုးမြှင့်ထုတ်လုပ်နိုင်ရေးတို့အားမှာကြားခဲ့ပြီး တာဝန်ရှိသူများမှ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက် ပေးခဲ့ကြောင်း သတင်းရရှိသည်။ (၁၀၀)

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ်ဇော်မင်းထွန်း၏ မီဒီယာများအားဖြေကြားချက်



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ်ဇော်မင်းထွန်း မီဒီယာများ၏ မေးမြန်းမှုများကိုဖြေကြားစဉ်။

နေပြည်တော်  မေ ၁၁

ဒီရုရှားနိုင်ငံရဲ့ နှစ်(၈၀)ပြည့် မျိုးချစ်စစ်ပွဲကြီးက ရုရှားနိုင်ငံမှာပဲကျင်းပတာပေ့ါ။ အမှန်ကတော့ ဒီမျိုးချစ်စစ်ပွဲကြီးဆိုတာ ရုရှားနိုင်ငံတစ်နိုင်ငံတည်းအတွက် သက်ဆိုင်တာမဟုတ်ပါဘူး။ အရင်တုန်းက ကမ္ဘာမှာ ဖက်ဆစ်စနစ်၊ နာဇီစနစ်ဆိုတဲ့ အစွန်းရောက်မှုတွေရှိခဲ့တယ်၊ ဒီဖက်ဆစ်စနစ်၊ နာဇီစနစ်ကို ဆန့်ကျင်တိုက်ခိုက်တဲ့ကိစ္စပဲ။ ဖက်ဆစ်စနစ်၊ နာဇီစနစ်ကိုဆန့်ကျင်တိုက်ခိုက်တဲ့ကိစ္စဆိုတာက ကျွန်တော်တို့မြန်မာနိုင်ငံမှာလည်း ခင်ဗျားတို့ ကျွန်တော်တို့သိတဲ့အတိုင်းပဲ၊ ဖက်ဆစ်စနစ်ရဲ့ဆိုးကျိုးတွေကျွန်တော်တို့ခံစားခဲ့ရပါတယ်။ မြန်မာပြည်သူတစ်ရပ်လုံးလည်း နှိပ်စက်ခံခဲ့ရပါတယ်။ ဒီလိုပဲ အိမ်နီးချင်းနိုင်ငံတွေဖြစ်တဲ့ နိုင်ငံတွေမှာလည်း ဖက်ဆစ်စနစ်ရဲ့ဆိုးကျိုးတွေ ခံခဲ့ရတယ်။ ဥပမာ- ဖက်ဆစ်စနစ်ရဲ့ဆိုးကျိုးကိုသိချင်ရင် မြန်မာနိုင်ငံမှာဆိုဘောဆိုတဲ့ဝတ္ထုစာအုပ်ရှိတယ်။ ဖတ်ကြည့်ပါ။ ဒါဖြစ်ရပ်မှန်တွေကို ရေးသားထားတာ၊ ဖြစ်ရပ်မှန်တွေနဲ့ သမိုင်းကြောင်းကြီးကို အခြေခံပြီးရေးသားထားတာပါ။ ဒီလိုပဲ ကျွန်တော်တို့ အိမ်နီးနားချင်း တရုတ်နိုင်ငံမှာဆိုလည်း နမ့်နင်းလူသတ်မှုတို့ဘာတို့ ရှိခဲ့တယ်။ ဒီလိုပဲ အရှေ့ဥရောပထဲပါတဲ့ ရုရှားဟာဆိုလည်း အရှေ့ဥရောပမှာ ဒီနာဇီစနစ်ကို အဓိကထားပြီးတော့ တိုက်ခိုက်ခဲ့တဲ့နိုင်ငံပေ့ါ။ သူ့ရဲ့လူဦးရေ ၂၆ သန်းလောက် အသက်ပေးသွားရတာ ရှိတယ်။ ၂၆ သန်းဆိုတဲ့လူဦးရေဟာ ခုခေတ်လူဦးရေနဲ့ ချိန်ဆကြည့်မယ်ဆိုရင်တောင် အတော်များတဲ့လူဦးရေဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ သူတို့က အောင်ပွဲလုပ်ကြတာဖြစ်တယ်။ ဒါကယခင်က အတိတ်သမိုင်းကြောင်းဖြစ်ပါတယ်။ အခုခေတ်သမိုင်းကြောင်းကို ကြည့်မယ်ဆိုလျှင် ကျွန်တော်တို့ ခဏခဏပြောနေတဲ့ ခေတ်သစ်ကိုလိုနီဝါဒရှိမယ်။ ခေတ်သစ်မှာ စီးပွားရေးလက်ဝါးကြီးအုပ်မှုတွေရှိတယ်။ ခေတ်သစ်မှာ နိုင်ငံကြီးတွေကနိုင်ငံငယ်တွေအပေါ်မှာ လွှမ်းမိုးလိုတဲ့ဆန္ဒတွေ အမြဲရှိပါတယ်။ ဒါတွေကိုတော့ ကျွန်တော်တို့ကပူးပေါင်းပြီးတော့ တိုက်ဖျက်သွားရမယ်။ ပူးပေါင်းပြီးတော့ ဆန့်ကျင်သွားရမှာဖြစ်တယ်လို့ပြောချင်တယ်။

ဒီနေရာမှာ မြန်မာ့တပ်မတော်အနေနဲ့လည်း ဒီနှစ် (၈၀)ပြည့်အခမ်းအနားမှာ ဒါကျွန်တော်တို့ ပထမဦးဆုံးအကြိမ်အနေနဲ့ ပါဝင်ပြီးတော့ ဆောင်ရွက်ခဲ့တယ်၊ စစ်ရေးပြလျှောက်ခဲ့တယ်၊ ဂုဏ်ပြုချီတက်ခဲ့တယ်၊ ဒီအတွက်လည်း မြန်မာ့တပ်မတော်သည် နံပါတ်တစ် နိုင်ငံတကာတပ်မတော်တွေနဲ့ အညီ မြန်မာ့တပ်မတော်သည် ရင်ပေါင်တန်းနိုင်တဲ့ တပ်မတော်တစ်ရပ်ဖြစ်တယ်။ နံပါတ်နှစ် မြန်မာ့တပ်မတော်သည် နိုင်ငံတကာတပ်မတော်တွေနဲ့အတူ အဆင့်မီဆောင်ရွက်နိုင်တဲ့ တပ်မတော်ရှိတယ်ဆိုတာ ထင်ထင်ရှားရှားပြသတာဖြစ်ပါတယ်။ ကျွန်တော်တို့နိုင်ငံမှာ ယခင်ကတည်းကပြောခဲ့တယ်။ တပ်မတော်အင်အားရှိမှ တိုင်းပြည်အင်အားရှိမယ်ဆိုတဲ့စကားကို ပြောခဲ့တယ်။ ဒါကို တချို့သော တပ်မတော်မေးမှိန်အောင်လုပ်ချင်တဲ့သူတွေက ဆန့်ကျင်ဘက်စကားတွေပြောကြတာပေ့ါဗျာ။ သို့သော် ခုခေတ်မှာကြည့်လိုက်ပါ။ မိမိရဲ့တိုင်းပြည်ရဲ့ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး၊ မိမိတိုင်းပြည်ရဲ့ ဂုဏ်ကျက်သရေရှိရေးပေ့ါနော်။ ဒီအတွက် ကာကွယ်ရေးအင်အား တောင့်တင်းဖို့လိုတယ်။ တပ်မတော်အင်အားတောင့်တင်းဖို့လိုတယ်။ မိမိရဲ့အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲဖို့ဆိုရင် ရှိသေခန့်ညားလောက်တဲ့ ကာကွယ်ရေးအင်အားစုရှိဖို့လိုပါတယ်။ ဒါတွေကိုကျွန်တော်တို့ တစ်နိုင်ငံလုံး တစ်နိုင်ငံသားလုံးကသိရှိဖို့၊ သဘောပေါက်ဖို့၊ ဂုဏ်ယူဖို့လိုတယ်။ ဒါတွေကို ကျွန်တော်တို့ဖော်ဆောင်ဖို့လိုတယ်။ ဖော်ဆောင်နိုင်အောင်လည်း အခွင့်ရေးရခဲ့တယ်လို့ ကျွန်တော့်အနေနဲ့ပြောချင်ပါတယ်။

တရုတ်နိုင်ငံသမ္မတကြီးနဲ့ တွေ့ဆုံတဲ့အခါမှာပေ့ါ။ မြန်မာနိုင်ငံအတွက် အချက်သုံးချက်ပဲပြောလိုတယ်၊ နံပါတ်တစ်အချက်ကတော့ မြန်မာ့ရဲ့အချုပ်အခြာအာဏာ၊ ဖွံ့ဖြိုးတိုးတက်မှု ဒါတွေကို တရုတ်နိုင်ငံအနေနဲ့ အိမ်နီးချင်းကောင်းပီသစွာ မြန်မာနိုင်ငံဘက်က ရပ်တည်ထောက်ခံလျက်ရှိတယ်၊ နံပါတ်နှစ်အနေနဲ့က ပြည်တွင်းငြိမ်းချမ်းရေးနဲ့ပတ်သက်ပြီးတော့ မြန်မာနိုင်ငံရဲ့ပြည်တွင်းငြိမ်းချမ်းရေးပေ့ါ၊ တရုတ်သည် သူများ၏ပြည်တွင်းရေးမှာ ဝင်ရောက်မစွက်ဖက်ရေးမူဝါဒကို လက်ခံကျင့်သုံးလျက်ရှိတယ်။ ဒ့ါအပြင် ကျွန်တော်တို့နှစ်နိုင်ငံလုံးက ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး မူကြီး(၅)ရပ်ကို လက်ခံကျင့်သုံးလျက်ရှိတယ်။ မြန်မာနိုင်ငံ၏ ပြည်တွင်းငြိမ်းချမ်းရေးနဲ့ပတ်သက်ပြီး သူ့ရဲ့အိမ်နီးချင်းနိုင်ငံတစ်ခုဖြစ်တယ်။သူ့ရဲ့အနောက်ဘက် ထွက်ပေါက်တစ်ခုဖြစ်တဲ့အတွက် မြန်မာနိုင်ငံရဲ့ပြည်တွင်းငြိမ်းချမ်းရေးနဲ့ ပတ်သက်ပြီး တရုတ်နိုင်ငံအနေနဲ့ ကောင်းတဲ့ဘက်က ရှုမြင်ပြီးတော့၊ ကောင်းတဲ့ဘက်ကမျှော်မှန်းပြီး မြန်မာနိုင်ငံပြည်တွင်းငြိမ်းချမ်းရေးကို ဆောင်ရွက်ပေးလျက်ရှိတယ်။ ဒါတွေကိုလည်း ဆက်လက် ဆောင်ရွက်ပေးသွားမယ်ဆိုတာမျိုးရခဲ့တယ်။ နံပါတ်သုံးအချက်ကတော့ ကျွန်တော်တို့ရွေးကောက်ပွဲပေ့ါ။ ရွေးကောက်ပွဲနဲ့ပတ်သက်ပြီးတော့ မြန်မာနိုင်ငံရဲ့ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကို နိုင်ငံတော်ဝန်ကြီးချုပ်ပြောခဲ့ပြီးသား။ ဒီနှစ်နှစ်ကုန်ပိုင်းမှာကျင်းပပေးမှာဖြစ်တယ်။ တရုတ်နိုင်ငံအနေနဲ့ ရွေးကောက်ပွဲနဲ့ပတ်သက်ပြီး ကြိုတင်ပြင်ဆင်မှုတွေ ဆောင်ရွက်သွားမယ့်ဟာတွေနဲ့ပတ်သက်ပြီးတော့ ထောက်ခံအားပေးတာကိုတွေ့ရတယ်။ ကျွန်တော့်အနေနဲ့သတင်းကောင်းပါးလိုတာကတော့ မြန်မာပြည်သူလူထု ယခင်ကတည်းကလိုလားတောင့်တခဲ့တဲ့ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ၊ ပါတီစုံဒီမိုကရေစီစနစ်ဆိုတာသည် ယခင်ကတည်းကတိုင် တပ်မတော်ရဲ့ဖော်ဆောင်မှုနဲ့ ကျွန်တော်တို့ရရှိခဲ့တယ်။ မဲလိမ်မဲခိုးမှုတွေကြောင့်တပ်မတော်အနေနဲ့နိုင်ငံတော်တာဝန်ကိုရယူခဲ့တယ်။ ခုချိန်မှာတော့ မြန်မာပြည်သူလူထုလိုလားတဲ့ ပါတီစုံဒီမိုကရေစီစနစ်ကို ကျွန်တော်တို့အနေနဲ့ ဆက်လက်ဖော်ဆောင်သွားမှာဖြစ်ကြောင်း သတင်းကောင်းပါးလိုပါတယ်။

အဓိကပထမဦးဆုံးအပိုင်းပြောချင်တာကတော့ နိုင်ငံရေးပါတီတွေရဲ့အပိုင်းပေ့ါ။ နိုင်ငံရေးပါတီတွေရဲ့အပိုင်းမှာ ကြိုတင်ပြင်ဆင်မှုတွေလုပ်ဆောင်ရမှာရှိတယ်။ ပြီးရင်ပြည်သူလူထုကိုအသိပေးပညာပေးရမှာရှိတယ်။ ဒါတွေကိုလည်း ဆက်လက်လုပ်ဆောင်သွားဖို့ ကျွန်တော့်အနေနဲ့ နံပါတ်တစ်ပြောလိုတယ်။

နံပါတ်နှစ်ကတော့ ကျွန်တော်တို့ ပြည်သူလူထုရဲ့အပိုင်းပါ။ ပြည်သူလူထုရဲ့ အပိုင်းမှာ ကျွန်တော်တို့သည် ပါတီစုံဒီမိုကရေစီရွေးကောက်ပွဲ၊ ပါတီစုံဒီမိုကရေစီစနစ်ကို အလိုရှိတယ်လို့ ပြောပြီးပြီ။ ပါတီစုံဒီမိုကရေစီစနစ်ကို အလိုရှိရင် ငြိမ်းချမ်းစွာတရားမျှတရေး ရွေးကောက်ပွဲကျင်းပနိုင်ဖို့က အခြေခံလိုအပ်ချက်ဖြစ်တယ်။ ဒီရွေးကောက်ပွဲကို ငြိမ်းချမ်းစွာကျင်းပနိုင်ဖို့အတွက်ပြည်သူတစ်ရပ်လုံးက ဝိုင်းဝန်းကူညီပံ့ပိုးပေးကြပါ။ ဒီမိုကရေစီရဲ့ ဆန့်ကျင်ဘက်ဖြစ်တဲ့ အကြမ်းဖက်ဝါဒကို ပြတ်ပြတ်သားသား ဆန့်ကျင်ကြပါလို့ ကျွန်တော့်အနေနဲ့ပြောချင်ပါတယ်။

ရုရှားနဲ့ မြန်မာရဲ့ဆက်ဆံရေးကကြာပါပြီ။ ခိုင်မြဲတဲ့ဆက်ဆံရေးဖြစ်တယ်။ ပထမဦးဆုံးဆက်ဆံရေးကတော့တပ်မတော်အချင်းချင်းဆက်ဆံရေးကနေစခဲ့တာပေ့ါ။ ယခင်တပ်မတော်အစိုးရလက်ထက် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့၊ နိုင်ငံတော်အေးချမ်းသာယာရေးနဲ့ဖွံ့ဖြိုးရေးကောင်စီလက်ထက်ကတည်းကနေ စခဲ့တာဖြစ်ပါတယ်။ အခုအချိန်မှာတော့ ရုရှားနဲ့မြန်မာရဲ့ဆက်ဆံရေးဟာ တပ်မတော်နယ်ပယ်တင်မကဘဲနဲ့ ကဏ္ဍပေါင်းစုံမှာပါ ဖွံ့ဖြိုးတိုးတက်လာပြီဖြစ်တယ်။ ဆက်လက်ပြီးလည်း ဖွံ့ဖြိုးတိုးတက်လာမှာဖြစ်ပါတယ်။ဒီအတွက်လည်း ရုရှားကိုရောက်တဲ့အခါမှာ ကျွန်တော်တို့ မြန်မာတွေရောက်တဲ့အခါမှာပေ့ါနော်။ ဒီအစိုးရတွေ ကျွန်တော်တို့အစိုးရအချင်းချင်းတို့၊ တပ်မတော်အချင်းချင်းတော့ ကျွန်တော်မပြောသေးဘူး။ ပြည်သူအချင်းချင်း၊ ပြည်သူအချင်းချင်းဆက်ဆံရေးပေ့ါ။ ရုရှားပြည်သူတွေရဲ့ မြန်မာပြည်သူလူထုအပေါ်မှာအမြင်၊ မြန်မာပြည်သူတွေရဲ့ရုရှားပြည်သူလူထုအပေါ်မှာအမြင်ဟာ တိုးတက်ခိုင်မာနေတယ်လို့ မြင်ပါတယ်။ ဒီအတွက်လည်း ကျွန်တော်တို့ လိုလိုလားလားရှိတယ်လို့ မြင်ပါတယ်။ ဒီအတွက်လည်း ကျွန်တော်ဂုဏ်ယူပါတယ်။ ဒီနိုင်ငံတော်ဝန်ကြီးချုပ်ရဲ့ခရီးစဉ်မှာ နှစ်(၈၀)ပြည့် ရုရှားရဲ့ မဟာမျိုးချစ်အောင်ပွဲ၊ အဲ့ဒီမှာ ကျွန်တော်တို့ နိုင်ငံခေါင်းဆောင်တွေ တော်တော်များများတက်ကြတယ်။ နိုင်ငံခေါင်းဆောင်တွေ တော်တော်များများ တက်ကြတဲ့အခါမှာ မြန်မာနိုင်ငံ၊ နိုင်ငံတော်ဝန်ကြီးချုပ်ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အနေနဲ့ ခေါင်းဆောင်တွေနဲ့တွေ့ဆုံခဲ့တယ်။ စကားပြောခဲ့တယ်။ မြန်မာနိုင်ငံရဲ့အခြေအနေကို ပိုမိုနားလည်သဘောပေါက်အောင် စွမ်းဆောင်နိုင်ခဲ့တယ်။ မြန်မာနိုင်ငံရဲ့ဖြစ်ရပ်မှန်တွေနဲ့ ပတ်သက်ပြီးပြောပြနိုင်ခဲ့တယ်။ ရှင်းရှင်းပြောရရင်တော့ မြန်မာကိုကမ္ဘာက နိုင်ငံတကာက ပိုမိုနားလည်နိုင်အောင် စွမ်းဆောင်နိုင်ခဲ့တယ်လို့ ကျွန်တော့်အနေနဲ့ ပြောချင်ပါတယ်။ **မြဝတီ**

## သံ၊ သံမဏိ၊ ဘိလပ်မြေနှင့် ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများ ပြခန်းပေါင်း ၇၄ ခုဖြင့်ရောင်းချမည်

နေပြည်တော်  မေ ၁၁

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမင်းမင်း၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်နှင့်အသင်းအဖွဲ့များမှ တာဝန်ရှိသူများသည် ယနေ့ညနေပိုင်းတွင် မန္တလေးလျောင်ကြီးလှုပ်ခတ်ခဲ့ပြီးနောက် ပြန်လည်ထူထောင်ရေးလုပ်ငန်းစဉ်များဆောင်ရွက်ရာတွင် လိုအပ်သည့် သံ၊ သံမဏိ၊ ဘိလပ်မြေနှင့်ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများကို အများပြည်သူများ ဈေးနှုန်းမှန်ကန်စွာနှင့် အရည်အသွေးပြည့်မီစွာ ဝယ်ယူနိုင်ရေး ရည်ရွယ်၍ နေပြည်တော် ဥပ္ပါတသန္တိစေတီတော်တပေါင်းကွင်း၌ မေလ ၁၂ ရက်မှ ၁၈ ရက်အထိကျင်းပမည့် သံ၊ သံမဏိ၊ ဘိလပ်မြေနှင့်ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများ ရောင်းချပေးမည့် ပြခန်းများကို ကြည့်ရှုစစ်ဆေးသည်။

ဒုတိယဝန်ကြီးသည် ခင်းကျင်းပြသရောင်းချမည့် သံ၊ သံမဏိ၊ ဘိလပ်မြေနှင့် ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများ အတွက် ပြခန်းဆောင်တည်ဆောက်ပြီးစီးမှု၊ ပြသရောင်းချမည့်ပစ္စည်းများ အရည်အသွေးပြည့်မီစေရေး၊ စတင်ဖွင့်လှစ်ရောင်းချမည့်နေ့တွင် အဆင်သင့်ဖြစ်စေရေးတို့ကို တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားကာ ပြခန်းဆောင်များကို ကြည့်ရှုစစ်ဆေးခဲ့သည်။

အဆိုပါဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများရောင်းချပွဲတွင် ကုမ္ပဏီ ၆၁ ခုမှ ပြခန်းပေါင်း ၇၄ ခုဖြင့်သံ၊ သံမဏိ၊ ဘိလပ်မြေနှင့်ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများကို ပြသရောင်းချပေးမည်ဖြစ်ကြောင်းနှင့် ပြည်သူများအနေဖြင့် သက်သာသောဈေးနှုန်းဖြင့် လွတ်လပ်စွာဝယ်ယူနိုင်ကြောင်း သိရသည်။

**မြဝတီ**

# ရေကြောင်းလူငယ်အခြေခံနှင့် တန်းမြင့်သင်တန်းများမှ သင်တန်းသား၊ သင်တန်းသူများ စခန်းပေါင်းစုံစွမ်းရည်ပြိုင်ပွဲများ ပြုလုပ်၊ အခြေခံလေကြောင်းလူငယ်သင်တန်းနှင့် တန်းမြင့်လေကြောင်းလူငယ်သင်တန်းများမှ သင်တန်းသား၊ သင်တန်းသူများ စခန်းသွင်းလေ့ကျင့်ရန်နှင့် ပြိုင်ပွဲများကျင်းပရန် နေပြည်တော်ကောင်စီနယ်မြေသို့ရောက်ရှိ





ရေကြောင်းလူငယ်အခြေခံနှင့် တန်းမြင့်သင်တန်းများမှ သင်တန်းသား၊ သင်တန်းသူများ စခန်းပေါင်းစုံစွမ်းရည်ပြိုင်ပွဲများတွင် ပါဝင်ယှဉ်ပြိုင်ကြစဉ်။

နေပြည်တော် မေ ၁၁

တပ်မတော်(ရေ)က ၂၀၂၅ ခုနှစ်၊ ရေကြောင်းလူငယ်အခြေခံနှင့်တန်းမြင့်သင်တန်းများကို လေ့ကျင့်သင်ကြားလျက်ရှိရာ ယနေ့နံနက်ပိုင်းတွင် ရေကြောင်းလူငယ်အခြေခံနှင့်တန်းမြင့်သင်တန်းအမှတ်စဉ် (၁/၂၀၂၅) စခန်းပေါင်းစုံမှ သင်တန်းသား၊ သင်တန်းသူများသည် ရန်ကုန်မြို့ရှိ ရေဝတီရေတပ်စခန်းဌာနချုပ်၌ စခန်းပေါင်းစုံတွေ့ဆုံပွဲ ပြုလုပ်ကြသည်။

ထို့နောက်စခန်းပေါင်းစုံမှသင်တန်းသား၊ သင်တန်းသူများ၏ စခန်းပေါင်းစုံပြိုင်ပွဲများကို ရေဝတီရေတပ်စခန်းဌာနချုပ် သီဟသူရထွန်းတင်ခန်းမ၊ စစ်ရေးပြကွင်းနှင့် အမှတ်(၄)ရေတပ်ဗေဒတံတားတို့၌ပြုလုပ်ရာ တပ်မတော်အရာရှိကြီးများ၊ သင်တန်းသား၊ သင်တန်းသူများ၊ သင်တန်းနည်းပြများနှင့် အုပ်ချုပ်သူများ တက်ရောက်ကြသည်။ ပြိုင်ပွဲတွင်ရေကြောင်းလူငယ်သင်တန်းစခန်း (၁၁)ခုမှ သင်တန်းသား၊ သင်တန်းသူများက သင်တန်းအလိုက် စစ်ရေးပြပြိုင်ပွဲများ၊ ရေတပ်သားဘာသာရပ်ဆိုင်ရာ ရေး/ဖြေစာမေးပွဲ၊ ကြိုးချည်ကြိုးထိုးလက်တွေ့ ပြိုင်ပွဲ၊ ရေတိုင်းခြင်းလက်တွေ့ပြိုင်ပွဲနှင့်ပွဲစင်တပ်ဖွဲ့တာဝန်ဖွဲ့စည်းဆောင်ရွက်မှုလက်တွေ့ပြိုင်ပွဲများကို ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်။





အခြေခံလေကြောင်းလူငယ်သင်တန်းနှင့် တန်းမြင့်လေကြောင်းလူငယ်သင်တန်းများမှ သင်တန်းသား၊ သင်တန်းသူများ တပ်မတော်လေယာဉ်ဖြင့် နေပြည်တော်ကောင်စီနယ်မြေသို့ ထွက်ခွာစဉ်။

အလားတူ အခြေခံလေကြောင်းလူငယ်သင်တန်းအမှတ်စဉ်(၁/၂၀၂၅)နှင့် တန်းမြင့်လေကြောင်းလူငယ်သင်တန်းအမှတ်စဉ် (၁/၂၀၂၅) သင်တန်းများကို ကာကွယ်ရေးဦးစီးချုပ်ရုံး(လေ)၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် သင်တန်းစခန်း ၁၅ ခုတွင် စုစုပေါင်း သင်တန်းသား ၈၀၄ ဦးအား ၂၀၂၅ ခုနှစ်၊ ဧပြီလ ၂၂ ရက်နေ့မှစတင်၍ သင်ကြားပို့ချလျက်ရှိရာ နယ်မြေဒေသအသီးသီးရှိ သင်တန်းစခန်း(၁၅)ခုမှ သင်တန်းသား၊ နည်းပြ/အုပ်ချုပ်သူများသည် လေယာဉ်/ရဟတ်ယာဉ်လိုက်ပါပျံသန်းရန်၊ ပြိုင်ပွဲများကျင်းပရန်၊ လေ့လာရေးခရီးစဉ်များဆောင်ရွက်ရန်နှင့် စုပေါင်းသင်တန်းဆင်းပွဲကျင်းပပြုလုပ်ရန်အတွက် နေပြည်တော်ကောင်စီနယ်မြေသို့ တပ်မတော်လေယာဉ်များ၊ တပ်မတော်မော်တော်ယာဉ်များဖြင့် စုံလင်စွာရောက်ရှိခဲ့ပြီး သက်ဆိုင်ရာတာဝန်ရှိသူများက လိုက်ပါပို့ဆောင်ခြင်းနှင့် ကြိုဆိုနှုတ်ဆက်ခဲ့ကြကြောင်း သတင်းရရှိသည်။

(၁၀၀)

# လျှင်ဘေးဒဏ်သင့်ဒေသများ ပြန်လည်ထူထောင်ရေး ရုပ်ရှင်၊ သဘင်၊ ဂီတရန်ပုံငွေ ပဒေသာကပွဲဖျော်ဖြေမှု ဒုတိယနေ့ ကြည့်ရှုအားပေးသူများဖြင့်စည်ကား



ရန်ကုန် မေ ၁၁

မြန်မာနိုင်ငံတွင် ကြုံတွေ့ခဲ့ရသည့် မန္တလေးငလျင်ကြောင့် ငလျင်ဘေးဒဏ်သင့်ဒေသများ ပြန်လည်ထူထောင်ရေး ရုပ်ရှင်၊ သဘင်၊ ဂီတရန်ပုံငွေပဒေသာကပွဲဖျော်ဖြေမှုဒုတိယနေ့အစီအစဉ်အဖြစ် ရန်ကုန်မြို့ အမျိုးသားကဇာတ်ရုံကြီးတွင် ဆက်လက်ဖျော်ဖြေတင်ဆက်ရာ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးများ၊ ဖိတ်ကြားထားသောဧည့်သည်တော်များ တက်ရောက်ကြပြီး ကြည့်ရှုအားပေးသူများဖြင့် စည်ကားခဲ့သည်။

မြန်မာနိုင်ငံဂီတအစည်းအရုံးမှ ယနေ့ဖျော်ဖြေတင်ဆက်မှုတွင် မြန်မာနိုင်ငံ၌ ဖြစ်ပွားခဲ့သော ငလျင်လှုပ်ခတ်မှုဖြစ်စဉ်၊ ကူညီကယ်ဆယ်ရေး၊ ထောက်ပံ့ကူညီမှုနှင့် ပြန်လည်ထူထောင်ရေးမှတ်တမ်းဗီဒီယိုကို ပြသပြီး ထိုဖြစ်စဉ်တွင်ထိခိုက်သေဆုံးခဲ့သူများအား ဝမ်းနည်းခြင်းအထိမ်းအမှတ်အဖြစ် တစ်မိနစ်ငြိမ်သက်၍ ဆုတောင်းမေတ္တာပို့သသည်။

ထို့နောက် ငလျင်ဘေးဒဏ်သင့်ဒေသများ ပြန်လည်ထူထောင်ရေးရန်ပုံငွေအဖြစ် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် စေတနာရှင် အလှူရှင်များလှူဒါန်းသော အလှူငွေများအား မြန်မာနိုင်ငံဂီတအစည်းအရုံးဥက္ကဋ္ဌ ဦးလွင်မြင့်ထံ ပေးအပ်လှူဒါန်းသည်။

ယင်းနောက်ဖျော်ဖြေရေးအစီအစဉ်တွင် Plus Three Band Immortal Band ပူးပေါင်းတင်ဆက်မှုဖြင့် ပူစူး၊ ဆိုင်စံ၊ မီးနို၊ ဘိုဘိုဟန်၊ ခင်မောင်ထူး၊ နွဲ့ယဉ်ဝင်း၊ နီနီခင်ဇော်၊ လွှမ်းပိုင်၊ စိုင်းစိုင်းခမ်းလှိုင်၊ မျိုးကျော့မြိုင်၊ မေခလာ၊ ဟဲလေး၊ အိုင်းရင်းဇင်မာမြင့်၊ ကိုင်ဇာ၊ စည်သူလွင်၊ ချမ်းမြေ့မောင်ချို၊ ဇော်ပိုင်၊ အယ်လ်ဆိုင်းဇီနှင့် ဝေလတို့က မြူးကြွသွက်လက်သော တေးသီချင်းများဖြင့် ဖျော်ဖြေတင်ဆက်ခဲ့ရာ ကြည့်ရှုအားပေးကြသည့်ပရိသတ်များက တေးသီချင်းနှင့်အတူ စီးမျောလိုက်ပါသီဆိုခြင်းဖြင့် ဂီတဖျော်ဖြေပွဲသည် အထူးစည်ကားခဲ့သည်။

မောင်မောင်ထိုက်

ဓာတ်ပုံ - ဇော်မင်းလတ်

နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအားနှောင့်ယှက်ခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။

# “ကဆုန်လပြည့်(ဗုဒ္ဓနေ့) ကဆုန်ညောင်ရေသွန်းပွဲတော်” အား တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးတို့၌ စည်ကားသိုက်မြိုက်စွာကျင်းပ



ကဆုန်လပြည့်(ဗုဒ္ဓနေ့)တွင် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၌ ဘုရားဖူးလာပြည်သူများဖြင့် စည်ကားနေမှုကိုတွေ့ရစဉ်။

နေပြည်တော် မေ ၁၁

ကဆုန်လပြည့်နေ့ဖြစ်သည့် ယနေ့သည် ဘုရားအလောင်းတော် သုမေဓာရှင်ရသေ့ဘဝတွင် ဒီပင်္ကရာမြတ်ဘုရားခြေတော်ရင်း၌ နိယတဗျာဒိတ်ပန်းဆင်မြန်းခဲ့သောနေ့ဖြစ်ခြင်း၊ သိဒ္ဓတ္ထမင်းသားအဖြစ်ဖွားမြင်သောနေ့ဖြစ်ခြင်း၊ မြတ်စွာဘုရားရှင်သည် ဗောဓိဟူသည့်သဗ္ဗညုတဉာဏ်တော်ကိုရရှိပြီး ဘုရားအဖြစ်သို့ ရောက်ရှိတော်မူသောနေ့ဖြစ်ခြင်းနှင့် မြတ်ဘုရားပရိနိဗ္ဗာန်စံဝင်တော်မူသောနေ့ဖြစ်ခြင်းတို့ကြောင့် ဗုဒ္ဓဘာသာဝင် သူတော်စင်တို့အတွက် အလွန်ပင်ထူးခြားမွန်မြတ်သည့်နေ့ထူးနေ့မြတ်ဖြစ်သည်။

မဟာဗောဓိပင်ဆိုသည်မှာ ဘုရားအလောင်းတော်သိဒ္ဓတ္ထမင်းသားဖွားမြင်တော်မူသောနေ့တွင် အတူတကွဖြစ်ထွန်းပေါ်ပေါက်ခဲ့သည့် ဖွားဖက်တော်ခုနစ်ပါးထဲတွင် တစ်ပါးအပါအဝင်ဖြစ်ပြီး သမ္မာသမ္ဗုဒ္ဓဘုရားအဖြစ်သို့ ရောက်ရှိစေရန်များစွာ အထောက်အကူပြုခဲ့သည့်အတွက် မဟာဗောဓိပင်သည် ပရိဘောဂစေတီထိုက်သော စေတီတော်တစ်ဆူလည်းဖြစ်သည်။ ကဆုန်လသည် မြေခါတ်တွင် ရေပြတ်လပ်သည့် နွေကာလဖြစ်သည့်အတွက် ဗောဓိပင်တော်များကို ကဆုန်ညောင်ရေသွန်းလောင်းခြင်းသည် မဟာဗောဓိပင်များ စိမ်းလန်းစိုပြည်၍ အခက်အလက်တို့ ဝေဆာစေခြင်း၊ သက်တမ်းရှည်စေခြင်းနှင့် သက်တော်ထင်ရှားရှိသော ဘုရားရှင်အား ပူဇော်ရာရောက်ခြင်းတို့ကြောင့်တည်ငြိမ်အေးချမ်း၍သာယာဝပြောသော နိုင်ငံအဖြစ် တည်ရှိစေရုံသာမက နိုင်ငံသူ၊ နိုင်ငံသားများအားလုံးကိုလည်း နှလုံးစိတ်ဝမ်းအေးချမ်းစေလျက် တူညီသော အကျိုးတရားများကို ဖြစ်ထွန်းစေမည်ဖြစ်သည်။

ကဆုန်ညောင်ရေသွန်းလောင်းခြင်းသည် ညောင်ပင်များကို ညိုးနွမ်းခြောက်သွေ့ခြင်းမရှိဘဲ ရှင်သန်သကဲ့သို့ ဘုရားရှင်၏သာသနာတော်သည် ရှင်သန်လျက်ရှိနေမည်သာဖြစ်ပါကြောင်းနှင့် ဗုဒ္ဓမြတ်စွာဘုရားရှင်သည် ကဆုန်လပြည့်နေ့တွင် မဟာဗောဓိပင်ကို အမှီပြု၍ သဗ္ဗညုတရွှေဉာဏ်တော်ကို ရရှိတော်မူခဲ့ခြင်းကြောင့် ဗုဒ္ဓဘာသာဝင်များက မြတ်စွာဘုရားရှင်အား ရည်မှန်းအာရုံပြု၍ ကျင်းပလေ့ရှိသည့် မြန်မာ့ရိုးရာဆယ့်နှစ်လရာသီပွဲတော်များအနက် “ ကဆုန်လပြည့်(ဗုဒ္ဓနေ့) ကဆုန်ညောင်ရေသွန်းပွဲတော် ” ကို အစဉ်အလာအရ ကျင်းပသည့်ပွဲတော်အဖြစ် သတ်မှတ်ခဲ့သည်မှာ ယနေ့တိုင်ပင်ဖြစ်သည်။

ထိုသို့ ကဆုန်ညောင်ရေသွန်းလောင်းပွဲများကို တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဘုရားပုထိုးစေတီများ၌ ထုံးတမ်းစဉ်လာများအတိုင်း ယနေ့တွင်စည်ကားသိုက်မြိုက်စွာ ကျင်းပပြုလုပ်ကြရာ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ တိုင်းစစ်ဌာနချုပ်အသီးသီးမှတိုင်းမှူးများ၊ တာဝန်ရှိသူများ၊ ဒေသခံပြည်သူများ၊ ဝတ်အသင်းအဖွဲ့များ တက်ရောက်ကြပြီး သတ်မှတ်နေရာများအလိုက် မဟာဗောဓိပင်များကို ညောင်ရေသွန်းလောင်းလှူကြ၍ အမွှေးနံ့သာရည်များပက်ဖျန်းခြင်းများကို စည်ကားသိုက်မြိုက်စွာကျင်းပပြုလုပ်ကြသည်။

ထို့ပြင် ဗုဒ္ဓဘာသာဝင်များအနေဖြင့် မြတ်စွာဘုရားရှင်အား ရည်မှန်း၍ ဥပုသ်သီလဆောက်တည်ခြင်း၊ ပဋ္ဌာန်းဒေသနာတော်နှင့်ပရိတ်တရားတော်များ ရွတ်ပွားပူဇော်ခြင်း၊ ဆွမ်းဆန်စိမ်းလောင်းလှူခြင်း၊ ဘုရား၊ စေတီ၊ ပုထိုးများ၊ ဘုန်းတော်ကြီးကျောင်းများ၌ **စာမျက်နှာ ၁၃ သို့** ❍



ကဆုန်လပြည့်(ဗုဒ္ဓနေ့)တွင် ရွှေတိဂုံစေတီတော်မြတ်ကြီး၌ ဘုရားဖူးလာပြည်သူများဖြင့် စည်ကားနေမှုကိုတွေ့ရစဉ်။



ကဆုန်လပြည့်(ဗုဒ္ဓနေ့)တွင် မန္တလေးမြို့ရှိ မဟာမုနိဘုရားကြီး၌ ဘုရားဖူးလာပြည်သူများဖြင့် စည်ကားနေမှုကိုတွေ့ရစဉ်။



ဆရာတော်၊ သံဃာတော်များအား ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်းနှင့် အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်စွာဦးတို့က နေ့ဆွမ်းဆက်ကပ်လှူဒါန်းစဉ်။



ဆရာတော်၊ သံဃာတော်များအား ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်နှင့် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဇော်မင်းလတ်တို့က နေ့ဆွမ်းဆက်ကပ်လှူဒါန်းစဉ်။



ကဆုန်လပြည့်(ဗုဒ္ဓနေ့)တွင် ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့ရှိ ရွှေဆံတော်စေတီတော်မြတ်ကြီး၌ ဘုရားဖူးလာပြည်သူများဖြင့် စည်ကားနေမှုကိုတွေ့ရစဉ်။



နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးမင်း မဟာဗောဓိညောင်ပင်အား ညောင်ရေသွန်းလောင်းပူဇော်စဉ်။



အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မျိုးမင်းထွန်း မဟာဗောဓိညောင်ပင်အား ညောင်ရေသွန်းလောင်းပူဇော်စဉ်။



အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်လင်းမောင် မဟာဗောဓိညောင်ပင်အား ညောင်ရေသွန်းလောင်းပူဇော်စဉ်။



အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်စိုးကျော်ထက် မဟာဗောဓိညောင်ပင်အား ညောင်ရေသွန်းလောင်းပူဇော်စဉ်။



မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်မှ အရာရှိ၊ စစ်သည် မိသားစုများက မဟာဗောဓိညောင်ပင်အား ညောင်ရေသွန်းလောင်းပူဇော်စဉ်။



ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်မှ အရာရှိ၊ စစ်သည် မိသားစုများက မဟာဗောဓိညောင်ပင်အား ညောင်ရေသွန်းလောင်းပူဇော်စဉ်။



အနောက်မြောက်တိုင်းစစ်ဌာနချုပ်မှ အရာရှိ၊ စစ်သည် မိသားစုများက မဟာဗောဓိညောင်ပင်အား ညောင်ရေသွန်းလောင်းပူဇော်စဉ်။



ရှမ်းပြည်နယ်(အရှေ့ပိုင်း)ကျိုင်းတုံမြို့ မဟာမြတ်မုနိဘုရားကြီး၌ ကဆုန်ညောင်ရေသွန်းလောင်းပူဇော်ပွဲကျင်းပစဉ်။


○ **စာမျက်နှာ ၁၂ မှအဆက်**


ကုသိုလ်ဒါနသီလပွားများခြင်း စသည့်သူတော်ကောင်းတရားများကို အားထုတ်ဆောင်ရွက်ကြသည့်အပြင် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ဘုရား၊ စေတီ၊ ပုထိုးများ၌လည်း အများပြည်သူများ စိတ်အေးချမ်းသာစွာဖြင့် စည်ကားသိုက်မြိုက်စွာလာရောက်ဖူးမြော်ကြည်ညိုလျက်ရှိကြောင်း သတင်းရရှိသည်။


(၁၀၀)


## မိုးကြီးမည့်သတိပေးချက်

# ယနေ့ ညနေမှ မေလ ၁၉ ရက်နေ့အတွင်း တိုင်းဒေသကြီးနှင့်ပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာနိုင်




**နေပြည်တော် မေ ၁၁**

ယနေ့ညနေ ၄ နာရီခွဲအချိန် တိုင်းထွာချက်များအရ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် လေထုမငြိမ်မသက်မှုများဖြစ်ပေါ်လာနိုင်ခြင်းကြောင့်လည်းကောင်း၊ မုတ်သုံလေဝင်ရောက်လာနိုင်ခြင်းကြောင့်လည်းကောင်း၊ အပူပြန်တက်တိမ်များ ဖြစ်ထွန်းမှု အားကောင်းခြင်းကြောင့်လည်းကောင်း ယနေ့ညနေမှ မေလ ၁၉ ရက်အတွင်း နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး၊ အချို့ဒေသများတွင်ဒေသအလိုက်နှင့့်နေရာကွက်၍ မိုးကြီးနိုင်သည်။

သို့ဖြစ်ပါ၍ မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်း၊ လျှပ်တစ်ပြက်ရေကြီးခြင်းနှင့်မြေပြိုခြင်းစသည့် သဘာဝဘေးအန္တရာယ်များဖြစ်ပေါ်နိုင်ပါသဖြင့် အဆိုပါဒေသများရှိ ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်၊ မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုရှောင်ရှားနိုင်ပါရန်နှင့် ပြည်တွင်းရေကြောင်းသွားလာရေးနှင့် လေကြောင်းပျံသန်းရေးအနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ပါရန် သတိပေးနှိုးဆော်အပ်ပါသည်။ **(မိုး/ဇလ)**

## (၁၁-၅-၂၀၂၅) ရက်နေ့ ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား( ၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ (၅,၇၁၀,၀၀၀)ကျပ်ဖြစ်**သည်။

**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး သတ်မှတ်ရေးကော်မတီ**

# လျှော်ဘေးသင့်ပြည်သူများသို့ ပြည်တွင်းပြည်ပ အလှူရှင်များက ငွေနှင့်ပစ္စည်းများထောက်ပံ့လှူဒါန်း

နေပြည်တော် မေ ၁၁

မြန်မာနိုင်ငံတွင် မတ်လ ၂၈ ရက်က လှုပ်ခတ်ခဲ့သော အင်အားအလွန်ပြင်းထန်သည့် ငလျင်ဒဏ်ကို ပြင်းထန်စွာခံစားခဲ့ရသော တိုင်းဒေသကြီး/ပြည်နယ်ခြောက်ခုတို့တွင် မေလ ၁၁ ရက်အထိ သေဆုံးသူ ၃၇၂၁ ဦး၊ ထိခိုက်ဒဏ်ရာရရှိသူ ၅၁၀၄ ဦးနှင့်ပျောက်ဆုံးသူ ၈၆ ဦး ရှိသည်။

မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နှင့် ပြည်တွင်းပြည်ပမှ ရှာဖွေကယ်ဆယ်ရေးအဖွဲ့ဝင်များသည် လိုအပ်သည့်ဒေသများသို့ အချိန်နှင့်တစ်ပြေးညီ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိပြီး အဆောက်အအုံများအတွင်း ပိတ်မိနေသူများအား ရှာဖွေကယ်ဆယ်ခဲ့ရာ ယနေ့အထိ အသက်ရှင်သူ ၆၅၃ ဦးကို ရှာဖွေကယ်ဆယ်ပေးနိုင်ခဲ့ပြီး သေဆုံးသူ ၇၉၈ ဦး အား ရှာဖွေပေးနိုင်ခဲ့သည်။

ဘေးသင့်ပြည်သူများသို့ ပြည်တွင်းစေတနာရှင်အလှူရှင်များက ငွေနှင့်အလှူပစ္စည်းများ ထောက်ပံ့လှူဒါန်းလျက်ရှိသကဲ့သို့ ပြည်ပနိုင်ငံများ၊ အဖွဲ့အစည်းများ၊ စေတနာရှင်အလှူရှင်များက ငွေနှင့်အလှူပစ္စည်းများ ထောက်ပံ့လှူဒါန်းပေးလျက်ရှိရာ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ မေလ ၁၀ ရက် ညနေ ၅ နာရီမှ မေလ ၁၁ ရက် ညနေ ၅ နာရီအတွင်း World Vision International Myanmar မှတစ်ဆင့် WFP–UNHCR က လှူဒါန်းသည့် တာပေါ်လင်စနှင့်ရေပုံးပါဝင်သည့် ကယ်ဆယ်ရေးပစ္စည်း ၇၇ ထုပ် (အလေးချိန် ၃၁ ဒသမ ၈၁၄ တန်)နှင့် မြန်မာနိုင်ငံ ကြက်ခြေနီအသင်းမှတစ်ဆင့် အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီနှင့် လခြမ်းနီအသင်းများ ဖက်ဒရေးရှင်း (IFRC)က လှူဒါန်းသည့် တာပေါ်လင်စနှင့် ရေပုံးပါဝင်သည့် ကယ်ဆယ်ရေးပစ္စည်း ၁၇ ထုပ် (အလေးချိန် ၁၀ ဒသမ ၀၈၆ တန်)တို့ရောက်ရှိခဲ့သည်။ အဆိုပါထောက်ပံ့ရေးပစ္စည်းများကိုလည်း ဘေးသင့်ပြည်သူများလက်ဝယ်အရောက် အမြန်ဆုံးခွဲဝေထောက်ပံ့လျက်ရှိကြောင်း သိရသည်။

**မြဝတီ**

# ၂၀၂၅ ခုနှစ် မေလ ဒုတိယ(၁၀)ရက်ပတ်အတွက် စိုက်ပျိုးရေးမိုးလေဝသခန့်မှန်းချက်

**နေပြည်တော် မေ ၁၁**

**ဘင်္ဂလားပင်လယ်အော်အခြေအနေ**

အနောက်တောင်မုတ်သုံလေသည် မေလ ၁၂ ရက်နေ့မှ ၁၄ ရက်အတွင်း မြန်မာနိုင်ငံတောင်ပိုင်းဒေသများသို့လည်းကောင်း၊ မေလ ၁၅ ရက်မှ ၁၈ ရက်အတွင်း မြစ်ဝကျွန်းပေါ်ဒေသများသို့လည်းကောင်း၊ မေလ ၁၉ ရက်မှ ၂၄ ရက်အတွင်း မြန်မာနိုင်ငံအလယ်ပိုင်းဒေသများသို့လည်းကောင်း အသီးသီးဝင်ရောက်နိုင်သည်။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော် တောင်ပိုင်းတို့တွင် လေဖိအားနည်းရပ်ဝန်းတစ်ကြိမ်ဖြစ်ပေါ်နိုင်ပြီး ပိုမိုအားကောင်းလာကာ မုန်တိုင်းငယ်အဖြစ်သို့ ရောက်ရှိနိုင်သည်။ ယင်းကာလအတွင်း အနောက်တောင်မုတ်သုံလေသည်အားအသင့်အတင့်မှ အားကောင်းနိုင်သည်။ ကပ္ပလီပင်လယ်ပြင်နှင့်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နိုင်သည်။

**မိုးရွာသွန်းနိုင်မှုအခြေအနေ**

နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ရွာသွန်းမြဲထက်ပိုနိုင်ပြီး၊ မန္တလေးတိုင်းဒေသကြီးနှင့်စစ်ကိုင်းတိုင်းဒေသကြီးတို့တွင် ရွာသွန်းမြဲခန့် မိုးထစ်ချုန်းရွာနိုင်သည်။

**အမြင့်ဆုံးအပူချိန်အခြေအနေ**

ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်တောင်ပိုင်းတို့တွင် ၇၂ ဒီဂရီဖာရင်ဟိုက်မှ ၈၁ ဒီဂရီ ဖာရင်ဟိုက်အတွင်း၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်းနှင့်မြောက်ပိုင်း)တို့တွင် ၈၂ ဒီဂရီ ဖာရင်ဟိုက်မှ ၉၁ ဒီဂရီဖာရင်ဟိုက်အတွင်းနှင့်နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့်မွန်ပြည်နယ်တို့တွင် ၉၂ ဒီဂရီဖာရင်ဟိုက်မှ ၁၀၂ ဒီဂရီဖာရင်ဟိုက်အတွင်း အသီးသီးရှိနိုင်သည်။

**အနိမ့်ဆုံးအပူချိန်အခြေအနေ**

ချင်းပြည်နယ်တွင် ၄၅ ဒီဂရီဖာရင်ဟိုက်ခန့်၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ရခိုင်ပြည်နယ်နှင့်ရှမ်းပြည်နယ်တို့တွင် ၆၁ ဒီဂရီဖာရင်ဟိုက်မှ ၇၁ ဒီဂရီဖာရင်ဟိုက်အတွင်းနှင့်နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ၇၂ ဒီဂရီဖာရင်ဟိုက်မှ ၈၁ ဒီဂရီဖာရင်ဟိုက်အတွင်း အသီးသီးရှိနိုင်သည်။

**လေထုစိုထိုင်းဆအခြေအနေ**

နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင်၆၅ ရာခိုင်နှုန်းမှ ၇၅ ရာခိုင်နှုန်းအတွင်းနှင့်ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ချင်းပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် ၇၆ ရာခိုင်နှုန်းမှ ၈၅ ရာခိုင်နှုန်းအတွင်း အသီးသီးရှိနိုင်သည်။

**ပင်ငွေ့ရေငွေ့ပြန်နှုန်းအခြေအနေ**

ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ၃၆ မီလီမီတာမှ ၄၇ မီလီမီတာအတွင်း၊ နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်နှင့်ကရင်ပြည်နယ်တို့တွင် ၄၈ မီလီမီတာမှ ၅၉ မီလီမီတာအတွင်း အသီးသီးရှိနိုင်သည်။

**မြေဆီလွှာအောင်းရေအခြေအနေ**

ရန်ကုန်တိုင်းဒေသကြီးတွင်(ပြည့်ဝ)အခြေအနေ၊ မကွေးတိုင်းဒေသကြီးတွင် (စိုစွတ်)အခြေအနေနှင့် နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် (ခြောက်သွေ့)အခြေအနေ အသီးသီးရှိနိုင်သည်။ **(မိုး/ဇလ)**





မာရဝိဇယဗုဒ္ဓဥယျာဉ် ပရိဝုဏ်တော်အတွင်းရှိ မဟာဗောဓိညောင်ပင်တော်အား ကဆုန်ညောင်ရေသွန်းလောင်းပူဇော်ပွဲသို့ တက်ရောက်လာကြသည့် ဝတ်အသင်းအဖွဲ့များအားတွေ့ရစဉ်။



ဝတ်အသင်းအဖွဲ့များက မာရဝိဇယဗုဒ္ဓဥယျာဉ်ပရိဝုဏ်တော်အတွင်းရှိ မဟာဗောဓိညောင်ပင်တော်အား ကဆုန်ညောင်ရေသွန်းလောင်းပူဇော်ကြစဉ်။



မာရဝိဇယဗုဒ္ဓဥယျာဉ်ပရိဝုဏ်တော်အတွင်းရှိ မဟာဗောဓိညောင်ပင်တော်အား ကဆုန်ညောင်ရေသွန်းလောင်းပူဇော်ပွဲသို့ တက်ရောက်လာကြသည့် ဝတ်အသင်းအဖွဲ့များအားတွေ့ရစဉ်။



ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီးထိန်ဝင်းနှင့်ဇနီး လောကချမ်းသာ ဆုတောင်းပြည့်အသင်းဘုရားကြီးရှိ မဟာဗောဓိညောင်ပင်တော်အား ကဆုန်ညောင်ရေသွန်းလောင်းပူဇော်စဉ်။



ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီးထွန်းအောင် လောကချမ်းသာ ဆုတောင်းပြည့်အသင်းဘုရားကြီးရှိ မဟာဗောဓိညောင်ပင်တော်အား ကဆုန်ညောင်ရေသွန်းလောင်းပူဇော်စဉ်။

☆ **စာမျက်နှာ ၁၇ မှအဆက်**

များမှာလည်း ကဆုန်လပြည့်နေ့ပင်ဖြစ်၍ ကဆုန်လပြည့်နေ့ကို **"ဗုဒ္ဓနေ့"**ဟု သတ်မှတ်ခြင်းဖြစ်ကြောင်း၊ ကဆုန်ညောင်ရေသွန်းပွဲတော်သည် ကုသိုလ်ယူဖွယ်ရာ၊ ဝမ်းသာကြည်နူးဖွယ်ရာ ဘာသာရေးဆိုင်ရာပွဲတော်တစ်ခုဖြစ်သည့်အပြင် မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်တစ်ရပ်အဖြစ်ကျင်းပပြုလုပ်သည့်ပွဲတော်ဖြစ်ကြောင်းနှင့် ကဆုန်လပြည့်နေ့မတိုင်မီတစ်ရက်အလိုတွင် ညောင်ရေသွန်းလောင်းကြမည့် ညောင်ပင်များကို အမွှေးနံ့သာရည်များပက်ဖျန်းပေးခြင်း၊ မဟာဗောဓိပင်ပလ္လင်တော်အား ကြည်ညိုစဖွယ်ဖြစ်အောင်ပြင်ဆင်ခြင်း စသည့်ကုသိုလ်ယူဖွယ်များကို ပြုလုပ်လေ့ရှိကြကြောင်း သတင်းရရှိသည်။ (၁၀၀)



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း၊ ရေ၊ လေ)မှ တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ အရာရှိ၊ အရာခံ၊ အကြပ်စစ်သည်မိသားစုများက လောကချမ်းသာ ဆုတောင်းပြည့်အသင်းဘုရားကြီးရှိ မဟာဗောဓိညောင်ပင်တော်အား ကဆုန်ညောင်ရေသွန်းလောင်းပူဇော်စဉ်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့က မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ပန်း၊ ရေချမ်းနှင့်ဆီမီးများကပ်လှူပူဇော်စဉ်။

✯ ရှေ့ဖုံးမှအဆက်

ကောင်စီအဖွဲ့ဝင်များနှင့်ဇနီးများ၊ပြည်ထောင်စု အဆင့်ပုဂ္ဂိုလ်များ၊ ပြည်ထောင်စုဝန်ကြီးများ နှင့်ဇနီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့် တပ်မတော်အရာရှိကြီးများ၊ နေပြည်တော် တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် တာဝန်ရှိသူ များ၊ ဝတ်အသင်းအဖွဲ့များ တက်ရောက်ကြ သည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်ဇနီးတို့သည် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ပန်း၊ ရေချမ်းနှင့်ဆီမီးများ ကပ်လှူပူဇော်ပြီး ဖူးမြော်ကြည်ညိုကြသည်။

ယင်းနောက် ကဆုန်ညောင်ရေသွန်း လောင်းပူဇော်ခြင်း မင်္ဂလာအခမ်းအနားကို ကျင်းပရာ “နမောတဿ” သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့ဖွင့်လှစ်ပြီး အခမ်းအနားမှူး က မဟာဗောဓိရုက္ခသိဒ္ဓနပူဇာ ဂါထာတော် ကို ရွတ်ဖတ်ပူဇော်၍ သာဓုသုံးကြိမ်ခေါ်ဆို ကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်ဇနီး၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယ ဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့်ဇနီး၊ ကောင်စီ အတွင်းရေးမှူးနှင့်ဇနီး၊ ကောင်စီတွဲဖက် အတွင်းရေးမှူးနှင့်ဇနီး၊ ကောင်စီဝင်များနှင့် ဇနီးများ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များနှင့် ဇနီးများသည် သတ်မှတ်ထားသည့်နေရာ များအလိုက်နေရာယူကြပြီး မဟာဗောဓိ ညောင်ပင်တော်အား အမွှေးနံ့သာရည်များ ပက်ဖျန်းပူဇော်ကာ ညောင်ရေသွန်းလောင်း ပူဇော်ကြသည်။ ထို့နောက် မဟာဗောဓိ ညောင်ပင်တော်ရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်များ အား ရေသပ္ပာယ်တော်မူကြပြီး မဟာဗောဓိ



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့က မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ဆီမီးထွန်းညှိပူဇော်ကြစဉ်။

ညောင်ပင်တော်အား လက်ယာရစ်လှည့်လည် ပူဇော်ကြသည်။

ယင်းနောက်ဝတ်အသင်းအဖွဲ့များအလိုက် ယောဂီများက မဟာဗောဓိညောင်ပင်တော် အား အမွှေးနံ့သာရည်များပက်ဖျန်းပူဇော် ပြီး ညောင်ရေသွန်းလောင်းပူဇော်ကြသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့်ဇနီး ဒေါ်သန်းသန်းနွယ်တို့က မာရဝိဇယဗုဒ္ဓဥယျာဉ်ပရိဝုဏ်တော်အတွင်းရှိ မဟာဗောဓိညောင်ပင်တော်အား ကဆုန်ညောင်ရေသွန်းလောင်းပူဇော်ကြစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအတွင်းရေးမှူး ဗိုလ်ချုပ်ကြီးအောင်လင်းဒွေးနှင့်ဇနီး တို့က မာရဝိဇယဗုဒ္ဓဥယျာဉ်ပရိဝုဏ်တော်အတွင်းရှိ မဟာဗောဓိညောင်ပင်တော်အား ကဆုန်ညောင်ရေသွန်းလောင်းပူဇော်ကြစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီတွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီးရဲဝင်းဦးနှင့်ဇနီး တို့က မာရဝိဇယဗုဒ္ဓဥယျာဉ်ပရိဝုဏ်တော်အတွင်းရှိ မဟာဗောဓိညောင်ပင်တော်အား ကဆုန်ညောင်ရေသွန်းလောင်းပူဇော်ကြစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့က မာရဝိဇယဗုဒ္ဓဥယျာဉ်ပရိဝုဏ်တော်အတွင်းရှိ မဟာဗောဓိညောင်ပင်တော်အား လက်ယာရစ်လှည့်လည်ပူဇော်စဉ်။

မှ တပ်မတော်အရာရှိကြီးများနှင့်ဇနီးများ၊ အရာရှိ၊ အရာခံ၊ အကြပ် စစ်သည်မိသားစုများက ကဆုန်ညောင်ရေသွန်းလောင်းပူဇော်ခဲ့ကြသည်။

အဆိုပါ ကဆုန်လပြည့်နေ့သည် ဒီပင်္ကရာမြတ်စွာဘုရားက ဂေါတမဘုရားအလောင်းတော် သုမေဓာရှင်ရသေ့အား **“ဘဒ္ဒကမ္ဘာတွင် ဘုရားအဖြစ်ကိုရလိမ့်မည်”** ဟု ဗျာဒိတ်တော်စကားမိန့်ကြားတော်မူသောနေ့၊ ဘုရားအလောင်းတော် သိဒ္ဓတ္ထမင်းသားဖွားမြင်သောနေ့၊ သဗ္ဗညုဘုရားရှင်အဖြစ်သို့ ရောက်တော်မူသောနေ့၊ ပရိနိဗ္ဗာန်စံတော်မူသောနေ့ ယင်းနေ့များသည် ကဆုန်လပြည့်နေ့များတွင်ပင်ဖြစ်သဖြင့် **“ဗျာဒိတ် ဖွားမြင် ဗောဓိပင်၊ စံဝင်နိဗ္ဗာန်နန်း”** ဟု မှတ်တမ်းပြုကြပြီး **ကဆုန်လပြည့်ဗုဒ္ဓနေ့** ဟူ၍ ဗုဒ္ဓဘာသာဝင်များက နေ့ထူးနေ့မြတ်အဖြစ် အထွတ်အမြတ်ထားကာ ကျင်းပပူဇော်လေ့ရှိကြောင်း၊ ကဆုန်လပြည့်နေ့၏ထူးခြားချက်မှာ ဂေါတမမြတ်စွာ



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့က လောကချမ်းသာဆုတောင်းပြည့်အသင်းဘုရားကြီးရှိ မဟာဗောဓိညောင်ပင်တော်အား ကဆုန်ညောင်ရေသွန်းလောင်းပူဇော်ကြစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့က မဟာဗောဓိညောင်ပင်တော်ရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်အား ရေသပ္ပာယ်တော်မူကြစဉ်။

ထို့နောက် အခမ်းအနားမှူးက အောင်ဆုမင်္ဂလာအမျှဝေစာတမ်းအား ဖတ်ကြားပြီး ကုသိုလ်အမျှပေးဝေကြကာ “ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု” သုံးကြိမ်ရွတ်ဆိုဆုတောင်းပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အလားတူ ဇေယျာသီရိမြို့နယ်၊ လောကချမ်းသာဆုတောင်းပြည့်အသင်းဘုရားကြီးရှိ မဟာဗောဓိညောင်ပင်များကိုလည်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့ အမှူးပြု၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့် ဇနီး ဒေါ်သန်းသန်းနွယ်၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီးကျော်စွာလင်း



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့် ဇနီး ဒေါ်သန်းသန်းနွယ်တို့က လောကချမ်းသာဆုတောင်းပြည့်အသင်းဘုရားကြီးရှိ မဟာဗောဓိညောင်ပင်တော်အား ကဆုန်ညောင်ရေသွန်းလောင်းပူဇော်ကြစဉ်။

နှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ)ဗိုလ်ချုပ်ကြီးထိန်ဝင်းနှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီးထွန်းအောင်နှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း၊ ရေ၊ လေ)

ဘုရားသာလျှင်မကဘဲ သဗ္ဗညုမြတ်စွာဘုရားရှင်တို့၏ဖွားမြင်တော်မူသောနေ့၊ ဘုရားဖြစ်တော်မူသောနေ့၊ ပရိနိဗ္ဗာန်ပြုသောနေ့

**စာမျက်နှာ ၁၅ သို့** ☆



ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီးကျော်စွာလင်းနှင့်ဇနီးတို့က လောကချမ်းသာဆုတောင်းပြည့်အသင်းဘုရားကြီးရှိ မဟာဗောဓိညောင်ပင်တော်အား ကဆုန်ညောင်ရေသွန်းလောင်းပူဇော်ကြစဉ်။

MYAWADY IN ENGLISH
www.myawady.net.mm DAILY EDITION E-mail:mwddailynewspapergroup@gmail.com

# SAC Chairman Prime Minister Senior General Min Aung Hlaing, his wife Daw Kyu Kyu Hla, council members and their wives join water-pouring ceremony at banyan trees on full moon of Kason

NAY PYI TAW May 11

The water-pouring ceremony at banyan trees is one of 12 seasonal festivals of Myanmar Buddhist people. On the full moon of Kason 1387 Myanmar Era, a festival of pouring water on banyan trees dedicated to sacred Bo trees in commemoration of the Buddha Day which falls on the full moon of Kason 1387 Myanmar Era was held at the Maha Bodhi banyan tree in the precinct of Maravijaya Buddha Park in Nay Pyi Taw Union Territory this afternoon. Chairman of the State Administration Council Prime Minister Senior General Min Aung Hlaing and his wife Daw Kyu Kyu Hla watered the Maha Bodhi banyan tree.

Also present at the ceremony were SAC Vice Chairman Deputy Prime Minister

See Page - 19●●



Members of religious associations go round the Maravijaya Buddha Image on the Full Moon Day of Kason in Nay Pyi Taw.



Senior General Min Aung Hlaing and his wife Daw Kyu Kyu Hla pour water on Maha Bodhi banyan trees.



Senior General Min Aung Hlaing and his wife Daw Kyu Kyu Hla water the Maha Bodhi banyan tree in Nay Pyi Taw.



Vice-Senior General Soe Win and his wife Daw Than Than Nwe offer water to a Buddha image under Maha Bodhi banyan tree in Nay Pyi Taw.



Vice-Senior General Soe Win and his wife Daw Than Than Nwe pour water on Maha Bodhi banyan trees.

●● From Page - 18

Vice-Senior General Soe Win and his wife Daw Than Than Nwe, the Council Secretary and his wife, the Joint Secretary and his wife, council members and their wives, Union-level dignitaries, Union ministers and their wives, the Nay Pyi Taw Council Chairman, senior military officers from the Office of the Commander-in-Chief, the commander of Nay Pyi Taw Command, officials and religious associations.

The Senior General and his wife offered flowers, water and oil lamps to the Maravijaya Buddha Image.

The auspicious ceremony of pouring water on banyan trees on the full moon of Kason was opened with three-time recitation of Namo Tassa. The master of ceremonies recited Maha Bodhi Rukkha Sincanapuja Gatha and the congregation called Sadhu three times.

The Senior General and his wife, the Vice-Senior General and his wife, the Council Secretary and his wife, the Joint Secretary and his wife, council members and their wives, and Union-level dignitaries and their wives sprayed scented water and poured water on the Maha Bodhi banyan tree. They all then went round the banyan tree clockwise.

Yogies from religious association members also sprayed scented water and poured water on the Maha Bodhi banyan tree. The master of ceremonies read the paper on sharing of merits gained. The congregation shared merits gained and recited Buddha Sasanam Ciram Titthatu three times to close the ceremony.

Under the patronage of the Senior General and his wife, Vice-Senior General Soe Win and his wife Daw Than Than Nwe, Chief of the General Staff (Army, Navy and Air) General Kyaw Swa Lin and his wife, Commander-in-Chief (Navy) Admiral Htein Win and his wife, Commander-in-Chief (Air) General Tun Aung and his wife, senior military officers from the Office of the Commander-in-Chief (Army, Navy and Air) and their wives, officers, warrant officers, corporals and other ranks and their families poured water on Maha Bodhi banyan trees at Lawkachantha Hsutaungpyae Pagoda military in Zeyathiri Township.



Members of religious associations take part in the auspicious ceremony of pouring water on banyan trees on the full moon of Kason in Nay Pyi Taw.

The full moon of Kason is the most significant one in Buddhism. It shows religiously prominent occurrences, stating that hermit Sumeda, the embryo Buddha, accepted a great prediction of Dipankara Buddha to become the Gotama Buddha in the Badda world. Moreover, Prince Siddhatta was born on the full moon day of Kason. The Gotama Buddha-to-be attained the Supreme Enlightenment at dawn of Kason full moon day. The Gotama Buddha attained Parinibbana on the full moon day of Kason. As such, these occurrences were recorded as the great prediction, birthing, enlightenment and Parinibbana. As such, Buddhists set the full moon day of Kason as a sacred day as the full moon day of Kason becomes the greatest occurrences not only for Lord Gotama Buddha but for all Lord Buddhas. The water-pouring festival at banyan trees on full moon of Kason is not only a joyous and spiritually uplifting religious event worthy of merit, but also a celebration held as part of Myanmar's cultural heritage. According to reports, the day before the full moon of Kason, it is customary to spray fragrant scented water on the banyan trees that will be watered during the festival, and to prepare the sacred Bodhi tree platform to appear serene and dignified—activities regarded as meritorious deeds. **100**

## State Administration Council

## Press Release

## Re-invitation to Myanmar citizensvarious regions for many reasons

1. Some student youths, State service personnel and citizens evaded to areas of EAOs and foreign countries with worries because of incitements and intimidation of NLD members, extremist followers, unlawful associations and terrorist groups such as CRPH and NUG, incitement of CDM, and the persons and organizations at home and abroad not wishing to restore the peace and stability of the State since after 1 February 2021 when the Tatmadaw assumed the State responsibility.

2. They are further worried about the dictatorship statement and speeches of unlawful association and terrorist group CRPH and NUG, and some relevant persons. As they face no security guarantee and difficulties in socio-economic life in their areas, they wish to return to their native lands.

**3. The State Administration Council will specially ease the restrictions for service personnel, intellectuals and intelligentsia, and the persons from various arenas and citizens who evaded from the country with worries, except the persons who committed murders, robbery, setting fire, mine explosions and intentional attacks on security troops, those who crowded to attack public service personnel and some people, those who destroyed government owned buildings and private owned buildings and those who deeply participated in the CDM activities with providing monetary assistance and other ways.**


4. As those who evaded from their native areas are also citizens, the State Administration Council will arrange their returns from the evaded areas to various parts of Myanmar.

5. As such, the information was released that if those who evaded to various areas, except the persons who committed any kinds of crime, wish to return to their native lands in Myanmar of their own accord due to various worries, the citizens abroad are to contact nearby ward, village, township and district administration bodies and relevant embassies, military attaché offices and consulates in accord with the easing restrictions under the law.

**Information Team**

**State Administration Council**

# Buddha Day ceremony marking Full Moon Day of Kason in 1387 ME held



Vice-Senior General Soe Win, his wife Daw Than Than Nwe and congregation receive the Nine Precepts from Sitagu Sayadaw and respectfully listened to his Dhamma sermon on the significance of the Full Moon Day of Kason (Buddha Day).

NAY PYI TAW May 11

The auspicious Buddha Day ceremony marking the Full Moon Day of Kason in the year 1387 ME was held this evening at the Agga Dhipati Sasana Beikman within the Maravijaya Buddha Park in the Union Territory of Nay Pyi Taw.

The ceremony was graced by the State Ovãdãcariya Sanghanãyaka of the Shwekyin Nikãya Chancellor of the Sitagu International Buddhist Universities and Sitagu Hospitals Abhidhaja Mahãrattha Guru Agga Mahã Saddhamma Jotika Mahãdhammakathika.

Bahujana Hitadhara Sitagu Sayadaw Dr. Bhaddanta Ñãnissara. Also in attendance were Vice Chairman of the State Administration Council Deputy Prime Minister Vice-Senior General Soe Win and his wife, Daw Than Than Nwe, the Secretary and members of the SAC, and their spouses, Union-level officials, Union Ministers and their spouses, the Chairman of the Nay Pyi Taw Council, senior military officers from the Office of the Commander-in-Chief and their spouses, the Commander of Nay Pyi Taw Command, Deputy Ministers, Wut associations from various ministries and devotees.



Sitagu Sayadaw presents an honorary certificate to Vice-Senior General Soe Win at the ceremony marking the full moon day of Kason in Nay Pyi Taw.

The ceremony began with the recitation of Namo Tassa three times and paying homage to the Buddha. Led by the Vice-Senior General and his wife, the congregation received the Nine Precepts from the Sitagu Sayadaw and respectfully listened to his Dhamma sermon on the significance of the Full Moon Day of Kason (Buddha Day).

Following this, the Vice-Senior General made a cash donation, which was received by Union Minister for Religious Affairs and Culture U Tin Oo Lwin. The Sitagu Sayadaw then presented an honorary certificate to the Vice-Senior General.

Subsequently, Union Minister U Tin Oo Lwin presented a commemorative tribute to the Sitagu Sayadaw.

The ceremony concluded with the congregation listening to a sermon from the Sayadaw, sharing the merits gained. The event ended with the recitation of Buddha Sãsanam Ciran Titthatu three times.

**100**

■■ **From Page - 21**

and wife, SAC members and their wives, union-level officials, union ministers and their wives, the chairman of Nay Pyi Taw Council, senior military officers from the Office of the Commander-in-Chief and their wives, the commander of the Nay Pyi Taw Command and officials.

Before the ceremony commenced, the Vice-Senior General offered meals in an emerald bowl, fruits, flowers, water and lights to Maravijara Naung Taw Gyi Buddha Image in the Agga Dapiti Sasana Beikman Taw Gyi.

Then, the ceremony was opened by reciting Namo Tassa three times and paying obeisance to the Buddha image and the congregation led by the Vice-Senior General and wife received the nine precepts from the chairman Sayadaw of the SSMNC before meditating on Metta Sutta recited by Sayadaws.

Afterward, the Vice-Senior General and wife and the SAC secretary and wife offered alms to the chairman Sayadaw and the secretary Sayadaw respectively. Members of the SAC and other officials and their wives offered alms to other Sayadaws.

Then, the congregation meditated on Anumodana sermons delivered by the chairman Sayadaw and shared merits gained for alms before concluding the ceremony by reciting Buddha Sasanam Ciran Titatu three times.

After the ceremony, the Vice-Senior General and wife and the congregation offered lunch meals to Sayadaws led by the chairman Sayadaw. **100**

## More than 1,000 acres of green gram reaped in Budalin Township

BUDALIN May 11

According to statistics from the Budalin Township Department of Agriculture, the harvest of green gram cultivated during the winter crop season in Budalin Township, Monywa District, Sagaing Region, has been completed across 1,571 acres.

During the winter crop season, a total of 1,571 acres of green gram were planted in Budalin Township. The harvesting process began in January of this year, and as of today, 100 percent of the cultivated acres have been harvested. The yield per acre was reported to be 16.89 baskets.

The Budalin Township Agriculture Department has provided guidance to green gram farmers on obtaining quality seeds suited to the local environment, proper cultivation techniques, pest control, systematic fertilizer application, and methods to improve yield quality. **SK**

# Vice Chairman of State Administration Council Deputy Prime Minister Vice-Senior General Soe Win, wife Daw Than Than Nwe offer alms, day meals to Sayadaws attending grand auspicious ceremony commemorating full moon of Kason Buddha Day (1387 M.E)



Vice-Senior General Soe Win and his wife Daw Than Than Nwe offer alms to a Sayadaw on the full moon day of Kason.

NAY PYI TAW May 11

An auspicious ceremony to offer alms and day meals to Sayadaws attending the grand auspicious ceremony commemorating the full moon of Kason Buddha Day (1387 M.E) was held at Agga Dipati Sasana Beikmandaygyi in the Mara Vijaya Buddha Park in Nay Pyi Taw this morning and Chairman of the Board of Patrons for Organizing Auspicious Ceremonies Commemorating the Full Moon of Kason Buddha Day of the State Administration Council Vice Chairman of the SAC Deputy Prime Minister Vice-Senior General Soe Win and wife Daw Than Than Nwe offered alms and lunch meals to Sayadaws.

The ceremony was attended by specially invited Sayadaws led by Chairman of the State Sangha Maha Nayaka Committee Presiding Nayaka of Min Kyaung Pahtamapyn Buddhist Learning Centre in Thanlyin Township in Yangon Region Agga Maha Pandita Agga Maha Saddhama Jotikadhaja Dr Bhaddanta Candima Bhivamsa and Secretary of the SSMNC Maha Nayaka of Masoeyein Taikthit in Maha Aungmyay Township in Mandalay Persiding Sayadaw of Dhamma Samidhi Monastery Agga Maha Pandita Agga Maha Saddhama Jotikadhaja Maha Dhamma Kathika Bahujana Hitadara Bhaddanta Vasettha Bhivamsa and the Vice-Senior General and wife were accompanied by the SAC secretary

See Page - 20



A senior SAC official and his wife offer alms to a Sayadaw on the full moon day of Kason.



A senior SAC official offers alms to a Sayadaw on the full moon day of Kason.



A senior SAC official and his wife offer alms to a Sayadaw on the full moon day of Kason.



A senior SAC official offers alms to a Sayadaw on the full moon day of Kason.

## Public Notice for Elimination of Violence

1. Declaring themselves to be “for the people”, the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting “CRPH”, “NUG”, and “PDF” terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

MOBILE

## Huawei က PC များအတွက် HarmonyOS PC ကို ထုတ်ဖော်ပြသ

တရုတ်နိုင်ငံရဲ့ Huawei ကုမ္ပဏီက သူတို့ရဲ့နည်းပညာထုတ်ကုန်များအတွက် အနောက်နိုင်ငံများအပေါ်မှီခိုနေရမှုကို တဖြည်းဖြည်းနဲ့လျှော့ချလာတာ အခုဆိုရင် ခရီးတစ်ခုအထိပေါက်နေပြီလို့ဆိုရမှာပါ။ အကြောင်းရင်းကတော့ ကွန်ပျူတာများအတွက် စက်လည်ပတ်မှုစနစ် (OS) ကိုဖန်တီးထုတ်လုပ်လိုက်နိုင်လို့ပါပဲ။ အဲဒီ OS ကိုHarmonyOS PC လို့အမည်ပေးထား



ပါတယ်။ ဒီစနစ်ဟာ Huawei ကုမ္ပဏီရဲ့ ပင်တိုင်စစ်စစ် OS တစ်ခုပါ။

ဒီ OS ကို Huawei ရဲ့ HarmonyOS Computer Technology and Ecosystem Communication ဆိုတဲ့ပွဲမှာ တရားဝင်ထုတ်ဖော်မိတ်ဆက်ခဲ့တာဖြစ်ပါတယ်။ အဲဒီ OS မှာအမျိုးအစားသုံးမျိုးရှိပြီး အဲဒါတွေကတော့ HarmonyOS Base၊ Har-monyOS Ecosystem နဲ့ HarmonyOS Experience တို့ပဲဖြစ်ပါတယ်။

HarmonyOS Base မှာ HarmonyOS kernel ကိုအဓိကအသုံးပြုထားတာဖြစ်ပြီး ဂရပ်ဖစ်ပိုင်းနဲ့ အသွင်အပြင်ပိုင်းမှာဆိုရင် Ark Engine ကိုအသုံးပြုထားတာဖြစ်ပါတယ်။ လုံခြုံရေးအတွက်ဆိုရင်တော့ StarShield ကိုအသုံးပြုထားတာပါ။ ဒါ့အပြင် တခြားသောလုပ်ဆောင်ချက်များစွာကိုလည်း ထည့်သွင်းပေးထားတယ်လို့ သိရပါတယ်။

HarmonyOS Ecosystem မှာဆိုရင် အထူးအပလီကေးရှင်းပေါင်း ၁၅၀ ကျော်နဲ့အတူ တစ်ကမ္ဘာလုံးမှာအသုံးပြုနေတဲ့ အပလီကေးရှင်းပေါင်း ၂၀၀၀ ကျော်နဲ့ လိုက်လျောညီထွေဖြစ်အောင် ဖန်တီးထားပါတယ်။ HarmonyOS Experience မှာဆိုရင် ပြင်ပဆက်စပ်ကိရိယာပေါင်း ၁၀၀၀ ကျော်နဲ့ချိတ်ဆက်နိုင်ဖို့ထောက်ပံ့ပေးထားပါတယ်။

Ref: GA

K.H

## Samsung Display နဲ့ပူးတွဲထုတ်လုပ်မယ့် Apple ရဲ့ခေါက်ဖုန်း

Apple က Samsung လိုမျိုးခေါက်ဖုန်းတွေမထုတ်သေးဘူးလားလို့မေးနေကြသူတွေအတွက် အခုတော့သတင်းလေးတစ်ပုဒ်ထွက်လို့လာပါပြီ။ အဲဒီသတင်းကတော့ Apple အနေနဲ့ ခေါက်ဖုန်းတွေကို ထုတ်လုပ်တော့မယ်ဆို



တဲ့သတင်းပဲဖြစ်ပါတယ်။ သို့သော်လည်း မမျှော်လင့်ထားတဲ့နောက်ထပ်သတင်းတစ်ခုက အဲဒီခေါက်ဖုန်းတွေမှာအသုံးပြုမယ့်ဖန်သားပြင်တွေအတွက် Samsung Display ကထုတ်လုပ်ပေးမှာဖြစ်တယ်ဆိုတဲ့သတင်းပါပဲ။

နောက်ထပ် သိရှိထားတဲ့သတင်းတစ်ခုကတော့ အဲဒီခေါက်ဖုန်းဖန်သားပြင်မှာဆိုရင် Samsung Galaxy Z Fold ဆိုတဲ့ စမတ်ဖုန်းမှာတောင်မှ ပါဝင်လာခြင်းမရှိတဲ့လုပ်ဆောင်ချက်တွေ ပါဝင်လာမယ်ဆိုတဲ့သတင်းဖြစ်ပါတယ်။ ဒါ့အပြင်ထိတွေ့ဖန်သားပြင်ကို သူ့ရဲ့မူလဖန်သားပြင်ထဲမှာ တစ်ပါတည်း ထည့်သွင်းမှာဖြစ်တဲ့အတွက် ဖုန်းရဲ့အထူကလည်းပါးလွှာသွားမှာဖြစ်ပါတယ်။ ဒါ့အပြင် အလေးချိန်ကလည်း လျော့သွားမှာပါ။

ဒါပေမဲ့ ဈေးနှုန်းအပိုင်းမှာတော့နည်းနည်းလေးစိုးရိမ်စရာရှိနေပါတယ်။ ဘာကြောင့်လဲဆိုရင် Apple က သူ့ရဲ့စံနှုန်းတွေအတိုင်း မလွဲမသွေထုတ်လုပ်လာမှာဖြစ်တဲ့အတွက်ကြောင့်ပါပဲ။

Ref: GA

K.H

AUTOMOBILE

## SUV လောကကို အလှည့်အပြောင်းဖြစ်လာစေမယ့် Jeep ရဲ့ လျှပ်စစ်စွမ်းအင်သုံး SUV



အမေရိကန်နိုင်ငံရဲ့ နာမည်ကျော်ကားကုမ္ပဏီတစ်ခုဖြစ်တဲ့ Jeep က SUV ကားလောကကို တစ်ခေတ်ဆန်းသစ်စေမယ့် SUV တစ်မျိုးကိုထုတ်ဖော်ပြသလိုက်ပါပြီ။ အဲဒီ SUV ကိုတော့ သမားရိုးကျဖြစ်တဲ့ အင်ဂျင်တွေအသုံးပြုသွားမှာမဟုတ်ဘဲ လျှပ်စစ်စွမ်းအင်သုံးမော်တာတွေနဲ့ မောင်းနှင်လည်ပတ်သွားမှာဖြစ်ပါတယ်။

သူ့မှာအမျိုးအစားသုံးမျိုးခွဲခြားထားပါတယ်။ ရှေ့ယက်ဘီးအမျိုးအစားနဲ့အတူ မြင်းကောင်ရေ ၂၁၃ ကောင်အားမှသည် ၃၇၅ ကောင်အားအထိရှိတဲ့ အမျိုးအစားတွေကိုခွဲထားတာဖြစ်ပါတယ်။ အဆင့်အမြင့်ဆုံးအမျိုးအစားမှာဆိုရင် နောက်ယက်အတွက် မော်တာတပ်ဆင်ထားပြီး ရှေ့ဘီးမှာကုပ်အားလုံးဝမရှိသည့်တိုင်အောင် ဆင်ခြေလျှောအမြင့် ၂၀ ရာခိုင်နှုန်းကို အသာအယာတက်နိုင်မယ်လို့ဆိုပါတယ်။ အကွာအဝေးကတော့ ကီလိုမီတာ ၆၅၀ အထိသွားနိုင်မှာပါ။ Ref: AE

K.H

## ပထမသုံးလမှာတင် ရောင်းအားမြင့်တက်လာတဲ့ Audi EV

Audi ကုမ္ပဏီရဲ့ ဒီနှစ်ပထမသုံးလပတ်အတွက်ရောင်းအားက အနည်းငယ်ကျဆင်းသွားပေမယ့် ကားအမျိုးအစားအရပြောရမယ်ဆိုရင်တော့ Audi EV ရဲ့ရောင်းအားက ပြီးခဲ့တဲ့နှစ်ကထက် ၃၀ ရာခိုင်နှုန်းမြင့်တက်လာတယ်လို့ဆိုပါတယ်။



ပထမသုံးလပတ်အတွင်း Audi က တင်ပို့ရတဲ့ မော်တော်ကားအစီးရေစုစုပေါင်း ၄၆၃၇၁ စီးရှိပါတယ်။ ဒါဟာ ယမန်နှစ်ကထက် ၃ ဒသမ ၄ ရာခိုင်နှုန်းကျဆင်းသွားတာပါ။

ဒါပေမဲ့ လျှပ်စစ်ကားတင်ပို့မှုအပိုင်းမှာဆိုရင်တော့ ၅၀ ဒသမ ၄ ရာခိုင်နှုန်းတိုးမြင့်လာပြီး အစီးရေ၂၅၁၂၉ စီးအထိမြင့်တက်လာတာကိုတွေ့ရပါတယ်။ ဒါ့အပြင် အမှာစာတွေအရဆိုရင် လျှပ်စစ်ကားတင်ပို့မှုက ၈၆ ရာခိုင်နှုန်းရှိမှာပါ။ လက်ရှိမှာတော့ Audi ကအမြတ်ငွေ ယူရို ၁၅ ဘီလီယံကျော်ရရှိထားပါတယ်။ ဒါကယမန်နှစ်ကထက်ပိုများတဲ့ပမာဏပါ။ Ref: AE

K.H

## ပုံမှန်ထက်ဈေးသက်သာတဲ့ Tesla Model Y ထွက်ပေါ်လာ



Tesla ကုမ္ပဏီက အမေရိကန်ပြည်မှာ သူတို့ရဲ့ Model Y အမျိုးအစားကိုမှ ဈေးသက်သာတဲ့အပြင် ခရီးဝေးသွားနိုင်တဲ့ မော်ဒယ်နဲ့ ထပ်မံမိတ်ဆက်လိုက်ပါပြီ။ နောက်ဘီးယက် အမျိုးအစားဖြစ်တဲ့ ဒီမော်ဒယ်အတွက် အခြေခံဈေးနှုန်းကို ဒေါ်လာ ၄၄၉၉၀ သတ်မှတ်ပေးထားပါတယ်။

အရင်တုန်းကဆိုရင် အမေရိကန်မှ Tesla ပရိသတ်များဟာ Model Y ကို ဝယ်ယူမယ်ဆိုရင် ဒေါ်လာ ၆၀၀၀၀ အထိ ပေးပြီးဝယ်ယူခဲ့ရတာပါ။ ဒါပေမဲ့ အဲဒီအမျိုးအစားမှာတော့ လေးဘီးယက်စနစ်ဖြစ်ပါတယ်။

အခုမိတ်ဆက်လိုက်တဲ့ နောက်ဘီးယက်အမျိုးအစားက တစ်ကြိမ်အားသွင်းရုံနဲ့ အကွာအဝေး ၅၇၅ ကီလိုမီတာအထိ ခရီးပေါက်မှာပါ။ လေးဘီးယက်စနစ်နဲ့ယှဉ်ရင်တော့ သူကနည်းနည်းလေးအထနေးတယ်လို့ဆိုရမှာဖြစ်ပါတယ်။ သုညကနေ တစ်နာရီ ၉၇ ကီလိုမီတာနှုန်းနဲ့ မောင်းနိုင်ဖို့ အချိန် ၅ ဒသမ ၄ စက္ကန့် ကြာတယ်လို့ဆိုပါတယ်။ Ref: AE

K.H

# ပါကစ္စတန်က အပစ်အခတ်ရပ်စဲရေးကိုချိုးဖောက်မှုကြောင့် အိန္ဒိယဘက်က သင့်လျော်သလိုတုံ့ပြန်ရဟုဆို

နယူးဒေလီ၊ စစ်ရေး

အိန္ဒိယနိုင်ငံနှင့် ပါကစ္စတန်နိုင်ငံတို့က မေလ ၁၀ ရက်တွင် အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်ရရှိပြီးနောက် မကြာမီမှာပင် ပါကစ္စတန်ဘက်က ထိုသဘောတူညီချက်ကိုချိုးဖောက်မှုကြောင့် အိန္ဒိယဘက်က သင့်လျော်သလိုတုံ့ပြန်လိုက်ရခြင်းဖြစ်သည်ဟု အိန္ဒိယနိုင်ငံခြားရေး ဝန်ကြီးဌာနကထုတ်ပြန်ထားသည်။

ထို့ပြင် ပါကစ္စတန်အနေဖြင့် အပစ်အခတ်ရပ်စဲရေးချိုးဖောက်မှုနှင့်ပတ်သက်၍သင့်လျော်သလိုကိုင်တွယ်ဖြေရှင်းရန်တောင်းဆိုကြောင်း အိန္ဒိယနိုင်ငံခြားရေး ဝန်ကြီးဌာနမှပြောရေးဆိုခွင့်ရှိသူကပြောသည်။

အဆိုပါနှစ်နိုင်ငံကြားတွင် အမေရိကန်အစိုးရကကြားဝင်ဖျန်ဖြေပေးလိုက်သည့်အတွက် အပစ်အခတ်ရပ်စဲရေးသဘောတူညီချက်ရရှိခဲ့ခြင်းဖြစ်ပြီး ထိုသဘောတူညီချက်မှာ မေလ ၁၀ ရက် ညနေ ၅ နာရီတွင် စတင်အသက်ဝင်ခြင်းဖြစ်သည်။

အိန္ဒိယကာကွယ်ရေးဝန်ကြီးဌာနက မေလ ၇ ရက်တွင် ဆင်းဒူးစစ်ဆင်ရေးကို စတင်ကြောင်းကြေညာကာ ပါကစ္စတန်နိုင်ငံအတွင်းရှိ အကြမ်းဖက်သမားများ၏ ပစ်မှတ်များကို တိုက်ခိုက်မှုများလုပ်ဆောင်သည်။ အဆိုပါတိုက်ခိုက်မှုများအတွင်း အကြမ်းဖက်သမား ၇၀ သေဆုံးကြောင်း၊ ပါကစ္စတန်၏စစ်ရေးပစ်မှတ်များအပေါ် ပစ်မှတ်ထားတိုက်ခိုက်ခြင်းမရှိကြောင်း အိန္ဒိယအစိုးရကထုတ်ပြန်ထားသည်။

သို့သော် အိန္ဒိယ၏တိုက်ခိုက်မှုများကို ပါကစ္စတန်ကလက်တုံ့ပြန်သည့်အနေဖြင့် တိုက်ခိုက်မှုများလုပ်ဆောင်လာသည့်အတွက် နှစ်နိုင်ငံကြားတင်းမာမှုမြင့်တက်လာခြင်းဖြစ်သည်။ **Ref: Sputnik**



# အစ္စတန်ဘူမြို့၌ ယူကရိန်းနှင့်တိုက်ရိုက်ဆွေးနွေးရန် ပူတင်အဆိုပြု

မော်စကို၊ ငြိမ်းချမ်းရေး

မေလ ၁၅ ရက်တွင် အစ္စတန်ဘူမြို့၌ ယူကရိန်းနှင့် တိုက်ရိုက်ဆွေးနွေးပွဲကို ပြန်လည်စတင်ရန် ရုရှားသမ္မတဗလာဒီမာ ပူတင်ကအဆိုပြုလိုက်ကြောင်းသိရသည်။ ပူတင်သည် ရုရှားနိုင်ငံသို့ချစ်ကြည်ရေး ခရီးလာရောက်ခဲ့သည့် နိုင်ငံ့ခေါင်းဆောင်များနှင့် လေးရက်ကြာဆွေးနွေးမှုများလုပ်ဆောင်ပြီးနောက်တွင် ယခုကဲ့သို့အရေးကြီးသောကြေညာချက်ကို ထုတ်ပြန်လိုက်ခြင်းဖြစ်သည်။

၂၀၂၂ ခုနှစ်တွင် ယူကရိန်းဘက်က ငြင်းဆိုမှုကြောင့် ပျက်စီးခဲ့ရသည့် နှစ်နိုင်ငံကြားတိုက်ရိုက်ဆွေးနွေးမှုများကို ကြိုတင်သတ်မှတ်ချက်များမထားရှိဘဲ ပြန်လည်စတင်သွားမည်ဖြစ်ကြောင်း၊ ယခင်ဆွေးနွေးမှုများလုပ်ဆောင်ခဲ့သည့် အစ္စတန်ဘူမြို့၌ပင်ဆွေးနွေးမှုများပြန်လည်လုပ်ဆောင်မည်ဖြစ်ကြောင်း ရုရှားသမ္မတ၏ကြေညာချက်တွင်ဖော်ပြထားသည်။

ထို့ပြင် ရုရှားဘက်ကဆွေးနွေးမှုများလုပ်ဆောင်ရန်အသင့်ရှိကြောင်း၊ ထိုသို့ဆွေးနွေးမှုများလုပ်ဆောင်ရန် စိတ်အားထက်သန်နေရခြင်းသည် ယူကရိန်းပဋိပက္ခဖြစ်ပွားရသည့်မူလဇာစ်မြစ်ကို ဖယ်ရှားရှင်းလင်းရန်ဖြစ်ကြောင်း ပူတင်ကပြောထားသည်။ **Ref: Sputnik**



# ကုန်သွယ်ရေးကိစ္စအတွက် အမေရိကန်နှင့်တရုတ်တို့ ဆက်လက်ဆွေးနွေး

ဂျီနီဗာ၊ ကုန်သွယ်ရေး

အမေရိကန်နှင့်တရုတ်တို့ကြား ကုန်သွယ်ရေးကိစ္စနှင့်ပတ်သက်၍ ဒုတိယနေ့အဖြစ် မေလ ၁၁ ရက်တွင် ဆက်လက်ဆွေးနွေးနေကြောင်းသိရသည်။ အဆိုပါနှစ်နိုင်ငံမှ အဆင့်မြင့်တာဝန်ရှိသူများက ဂျီနီဗာမြို့၌ ကုန်သွယ်ရေးဆွေးနွေးမှုများကို လုပ်ဆောင်နေခြင်းဖြစ်သည်။

ယင်းကုန်သွယ်ရေးဆွေးနွေးမှုများက အလွန်ကောင်းမွန်သောဆွေးနွေးမှုများဖြစ်ပြီး ချစ်ကြည်ရင်းနှီးမှု၊ အပြုသဘောဆောင်မှုတို့နှင့်အတူ တိုးတက်မှုများရှိလာမည်ဖြစ်ကြောင်း အမေရိကန်သမ္မတဒေါ်နယ်ထရမ့်က လူမှုကွန်ရက်တွင် ရေးထားသည်။

ထို့ပြင် ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့၌ လုပ်ဆောင်နေသောဆွေးနွေးမှုများသည် ကုန်သွယ်ရေးပြဿနာများကိုဖြေရှင်းရန် အရေးကြီးသောခြေလှမ်းများဖြစ်သည်ဟု တရုတ်နိုင်ငံပိုင် Xinhua သတင်းဌာနကဖော်ပြထားသည်။ အမေရိကန်ဘဏ္ဍာရေးဝန်ကြီး၊ ကုန်သွယ်ရေးကိုယ်စားလှယ်နှင့် တရုတ်ဒုတိယဝန်ကြီးချုပ်တို့က ဆွေးနွေးမှုများလုပ်နေခြင်းဖြစ်သည်။ **Ref: AGC**

## သတင်းတိုကဏ္ဍ

### ဘင်္ဂလားဒေ့ရှ်အစိုးရက ရှိတ်ဟာဆီနာပါတီ၏လုပ်ဆောင်ချက်များကိုတားမြစ်

ဘင်္ဂလားဒေ့ရှ်အစိုးရက ဝန်ကြီးချုပ်ဟောင်း ရှိတ်ဟာဆီနာ၏နိုင်ငံရေးပါတီဖြစ်သော အဝါမီအဖွဲ့ချုပ်၏လုပ်ဆောင်ချက်များအားလုံးကို တားမြစ်လိုက်ပြီဖြစ်ကြောင်းသိရသည်။

အဆိုပါနိုင်ငံရေးပါတီကို အကြမ်းဖက်အဖွဲ့အစည်းအဖြစ်သတ်မှတ်ပေးရန် နိုင်ငံအတွင်းရှိ နိုင်ငံရေးပါတီများကဆန္ဒပြတောင်းဆိုပြီးနောက် ဘင်္ဂလားဒေ့ရှ်ကြားဖြတ်အစိုးရက ထိုပါတီကိုအကြမ်းဖက်အဖွဲ့အဖြစ်သတ်မှတ်ကာ ၎င်းတို့၏လုပ်ဆောင်မှုများအားလုံးကို တားမြစ်လိုက်ကြောင်း မေလ ၁၀ ရက်နှောင်းပိုင်းတွင် ထုတ်ပြန်ထားသည်။

အဝါမီအဖွဲ့ချုပ်၏လုပ်ဆောင်ချက်များနှင့်ပတ်သက်၍ ယင်းပါတီကိုတရားရုံးတင်စစ်ဆေးမှုများ မပြီးသေးသမျှကာလပတ်လုံးယင်းအဖွဲ့ချုပ်၏လုပ်ဆောင်ချက်များကို တားမြစ်ထားခြင်းဖြစ်သည်ဟု ကြားဖြတ်အစိုးရ၏ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။ သို့သော်ကြားဖြတ်အစိုးရ၏ထုတ်ပြန်ချက်က တရားဝင်ခြင်းမရှိသည့်အတွက် မလိုက်နာနိုင်ကြောင်း ထိုပါတီကပြောထားသည်။ **Ref: TST**

### အင်ဒိုနီးရှားကမ်းလွန်၌ အင်အားပြင်းငလျင်လှုပ်ခတ် ဆူနာမီသတိပေးချက်ထုတ်ပြန်ရခြင်းမရှိ

အင်ဒိုနီးရှားနိုင်ငံအနောက်ပိုင်း အာချေးပြည်နယ်ကမ်းလွန်၌ မေလ ၁၁ ရက်တွင် ပြင်းအား ၆ ဒသမ ၂ ရစ်(ခ်)တာစကေးရှိ အင်အားပြင်းငလျင်တစ်ခုလှုပ်ခတ်မှုဖြစ်ပွားကြောင်း သိရသည်။

သို့သော် ငလျင်၏အရှိန်ကြောင့် လှိုင်းလုံးကြီးများဖြစ်ပေါ်လာခြင်းမရှိသည့်အတွက် ဆူနာမီသတိပေးချက်ထုတ်ပြန်ရခြင်းမရှိကြောင်း အင်ဒိုနီးရှားမိုးလေဝသဌာနကထုတ်ပြန်ထားသည်။

အဆိုပါငလျင်သည် အာချေးပြည်နယ်အနောက်တောင်ပိုင်း ၂၁ ကီလိုမီတာရှိ မြေအောက်အနက် ၄၅ ကီလိုမီတာကို ဗဟိုပြု၍ ဒေသစံတော်ချိန် ညနေ ၃ နာရီ ၅၇ မိနစ်တွင်လှုပ်ခတ်ခြင်းဖြစ်သည်။

ငလျင်လှုပ်ခတ်မှုကြောင့်ဖြစ်ပေါ်လာသည့်တုန်ခါမှုကို ဒေသခံပြည်သူများက ခံစားရကြောင်း၊ သို့သော် ဆိုးဆိုးဝါးဝါးထိခိုက်ပျက်စီးမှုများမရှိကြောင်း သဘာဝဘေးစီမံခန့်ခွဲမှုဌာနမှ တာဝန်ရှိသူတစ်ဦးကပြောထားသည်။ အင်ဒိုနီးရှားနိုင်ငံသည် ပစိဖိတ်မီးကွင်းဒေသအတွင်းတည်ရှိသောကြောင့် ငလျင်လှုပ်ခတ်မှုနှင့်မကြာခဏရင်ဆိုင်နေရသည်။ **Ref: Xinhua**

### သီရိလင်္ကာ၌ ဘတ်စကားတစ်စီးချောက်ထဲထိုးကျ အနည်းဆုံးလူအယောက် ၂၀ ကျော်သေဆုံး

သီရိလင်္ကာနိုင်ငံအလယ်ပိုင်းဒေသ၌ ဘတ်စကားတစ်စီးက ချောက်ထဲထိုးကျသွားသောကြောင့် အနည်းဆုံးခရီးသည်အယောက် ၂၀ ကျော်သေဆုံးကြောင်းနှင့် ဒဏ်ရာရရှိသူများလည်းရှိကြောင်း သိရသည်။

အဆိုပါဘတ်စကားသည် မေလ ၁၁ ရက်တွင် ကော့မေးဒေသ၌မောင်းနှင်နေစဉ် ချောက်ထဲသို့ ထိုးကျသွားခြင်းဖြစ်ပြီး ဒဏ်ရာရရှိသူများကို ဆေးရုံတင်ပေးထားကြောင်း ရဲတပ်ဖွဲ့၏ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

ထို့ပြင် အဆိုပါဖြစ်စဉ်နှင့်ပတ်သက်၍ စုံစမ်းစစ်ဆေးမှုများလုပ်ဆောင်ရန် သီရိလင်္ကာနိုင်ငံ သယ်ယူပို့ဆောင်ရေးဘုတ်အဖွဲ့က စုံစမ်းစစ်ဆေးရေးအဖွဲ့တစ်ဖွဲ့ကို စေလွှတ်ထားသည်။ အလားတူ ရဲတပ်ဖွဲ့ကလည်း အဆိုပါဖြစ်စဉ်နှင့်ပတ်သက်၍ စုံစမ်းစစ်ဆေးမှုများလုပ်ဆောင်နေသည်။ သီရိလင်္ကာနိုင်ငံ၌ ယာဉ်မတော်တဆမှုများမကြာခဏဖြစ်ပွားလေ့ရှိကြောင်း သိရသည်။ **Ref: Xinhua**

### ကွန်ဂိုနိုင်ငံအရှေ့ပိုင်းရှိကျေးရွာ၌ ရေကြီးမှုဖြစ်ပွား သေဆုံးသူ အယောက် ၁၀၀ ကျော်ရှိ

ကွန်ဂိုနိုင်ငံအရှေ့ပိုင်း တန်ဂန်ယီကာရေကန်အနီးရှိကျေးရွာတစ်ရွာ၌ ရေကြီးမှုဖြစ်ပွားရာ သေဆုံးသူအယောက် ၁၀၀ ကျော်ရှိကြောင်း ဒေသတွင်းတာဝန်ရှိသူတစ်ဦးက မေလ ၁၀ ရက်နှောင်းပိုင်းတွင် ပြောသည်။

M23 သူပုန်အဖွဲ့က နိုင်ငံအရှေ့ပိုင်း၌ လုပ်ဆောင်သောတိုက်ခိုက်မှုများကြောင့် နှစ်လအတွင်းလူပေါင်းထောင်ချီသေဆုံးမှုများဖြစ်ပွားနေစဉ် ယခုကဲ့သို့ရေကြီးမှုဖြစ်ပွားခြင်းဖြစ်သည်။

မေလ ၈ ရက်ညနှင့် ၉ ရက်အတွင်း မိုးသည်းထန်စွာရွာသွန်းခြင်း၊ လေပြင်းများတိုက်ခတ်ခြင်းတို့ကြောင့် ကာဆာဘာမြစ်ရေကြီးသည့်အတွက် ယခုကဲ့သို့ ရေကြီးမှုဖြစ်ပွားခြင်းဖြစ်သည်။

ရေကြီးမှုဖြစ်ပွားနေသည့် ကာဆာဘာဒေသသည် တန်ဂန်ယီကာရေကန်မှ တစ်ဆင့်သာသွားရောက်နိုင်သည့် ဒေသဖြစ်ပြီး မိုဘိုင်းဖုန်းဆက်သွယ်ရေးကွန်ရက်မရှိသောကြောင့် လူသားချင်းစာနာမှုဆိုင်ရာကူညီကယ်ဆယ်ထောက်ပံ့မှုများ နှောင့်နှေးနိုင်ကြောင်းသိရသည်။ **Ref: TST**

# ပညာရေးဝန်ကြီးဌာန၊ ရန်ကုန်အဝေးသင်တက္ကသိုလ်၊ သတ္တဗေဒဌာနမှ ကထိက ဒေါ်ဝင်းဝင်းအောင် ပျောက်ဆုံးမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

နေပြည်တော် မေ ၁၁

ပညာရေးဝန်ကြီးဌာန၊ ရန်ကုန်အဝေးသင်တက္ကသိုလ်၊ သတ္တဗေဒဌာနမှ ကထိက ဒေါ်ဝင်းဝင်းအောင်သည် ၂၀၂၅ ခုနှစ်၊ မေလ ၇ ရက်တွင် တာဝန်ကျနေရာမှ အကြောင်းမဲ့ပျက်ကွက်လျက်ရှိကြောင်း သိရှိရသဖြင့် စုံစမ်းစိစစ်မှုများဆောင်ရွက်ခဲ့ပါသည်။ စိစစ်ချက်များအရ ဒေါ်ဝင်းဝင်းအောင်သည် ငလျင်ဘေးဒဏ်ကြောင့် မန္တလေးတိုင်းဒေသကြီးမှ တက္ကသိုလ်ဝင်တန်းပြန်လည်ဖြေဆိုမည့် ကျောင်းသား/ကျောင်းသူများအား အနီးကပ်သင်ကြားပို့ချပေးနိုင်ရေးအတွက် မေလ ၁ ရက်တွင် ရန်ကုန်အဝေးသင်တက္ကသိုလ်မှ အခြားနည်းပြများနှင့်အတူ မိတ္ထီလာတက္ကသိုလ်သို့ရောက်ရှိလာခဲ့ပြီး မေလ ၂ ရက်မှစတင်၍ အထက(၂)၊ ပျော်ဘွယ်၌ သင်ကြားပို့ချမှုများ ဆောင်ရွက်ခဲ့ကြောင်းသိရှိရပါသည်။


မေလ ၇ ရက် ၀၅၄၅ နာရီခန့်တွင် ဒေါ်ဝင်းဝင်းအောင်သည်မိတ္ထီလာတက္ကသိုလ်မှပျော်ဘွယ်မြို့သို့မထွက်ခွာမီ ၎င်း၏မိတ်ဆွေများနှင့်တွေ့ဆုံရန် ဟူသော အကြောင်းပြချက်ဖြင့် အဖွဲ့ခေါင်းဆောင်ဖြစ်သူ ဒေါ်မူမူအေးထံ ဖုန်းဖြင့်ခွင့်တိုင်ကြားခဲ့သော်လည်း ပုံမှန်သင်တန်းဆင်းချိန်အထိ တာဝန်ကျနေရာသို့ ရောက်ရှိလာခြင်းမရှိဘဲ အကြောင်းမဲ့ပျက်ကွက်ခဲ့ကြောင်း၊ ထို့နောက် တာဝန်ရှိသူများမှ ဒေါ်ဝင်းဝင်းအောင်ထံဆက်သွယ်သော်လည်း တစ်စုံတစ်ရာဆက်သွယ်မှုမရရှိခဲ့ဘဲ ၂၁၃၀ နာရီခန့်တွင် ဒေါ်ဝင်းဝင်းအောင်၏သားဖြစ်သူ မောင်ရဲလင်းမြတ်ဟိန်း၏ gmail သို့ အကြမ်းဖက်အဖွဲ့အစည်းများ အသုံးပြုသည့် hanhninsu41@gmail.com မှ "Your Mon Condition is ok. After Little Checking, and will free" ဟုပေးပို့လာခဲ့ကြောင်း စိစစ်တွေ့ရှိရပါသည်။

ထို့ကြောင့် ဒေါ်ဝင်းဝင်းအောင် ပျောက်ဆုံးမှုနှင့်ပတ်သက်၍ လိုအပ်သောစုံစမ်းစိစစ်မှုများဆောင်ရွက်ခဲ့ရာ မိတ္ထီလာတက္ကသိုလ်ရှိ စီစီတီဗွီမှတ်တမ်းများအရ ဒေါ်ဝင်းဝင်းအောင်သည် ၀၅၄၇ နာရီခန့်တွင် ၎င်းနေထိုင်သည့် မိတ္ထီလာတက္ကသိုလ်၊ ကံ့ကော်ဆောင်မှ ၎င်းပိုင်အသုံးအဆောင်ပစ္စည်းများပါရှိသည့် အိတ်အသေး ၁ လုံးနှင့်အတူ တက္ကသိုလ်၊ အမှတ်(၁)ဂိတ်မှထွက်ခွာသွားခဲ့ကြောင်း၊ ထို့နောက် မိတ္ထီလာတက္ကသိုလ်အနီးရှိ အရုဏ်ဦးလက်ဖက်ရည်ဆိုင်၌ တစ်ဦးတည်းနံနက်စာစားသုံးခဲ့ပြီး ၀၇၀၀ နာရီခန့်တွင် လက်ဖက်ရည်ဆိုင်ရှေ့သို့ရောက်ရှိလာသော ယာဉ်အမှတ်(စိစစ်ဆဲ) Toyota Passo(ခဲရောင်) မော်တော်ယာဉ်ပေါ်သို့ ၎င်း၏သဘောဆန္ဒဖြင့် လိုက်ပါသွားခဲ့ကြောင်း စိစစ်တွေ့ရှိရပါသည်။

ဒေါ်ဝင်းဝင်းအောင်သည် ရခိုင်ပြည်နယ်၊ စစ်တွေမြို့၌မွေးဖွားခဲ့သည့် ရခိုင်လူမျိုးတစ်ဦးဖြစ်ပြီး သူငယ်တန်းမှဘွဲ့ရရှိသည်အထိ ရခိုင်ပြည်နယ်၊ စစ်တွေမြို့တွင် ပညာသင်ကြားခဲ့ကြောင်း၊ ထို့ပြင် တက္ကသိုလ်များ၌ နည်းပြဆရာမအဖြစ် တာဝန်မထမ်းဆောင်မီကာလများတွင်လည်း စစ်တွေမြို့ရှိ အခြေခံပညာအထက်တန်းကျောင်း၊ အခြေခံပညာမူလတန်းကျောင်းအချို့တွင် မူလတန်းပြ၊ အလယ်တန်းပြရာထူးများဖြင့် တာဝန်ထမ်းဆောင်ခဲ့ဖူးကြောင်း စိစစ်တွေ့ရှိရပါသည်။



ရန်ကုန်အဝေးသင်တက္ကသိုလ်၊ သတ္တဗေဒဌာနမှ ဒေါ်ဝင်းဝင်းအောင်အား တွေ့ရစဉ်။


Han Hnin Su 9:31 PM
to me
From Han Hnin Su • hanhninsu41@gmail.com
To fk28643333@gmail.com
Date May 7, 2025, 9:31 PM
Standard encryption (TLS).
View security details
Your Mon condition is ok. After Little checking , and will free.

hanhninsu41@gmail အကောင့်ဖြင့် ဒေါ်ဝင်းဝင်းအောင်၏သားဖြစ်သူ မောင်ရဲလင်းမြတ်ဟိန်း၏ fk28643333@gmail သို့ ဆက်သွယ်လာမှုအား တွေ့ရစဉ်။




သတင်းစုံစမ်းဖော်ထုတ်ချက်များအရ ဒေါ်ဝင်းဝင်းအောင်သည် ၎င်းပျောက်ဆုံးဖြစ်စဉ်ကာလမတိုင်မီ AA အကြမ်းဖက်သောင်းကျန်းသူအဖွဲ့နှင့် ကြိုတင်ကြံစည်ဆက်သွယ်မှုများရယူခဲ့ပြီး မေလ ၇ ရက်တွင် ဆားလင်းကြီး PDF အကြမ်းဖက်အဖွဲ့မှ ဇေယျာမင်းဌေး၏ ချိတ်ဆက်ကူညီမှုဖြင့် မိတ္ထီလာမြို့မှ ဆားလင်းကြီးမြို့နယ်၊ ကျားတက်ကျေးရွာသို့သွားရောက်ခဲ့ပြီး ၎င်းမှတစ်ဆင့် AA အကြမ်းဖက်သောင်းကျန်းသူအဖွဲ့မှ ဇော်အေးထွန်းထံသို့ ဆက်လက်သွားရောက်၍ AA အကြမ်းဖက်သောင်းကျန်းသူအဖွဲ့အခြေပြုရာ နယ်မြေအတွင်းရှိ ပညာရေးဆိုင်ရာလုပ်ငန်းများ၌ ပူးပေါင်းကူညီနိုင်ရေးအတွက် ကြိုတင်ရည်ရွယ်ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း စိစစ်တွေ့ရှိရပါသည်။ အကြမ်းဖက်အဖွဲ့အစည်းများအနေဖြင့်ငလျင်ဘေးဒဏ်ကြောင့်တက္ကသိုလ်ဝင်တန်း ပြန်လည်ဖြေဆိုရန် အင်တိုက်အားတိုက်ကြိုးပမ်းပြင်ဆင်နေကြသည့်မိဘဆရာများ၊ ကျောင်းသား/ကျောင်းသူများ၏ ပညာသင်ကြားရေးကို အနှောင့်အယှက်ဖြစ်စေရန်အတွက်လည်းကောင်း၊ သင်ကြားရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်လျက်ရှိသည့် ဆရာ/ဆရာမများအား အကြောက်တရားဖြင့် ခြိမ်းခြောက်လွှမ်းမိုးနိုင်ရေးအတွက်လည်းကောင်း ရည်ရွယ်၍ ဒေါ်ဝင်းဝင်းအောင်နှင့် ချိတ်ဆက်ကာ သတင်းအမှားများ ထုတ်လွှင့်ဝါဒဖြန့်ချိခဲ့ခြင်းဖြစ်ကြောင်း စိစစ်တွေ့ရှိရပါသည်။

ထို့ပြင်အကြမ်းဖက်အားပေး တရားမဝင်ပြည်ဖျက်မီဒီယာများမှလည်း အစိုးရ၏ အုပ်ချုပ်မှုယန္တရားယိုယွင်းစေပြီး တည်ငြိမ်အေးချမ်းမှုပျက်ပြားစေရန်နှင့် ပြည်သူလူထု အထိတ်တလန့်ဖြစ်ပေါ်စေရန်အတွက် ဖြစ်စဉ်အမှန်ကိုဖုံးကွယ်၍ မဟုတ်မမှန်လုပ်ကြံသတင်းအမှားများအား လိမ်လည်ရေးသားထုတ်လွှင့်ဖြန့်ချိလျက်ရှိကြောင်း စိစစ်တွေ့ရှိရပါသည်။

အကြမ်းဖက်အဖွဲ့အစည်းများသည် တည်ငြိမ်အေးချမ်းစွာ ပညာသင်ကြားလိုသည့် ကျောင်းသား/ ကျောင်းသူများအား အနှောင့်အယှက်ဖြစ်ပေါ်စေရန် အဖျက်အမှောင့်လုပ်ငန်းများ ဆောင်ရွက်လျက်ရှိသကဲ့သို့ နိုင်ငံ့ဝန်ထမ်းဥပဒေများနှင့်အညီ တာဝန်ထမ်းဆောင်လျက်ရှိကြသည့် ဆရာ/ဆရာမများကိုလည်း ၎င်းတို့၏အကြမ်းဖက်လုပ်ငန်းများတွင် ပူးပေါင်းပါဝင်လာစေရေးနည်းလမ်းမျိုးစုံဖြင့် စည်းရုံးသိမ်းသွင်းလျက်ရှိကြောင်း၊ ထို့ကြောင့် နိုင်ငံ့ဝန်ထမ်းများအနေဖြင့် အကြမ်းဖက်အဖွဲ့အစည်းများ၏ စည်းရုံးသိမ်းသွင်းမှုမခံရစေရေး အထူးသတိပြုကြရန်နှင့် မိဘပြည်သူများအနေဖြင့်လည်း အကြမ်းဖက်အဖွဲ့အစည်းများနှင့် ဆက်သွယ်ဆောင်ရွက်နေသည့် နိုင်ငံ့ဝန်ထမ်းများနှင့်ပတ်သက်သော သတင်းအချက်အလက်များရရှိပါက သက်ဆိုင်ရာသို့ လျှို့ဝှက်စွာ သတင်းပေးပို့စေလိုကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။ (၁၀၀)



ဒေါ်ဝင်းဝင်းအောင် မိတ္ထီလာတက္ကသိုလ်၊ အမှတ်(၁)ဂိတ်မှ ထွက်ခွာသွားမှုအား စီစီတီဗွီမှတ်တမ်းတွင်တွေ့ရစဉ်။

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH ၊ NUG ၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

# တစ်သက်တာမှတ်တမ်းနှင့် အတွေးအခေါ်များ

ရွှေဥဒေါင်း

"ငလျင်ရပ်စဲခြင်းနှင့်အတူ ဘယ်သူရေ ဘယ်ဝါရေ စသော အသံများလည်း ပေါ်ထွက်လာပေရာ ကျွန်ုပ်သည် အလျားမှောက်ရာမှထ၍ အိမ်သူအိမ်သားအခြေအနေကို စစ်ဆေးတော့သည်။ တစ်စုံတစ်ရာ အထိအခိုက် အပျက်အစီးမရှိခြင်းကို သိရသည်နှင့်တစ်ပြိုင်နက် ကျွန်ုပ်သည် ယောက်ဖလေးကို အိမ်စောင့်ရန်ထားခဲ့၍ တပည့်မောင်စံလှိုင်နှင့်အတူ မြို့ကို လှည့်လည်ကြည့်ရှုကြလေသည်. . ."

**ယမန်နေ့မှအဆက်**

လှုပ်ရှားခါစ၌ လူသံများ ဆူညံသော်လည်း အပြင်းအထန်လှုပ်ရှားခိုက်တွင် ဝေးလံသောအရပ်မှ တဝီဝီမြည်သော အသံများမှတစ်ပါး အနီးအပါးတွင် တိတ်ဆိတ်လျက်ရှိ၏။ ထို့နောက် ငလျင်ရပ်စဲခြင်းနှင့်အတူ ဘယ်သူရေ ဘယ်ဝါရေ စသောအသံများလည်း ပေါ်ထွက်လာပေရာ ကျွန်ုပ်သည် အလျားမှောက်ရာမှထ၍ အိမ်သူအိမ်သားအခြေအနေကို စစ်ဆေးတော့သည်။ တစ်စုံတစ်ရာ အထိအခိုက် အပျက်အစီးမရှိခြင်းကို သိရသည်နှင့် တစ်ပြိုင်နက် ကျွန်ုပ်သည် ယောက်ဖလေးကို အိမ်စောင့်ရန်ထားခဲ့၍ တပည့် မောင်စံလှိုင်နှင့်အတူ မြို့ကို လှည့်လည်ကြည့်ရှုကြလေသည်။

ဈေးကြီးဘက်ဆီမှ မီးအကြီးအကျယ်လောင်လျက်ရှိသော်လည်း ကျွန်ုပ်တို့၏ နေအိမ်မှာ ချောင်းတစ်ခုလုံး ခြားနေသည်နှင့် စိတ်ချရသည်ဆိုကာ မြို့ထဲသို့ အနှံ့အပြားလှည့်လည်ကြသည်။ မီးနှင့် နီးကပ်သောအိမ်များတွင် ပစ္စည်းများသိမ်းကြ၊ ရွှေ့ကြသော အသံများ၏ ဆူညံခြင်းထက် နှလုံးမသာယာဖွယ်သောအသံများ ပေါ်ထွက်လာသည်မှာကား တိုက်ပြို၍ ပိပြားသေဆုံးကြရသော နေရာများမှ ကျန်ရစ်သူ ဒုက္ခသည်များ၏ ငိုကြွေးမြည်တမ်းကြသော အသံများပင်ဖြစ်သည်။ ထိုအသံများမှာ ကျွန်ုပ်တို့ရောက်လေရာ နေရာအနှံ့အပြား၌ ကြားရ၍ လူစုစုမြင်တိုင်း ဝင်ကြည့်ရာတွင် တချို့မှာဖော်ထုတ်ပြီး ခါစ အလောင်းများကိုလည်းကောင်း၊ တချို့မှာ ဖော်တုန်းဖော်ဆဲရှိနေကြခြင်းကိုလည်းကောင်း၊ တချို့မှာ ဖော်ထုတ်ရန်ပင် မတတ်နိုင်သေးဘဲ လက်မှိုင်ချကာ ဟစ်အော်တမ်းတနေကြခြင်းကို လည်းကောင်း တွေ့ကြရသည်။ ကျွန်ုပ်၏ တစ်သက်တာတွင် ဤမျှလောက် ဒုက္ခမီးပူလောင်ခြင်းအမြောက်အမြားကို စုပြုံမြင်တွေ့ရသည့်အချိန်တစ်နာရီဆို၍ မကြုံခဲ့ရဖူးအောင်ရှိပါတော့သည်။

နေအိမ်သို့ပြန်ရောက်၍ အိမ်နီးချင်းများနှင့် စကားပြောနေကြသဖြင့် သန်းခေါင်ကျော်မှ အိပ်ရာသို့ ဝင်ကြရသော်လည်း အိပ်ရေးဝအောင် အိပ်ရတော့မည် မဟုတ်ချေ။ တစ်နာရီခန့်မျှ အိပ်ရသေးသည်မထင်မီ "ဆရာတို့ ထကြလေ၊ မီးတွေလောင်ကုန်ပြီ" ဟု တစ်စုံတစ်ယောက်က အိမ်ရှေ့မှ နှိုးပြောသည်နှင့် ကတိုက်ကရိုက်ထကြည့်လိုက်ရာတွင် ကျွန်ုပ်တို့၏ အိမ်နှင့် ကိုက် ၁၀၀ ခန့်သာဝေးသော သုံးထပ်တိုက်ကြီးအမိုးပေါ်မှ မီးခိုးများ အူထွက်နေသည်ကို မြင်ရတော့သည်။ ယမန်နေ့ညက စိတ်ပင်ပန်းရုံသာရှိ၍ လူမမောရသော်လည်း ယခုမှာ အိမ်ချင်းနီးကပ်သောမီးဖြစ်၍ ပစ္စည်းများသယ်ထုတ်ရသည်နှင့် တစ်အိမ်သားလုံးဖတ်ဖတ်မောကြရသည်။ ပစ္စည်းများကို အိမ်မြောက်ဘက်ရှိ မြောင်းကြီးတံတားဦးတွင် စုပုံထားရာ တစ်ရပ်လုံးမှာလည်း ပတ်ဝန်းကျင်တစ်ဝိုက်၌ပင် ပစ္စည်းတွေစုပုံ၍ စောင့်နေကြရသဖြင့် ရွာလေးသဖွယ် ဖြစ်နေတော့သည်။ မီးမှာ တိုက်ကြီးကို ကျွမ်းအောင်မလောင်ရမီ ငြိမ်းသတ်နိုင်ကြသော်လည်း ပဲခူးတစ်မြို့လုံးမှာ မီးအတွက်ကြောင့် စိုးရိမ်ပူပန်လျက်ရှိကြသည်နှင့် ကျွန်ုပ်တို့ အရပ်သူ၊ အရပ်သားများသည် ပစ္စည်းများကို အိမ်ထဲသို့ တစ်ဖန် သယ်ယူသွတ်သွင်းခြင်းမပြုတော့ဘဲ တံတားဦး၌ပင် သူ့အစု ကိုယ့်အစု ဖွဲ့စည်းကာ နှစ်ရက်၊ သုံးရက် နေကြသေးသည်။ တိုက်ပိသေဆုံးသူများ၊ အိမ်ကို မီးလောင်သူများသည် ကိုယ့်အပူနှင့်ကိုယ် ဒုက္ခရောက်ရှာကြသော်လည်း ကျွန်ုပ်တို့လူစုမူကား တံတားဦးတွင် ချက်ပြုတ်စားသောက်ကြရသည်မှာ ဘုရားပွဲကဲ့သို့ရှိ၍ ပျော်သည်ဟူ၍ပင် မှတ်ထင်မိသည်။ တချို့လူများသည် ဒုက္ခတစ်ခုတွေ့သည့်အခါ အအိပ်အနေ အစားအသောက်ဆင်းရဲသည်ဆို၍ စိတ်ညစ်ညူးတတ်ကြပေရာ ကျွန်ုပ်၏ ဝါသနာတစ်ခုကား အပြောင်းအလဲဆိုလျှင် (အဆိုးဘက်သို့ ပြောင်းလဲရခြင်းပင် ဖြစ်စေကာမူ) ပျော်သလိုရှိတော့သည်။ ထို့ကြောင့်လည်း စစ်ကြီးအတွင်း၌ တချို့လူများ ညည်းတွားကြသလောက် ကျွန်ုပ်အဖို့၌ မဆင်းရဲလှချေ။

**မကျေနပ်ချက်များ ပေါ်လာခြင်း**

အထက်တွင် ဖော်ပြခဲ့သည့်အတိုင်း ကျွန်ုပ်၏ဇာတာမှာ အလုပ်တစ်ခုခုတွင် သုံးနှစ်ပတ်ဝန်းကျင်လောက်သာ လုပ်ချင်တတ်၍ သုံးနှစ်ကျော်လျှင် ကျွန်ုပ်ကသော်လည်းကောင်း၊ အလုပ်ရှင်ကသော်လည်းကောင်း၊ ပတ်ဝန်းကျင်၌ သော်လည်းကောင်း၊ အထင်လွဲမှုများ သော်လည်းကောင်း ပေါ်လာတတ်သည်ဖြစ်ရာ ဘာသာပြန်အလုပ်တွင်လည်း သုံးနှစ်စေ့ခါနီးအချိန်မှစ၍ ကျွန်ုပ်၏စိတ်ထဲတွင် မကျေနပ်စရာများဖြစ်လာပါတော့သည်။

ကျွန်ုပ်ကိုငှားရမ်းစဉ်က ဘာသာရေးနှင့်မပတ်သက်သော ဝတ္ထု၊ အတ္ထုပ္ပတ္တိစသော စာပေမျိုးကိုသာ ဘာသာပြန်ဖို့ဟုဆိုပါလျက် နောက်ပိုင်းတွင် ဘာသာအတွက် ဝါဒဖြန့်သည့် စာရွက်စာတမ်းများကို ဘာသာပြန်ဖို့ အလုပ်ပေးလာကြပါတော့သည်။ ကျွန်ုပ်မှာ ရိုးရိုးဗုဒ္ဓဘာသာတစ်ယောက်မဟုတ်ဘဲ မဂ်တရား၊ ဖိုလ်တရားအတွက် ရည်ရွယ်ချက်ထားရှိသူတစ်ယောက်ဖြစ်သောကြောင့် မဂ်ဖိုလ်ကို ကျောခိုင်းထားသူများအတွက်မှာ မည်သည့်စာမျိုးကို ဖတ်သည်ဖြစ်စေ အကြောင်းမထူးလှ။ သူတို့ခိုင်းသည့်အတိုင်း လုပ်ပေးခဲ့စဉ်က ပထမ၌ တစ်အုပ်တလေမျှသာ ခိုင်း၍ နောက်ပိုင်း၌မူ ဆက်ခါဆက်ခါ ခိုင်းလာရာတွင် ကျွန်ုပ် စိတ်ကူးတစ်မျိုး ဖြစ်ပေါ်လာ၏။ ဗုဒ္ဓဘာသာဝင် လူကောင်းတစ်ယောက်သည် မဂ်တရား၊ ဖိုလ်တရားအတွက် သဘောမထားဟုဆိုစေကာမူ သရဏဂုံတည်သူတစ်ယောက်ဟုခေါ်နိုင်သည်။ ထင်ရာလုပ်သော လူချင်းအတူတူဖို့၌ ကြီးသောခြားနားမှုမရှိချင်နေမည်၊ လူကောင်းချင်းတူခဲ့လျှင် သရဏဂုံတည်သည်ဆိုသော ခြားနားချက်ရှိသည်။ ဗုဒ္ဓဘာသာကျမ်းဂန်များ၌ သရဏဂုံတည်ခြင်းဟူသောအဖြစ်ကို အတော်ကြီး အသားပေး၍ ရေးသားထားခြင်းများကို ဖတ်ရဖူးသည်။ ထို့ကြောင့် လူဆိုးကို လူကောင်းဖြစ်လာအောင်မဟုတ်ဘဲ ဗုဒ္ဓဘာသာမှ တခြားဘာသာသို့ ကူးပြောင်းရေးအတွက် ဝါဒဖြန့်သော ဤအလုပ်မှာ ငါကဲ့သို့သော လူတစ်ယောက်အဖို့ရာ၌ ကူညီအားပေးထိုက်ပါ၏လောဟု သံသယဝင်လာခဲ့ပါသည်။ သို့ရာတွင် ပဲခူးမြို့၌ ပုဂ္ဂလသပ္ပာယဖြစ်လျက်ရှိခြင်းကို ငဲ့မိခြင်းအတွက်ကြောင့် သည်းခံ၍ လုပ်ခဲ့ပါသေးသည်။

**ကတ်သတ်သော အမေရိကန်**

ဒုတိယအချက်တစ်ခုမှာ အမေရိကန်သာသနာပြုဆရာကြီးများ၏ ကတ်သတ်ခြင်းကို တွေ့ရခြင်းပင်ဖြစ်၏။ ဘာသာပြန်အလုပ်ကို လက်ခံစဉ်အခါက အားလပ်ခွင့်နှင့်ပတ်သက်၍ စည်းကမ်းသတ်မှတ်ချက်မှာ တစ်နှစ်လျှင် လခမပျက် ခွင့်ရက်နှစ်ပတ်ရဖို့ဖြစ်၏။ ကျွန်ုပ်က 'ခြောက်လတစ်ကြိမ်' ရက်သတ္တပတ်ယူနိုင်သည် မဟုတ်ပါလောဟု မေးရာ 'ယူနိုင်သည်'ဟု ဆရာကြီးကပြော၏။ ကျွန်ုပ်နှင့် ဆရာကြီးတို့သည် နွေရာသီတွင် ကလောမြို့သို့ တစ်လခန့်မျှ နှစ်တိုင်းသွား၍ အလုပ်လုပ်ကြသည်ဖြစ်ရာ ကျွန်ုပ်သည် မိဘများရှိသော မန်ကျည်းတုံရွာသို့ ကလောမှ အပြန်တွင်ဝင်ခဲ့လျှင် (ခွင့်ခုနစ်ရက်ယူပါက တစ်ရက် သက်သာသည်ဆိုကာ) အခွင့်တောင်း၏။ တစ်ရက်သက်သာသည်ဆိုခြင်းမှာ ပဲခူးမှလာရခြင်းထက် သာစည်မှ ဖြတ်ပြီးသွားရခြင်းက အချိန်တစ်ရက် သက်သာခြင်းကြောင့်ဖြစ်၏။ အခွင့်ကားရပါ၏။ သို့သော် ခွင့်ရက်နှင့်ပတ်သက်၍ အငြင်းအခုံဖြစ်ရ၏။ ဆရာကြီးက ခြောက်လလျှင် အခွင့် ခုနစ်ရက်ရမည်ဖြစ်ကြောင်း၊ လုပ်ရက်ရော ခွင့်ရက်ပါပေါင်းပြီး ခြောက်လဟုမဆိုလိုကြောင်း၊ ခြောက်လအတွင်း ခုနစ်ရက်ခွင့်ပေးမည်ဆိုလျှင် ခွင့်ယူသောရက်အတွက်ပါ ထပ်ပြီးခွင့်ပေးရဦးမည့်အဓိပ္ပာယ်ဖြစ်နေကြောင်း၊ ခွင့်ယူသော ခုနစ်ရက်သည် အလုပ်လုပ်သော ခြောက်လ၏ အပြင်ဘက်၌ ရှိရမည်ဖြစ်ကြောင်းပြောလေသည်။ ကျွန်ုပ်က "အစိုးရအလုပ်များတွင် တစ်နှစ်လျှင် အခွင့်တစ်လရသည်ဆိုရာ၌ ၁၁ လလုပ်ပြီးတိုင်း တစ်လမျှ အခွင့်ရပါသည်"ဟုပြောရာ သူကမိမိတို့၏အလုပ်မှာ ဗြိတိသျှအစိုးရ၏ အလုပ်မဟုတ်ပါဟု ပြန်ပြောလေသည်။ ဤပြဿနာမှာ ကြီးကျယ်လှသည် မဟုတ်။ တစ်ရက်၏ အပိုင်းဂဏန်းမျှသာ ခြားနားခြင်းရှိပါလျက် အလုပ်ရှင်နှင့် အလုပ်သမားတစ်ယောက် ဤမျှလောက် ရေးကြီးခွင့်ကျယ်လုပ်၍ စကားပြောနေရခြင်းကို ကျွန်ုပ်စက်ဆုပ်လှပါသည်။

**ဆက်လက်ဖော်ပြပါမည်။**

---

## မော်လမြိုင်ကျွန်းမြို့နယ်၌ ငါးရံ့ခြောက်များ ဝယ်လိုအားများပြီး အရောင်းအဝယ်ကောင်းမွန်နေ



မော်လမြိုင်ကျွန်း မေ ၁၁

ဧရာဝတီတိုင်းဒေသကြီး မော်လမြိုင်ကျွန်းမြို့နယ်၌ ငါးရံ့ခြောက်များ ဝယ်လိုအားများပြီး အရောင်းအဝယ်ကောင်းမွန်နေကြောင်း မော်လမြိုင်ကျွန်းမြို့နယ်ရှိ ငါးခြောက်မျိုးစုံထုတ်လုပ်ရောင်းဝယ်ရေးလုပ်ငန်းလုပ်ကိုင်သူ ဒေါ်ဆွေသန်း၏ပြောဆိုချက်အရ သိရသည်။

မော်လမြိုင်ကျွန်းမြို့နယ်မှ ငါးရံ့ခြောက်များကို ရန်ကုန်ဈေးကွက်က ဧပြီလနောက်ဆုံးပတ်မှစ၍ ဝယ်လိုအားကောင်းနေခြင်းကြောင့် အရောင်းအဝယ်ကောင်းမွန်နေကြောင်း၊ တစ်ပတ်လျှင် ငါးရံ့ခြောက် ပိဿာ ၅၅၀၀ မှ ၇၅၀၀ အထိ အရောင်းအဝယ်ဖြစ်နေကြောင်း သိရသည်။

"လက်ရှိ အရောင်းအဝယ်ဖြစ်နေတဲ့ ဒေသထွက်ငါးရံ့ခြောက်တွေက လတ်တလောထုတ်လုပ်ထားတဲ့ ငါးရံ့ခြောက်တွေပါ။ ငါးရံ့ခြောက်တွေက အရည်အသွေးကောင်းပါတယ်။ ငါးရံ့ခြောက်တွေကို ရန်ကုန်ဈေးကွက်က မှာယူမှုများနေလို့ တင်ပို့နေရတာပါ" ဟု ဒေါ်ဆွေသန်းကပြောသည်။

မော်လမြိုင်ကျွန်းမြို့နယ်၌ ငါးရံ့ခြောက်များကို အချိုခြောက်နှင့် ဆားလတ်ခြောက်ဟူ၍ နှစ်မျိုးထုတ်လုပ်ရောင်းချလျက်ရှိကြောင်း၊ ငါးရံ့ခြောက် အရွယ်အစားပေါ်မူတည်၍ ဈေးနှုန်းအမျိုးမျိုးရှိကြောင်း၊ ထိုသို့ ငါးရံ့ခြောက်များဝယ်လိုအားများနေခြင်းကြောင့် ငါးခြောက်ထုတ်လုပ်ရောင်းချသူများနှင့် ရေလုပ်သားများ အဆင်ပြေလျက်ရှိကြောင်း သိရသည်။

သုတကျော်

# ကဆုန်လပြည့်နေ့တွင် ရန်ကုန်မြို့အတွင်းရှိ ဘုရားစေတီများ၌ ညောင်ရေသွန်းပွဲတော်ကျင်းပနေမှုဓာတ်ပုံမြင်ကွင်းများ

ကဆုန်ညောင်ရေသွန်းပွဲတော်သည် မြန်မာလူမျိုးတို့၏ ၁၂ လရာသီပွဲတော်များတွင် ကုသိုလ်ယူဖွယ်ရာ၊ ဝမ်းသာကြည်နူးဖွယ်ရာ ဘာသာရေးပွဲတော်တစ်ခုအဖြစ် မြန်မာနိုင်ငံတစ်ဝန်းလုံး၌ နှစ်စဉ်စည်ကားသိုက်မြိုက်စွာ ကျင်းပလျက်ရှိရာ မြန်မာသက္ကရာဇ် ၁၃၈၇ ခုနှစ် ကဆုန်လပြည့်နေ့(ဗုဒ္ဓနေ့) မေလ ၁၁ ရက်တွင် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ဘုရားစေတီများ၌ ကဆုန်ညောင်ရေသွန်းပွဲတော် စည်ကားသိုက်မြိုက်စွာကျင်းပနေမှုဓာတ်ပုံမြင်ကွင်းများကို ဖော်ပြလိုက်ပါသည်။

ရန်ကုန်သတင်းအဖွဲ့



အင်းစိန်မြို့နယ် လောကချမ်းသာ အဘယလာဘမုနိရုပ်ပွားတော်မြတ်ကြီး



သဃ်န်းကျွန်းမြို့နယ် သမိုင်းဝင်ကျိုက္ကစံ ဆံတော်ရှင်စေတီတော်မြတ်ကြီး



မြောက်ဥက္ကလာပမြို့နယ် ဆုတောင်းပြည့် မယ်လမုစေတီတော်



တောင်ဥက္ကလာပမြို့နယ် ဥက္ကလာပစေတီတော်မြတ်ကြီး



ပုဇွန်တောင်မြို့နယ် သမိုင်းဝင်ရွှေဘုန်းပွင့်စေတီတော်မြတ်ကြီး



တွံတေးမြို့နယ် သမိုင်းဝင်ရွှေဆံတော်စေတီတော်မြတ်ကြီး

## ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၃၃ မြို့နယ်၌ မြို့ပြကျန်းမာရေးဌာနများ ဖွင့်လှစ်မည်

ရန်ကုန် မေ ၁၁

ကျန်းမာရေးဝန်ကြီးဌာန ရန်ကုန်တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှကြီးမှူး၍ ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာနယ်နိမိတ်အတွင်းရှိ မြို့နယ် ၃၃ မြို့နယ်၌ မြို့ပြကျန်းမာရေးဌာနများ ဖွင့်လှစ်ပေးမည်ဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှ သိရသည်။

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် ပြည်သူလူထုအတွက် ကျန်းမာရေးလုပ်ငန်းများကို တိုးချဲ့ဝန်ဆောင်မှုပေးနိုင်စေရန်၊ လူတိုင်း အနာရောဂါကင်းပြီး သက်တမ်းစေ့ ကျန်းမာစွာနေထိုင်နိုင်စေရန်၊ ပြည်သူ့ဆေးရုံကြီးများ၌ ပြသနေသောလူနာများကို စဉ်ဆက်မပြတ် ကျန်းမာရေးစောင့်ရှောက်နိုင်စေရန် ရည်ရွယ်ချက်များဖြင့် အဆိုပါမြို့ပြကျန်းမာရေးဌာနများ ဖွင့်လှစ်ရန်စီစဉ်ဆောင်ရွက်ခြင်းဖြစ်သည်။

"ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာနယ်နိမိတ်အတွင်းမှာ မြို့နယ် ၃၃ မြို့နယ်ရှိပါတယ်။ အဲဒီမြို့နယ် ၃၃ မြို့နယ်မှာက ကျေးလက်ကျန်းမာရေးဌာနတွေမရှိဘဲ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူးရုံးပဲရှိပါတယ်။ အဲဒီလို ရုံးတစ်နေရာတည်းရှိရာကနေ နောက်ထပ်ဌာနခွဲတွေ ပေါ်ပေါက်လာအောင် စီစဉ်ဆောင်ရွက်မှာဖြစ်ပါတယ်"ဟု ရန်ကုန်တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးနှင့်ကုသရေးဦးစီးဌာန ဦးစီးမှူး ဒေါက်တာနန္ဒဝင်းကပြောသည်။

ယင်းသို့ဆောင်ရွက်ခြင်းဖြင့် ပြည်သူများအနေဖြင့် ကျန်းမာရေးမကောင်းပါက သွားရောက်ပြသနိုင်မည့် ဆေးရုံ၊ ဆေးခန်းများ ပိုမိုပေါ်ပေါက်လာမည်ဖြစ်သည်။ ထို့ပြင် မြို့ပြကျန်းမာရေးဌာနများမှ တစ်ဆင့် လွှဲပြောင်းကုသမှုခံယူရန်ရှိသောလူနာများကိုလည်း ရန်ကုန်မြို့ရှိ ပြည်သူ့ဆေးရုံကြီးများသို့ စနစ်တကျလွှဲပြောင်းပေးမည်ဖြစ်ကြောင်း၊ ထိုသို့ ပြည်သူ့ဆေးရုံကြီးများ၌သွားရောက်ပြသနေသောလူနာများအတွက် နောက်ဆက်တွဲ ကျန်းမာရေးစောင့်ရှောက်မှုများကိုလည်း မြို့ပြကျန်းမာရေးဌာနများမှ စဉ်ဆက်မပြတ်ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း သိရသည်။

ဆောင်းဦး

# ပွင့်ဖြူမြို့နယ်၌ အသက်မွေးဝမ်းကျောင်းအထောက်အကူပြု အခြေခံစက်ချုပ်သင်တန်းဖွင့်လှစ်

ပွင့်ဖြူ မေ ၁၁

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဒေသခံပြည်သူများ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန်နှင့် အလုပ်အကိုင်အခွင့်အလမ်းများရရှိစေရန် ရည်ရွယ်ဖွင့်လှစ်သည့် ၂၀၂၅ - ၂၀၂၆ ဘဏ္ဍာနှစ် အသက်မွေးဝမ်းကျောင်းအထောက်အကူပြု အခြေခံစက်ချုပ်သင်တန်းကို မေလ ၁၀ ရက်က ပွင့်ဖြူမြို့နယ် လက်ခုပ်ကျေးရွာဓမ္မာရုံ၌ ကျင်းပကြောင်း သိရသည်။

ရှေးဦးစွာ မင်းဘူးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးခင်မောင်ကျော်နှင့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင် မြို့နယ်လူဝင်မှုကြီးကြပ်ရေးဦးစီးဌာန ဦးစီးမှူး ဦးကျော်သူရတို့က အမှာစကားများပြောကြားကြသည်။ ဆက်လက်၍ ပွင့်ဖြူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးလှဌေးမောင်က အသက်မွေးဝမ်းကျောင်းအထောက်အကူပြု အခြေခံစက်ချုပ်သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်နှင့် သင်တန်းတွင် သင်ကြားပို့ချပေးမည့် အိမ်တွင်းမှုအခြေခံစက်ချုပ်နည်းပညာဆိုင်ရာ သင်ခန်းစာများကို လေ့လာသင်ယူကြရန် ပြောကြားသည်။

သင်တန်းကာလအတွင်း သင်တန်းနည်းပြများက သင်တန်းသူများကို အိမ်တွင်းမှုလုပ်ငန်းဖြင့် မိသားစုဝင်ငွေတိုးပွားရေးအတွက် အမျိုးသားဝတ်၊ အမျိုးသမီးဝတ် ချုပ်နည်းများကို စာတွေ့ လက်တွေ့ သင်ကြားပေးမည်ဖြစ်သည်။

အဆိုပါသင်တန်းသို့ ပွင့်ဖြူမြို့နယ် လက်ခုပ်ကျေးရွာအုပ်စုရှိ အိမ်တွင်းမှုစက်ချုပ်နည်းပညာရပ်ကို စိတ်ဝင်စားသည့် သင်တန်းသူ ၂၀ ဦး တက်ရောက်သင်ကြားပြီး သင်တန်းကို မေလ ၁၀ ရက်မှ ဇွန်လ ၂၃ ရက်အထိ ဖွင့်လှစ်သင်ကြားပေးလျက်ရှိကြောင်း သိရသည်။

လှိုင်ဝင်းလေး(ပွင့်ဖြူမြေ)




# ကြာအင်းဆိပ်ကြီးမြို့နယ်၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ ကွင်းဆင်းစစ်ဆေး

ကြာအင်းဆိပ်ကြီး မေ ၁၁

ကရင်ပြည်နယ် ကြာအင်းဆိပ်ကြီးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ရွှေတောင်ဘိုကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းခွင့်ပြုငွေများဖြင့် စီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှုအခြေအနေများကို မေလ ၁၁ ရက်တွင် တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးကြကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် ကြာအင်းဆိပ်ကြီးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခေတ္တဦးစီးမှူး ဦးစောဘကြည်၊ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးစောဟိန်းမင်းနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်းကော်မတီဝင်များနှင့်တွေ့ဆုံ၍ ရွှေတောင်ဘိုကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းခွင့်ပြုငွေများဖြင့် စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်နေမှု၊ ငွေစာရင်းပုံစံများ စနစ်တကျဖြည့်သွင်းထားခြင်း ရှိ၊ မရှိနှင့် စီမံကိန်းလက်စွဲစာစောင်ပါ ညွှန်ကြားချက်များအတိုင်း ဆောင်ရွက်ထားခြင်း ရှိ၊ မရှိ အခြေအနေများကို ကွင်းဆင်းစစ်ဆေးပြီး ခေတ္တခရိုင်ဦးစီးမှူးက လိုအပ်သည်များ မှာကြားသည်။

ရွှေတောင်ဘိုကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်က ငွေကျပ် သန်း ၃၀ ဖြင့် စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ အဋ္ဌမနှစ်စက်ဝန်းအဖြစ် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၃၂ ဦး၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၅၂ ဦး၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူလေးဦး စုစုပေါင်း အသင်းသား၊ အသင်းသူ ၈၈ ဦးကို ငွေကျပ် ၅၁ ဒသမ ၅ သန်း ထုတ်ချေးပေးထားကြောင်း သိရသည်။ ဘိုဘို




# ကိုယ်ကာယကြံ့ခိုင်ရေးလေ့ကျင့်ခန်းနှင့် Physical Fitness Dance ဆင့်ပွားနည်းပြသင်တန်းဆင်း



ပင်းတယ မေ ၁၁

ရှမ်းပြည်နယ်(တောင်ပိုင်း) ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်းတယမြို့နယ် ပညာရေးဦးစီးဌာန ပညာခန်းမ၌ ကိုယ်ကာယကြံ့ခိုင်ရေးလေ့ကျင့်ခန်းနှင့် Physical Fitness Dance ဆင့်ပွားနည်းပြသင်တန်းဆင်းပွဲအခမ်းအနားကို မေလ ၁၀ ရက်က ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်ပညာရေးဦးစီးဌာန ဦးစီးမှူး ဒေါ်အေးအေးမော်က သင်တန်းနည်းပြ ဆရာ၊ ဆရာမများနှင့် ပင်းတယမြို့နယ်အခြေခံပညာ (ထက်/လယ်/မူ) ကျောင်းများမှ ကျောင်းသား၊ ကျောင်းသူလေးများအား ဆင့်ပွားနည်းပြသင်တန်းများ ဖွင့်လှစ်သင်ကြားပေးနိုင်ရန် ရည်ရွယ်၍ ဆင့်ပွားနည်းပြသင်တန်းကို ဖွင့်လှစ်သင်ကြားပေးခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် သင်တန်းဆင်းလက်မှတ်များပေးအပ်ရာ သင်တန်းသားများကိုယ်စား သင်တန်းသားတစ်ဦးက လက်ခံရယူသည်။

အဆိုပါသင်တန်းကို မေလ ၈ ရက်မှ ၁၀ ရက်အထိ ဖွင့်လှစ်သင်ကြားပေးခဲ့ခြင်းဖြစ်ပြီး တက်ရောက်ခဲ့ကြသည့် ဆရာ ၁၅ ဦးနှင့် ဆရာမ ၁၇ ဦး စုစုပေါင်း ၃၂ ဦးအတွက် ဆင့်ပွားသင်တန်းနည်းပြ ဆရာ၊ ဆရာမ သုံးဦးတို့က စာတွေ့ လက်တွေ့ သင်ကြားပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ (၄၀၅)

# ထိုင်းကုန်စည်ပြပွဲကို ရန်ကုန်မြို့ Yangon Convention Center (YCC)၌ ကျင်းပမည်

ရန်ကုန် မေ ၁၁

ထိုင်းကုန်စည်ပြပွဲ(THAI EXPO YANGON 2025)ကို ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ်ရှိ Yangon Convention Center(YCC)၌ ဇွန်လ ၆ ရက်မှ ၈ ရက်အထိ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါကုန်စည်ပြပွဲတွင် အာဆီယံဈေးကွက်အတွင်း လူကြိုက်များသော ထိုင်းနိုင်ငံမှ ကုမ္ပဏီကြီးများ၊ စီးပွားရေးလုပ်ငန်းကြီးများမှ ကိုယ်စားလှယ်များနှင့် မြန်မာနိုင်ငံမှ အဝယ်တော်များ၊ Importer များ၊ Distributor များတွေ့ဆုံကာ ပိုမိုကောင်းမွန်သောအခွင့်အလမ်းများ ဖန်တီးရရှိနိုင်မည့်ပြပွဲတစ်ခုဖြစ်သည်။

ပြပွဲတွင် ထိုင်းနိုင်ငံ၏အစားအစာနှင့် အဖျော်ယမကာများ၊ အဝတ်အထည်များ၊ အလှကုန်များ၊ အိမ်သုံးပစ္စည်းများ၊ ကျန်းမာရေးအသုံးအဆောင်ပစ္စည်းများ ပါဝင်ပြသမည်ဖြစ်ပြီး ပြပွဲကို နေ့စဉ် နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ ပြသရောင်းချမည်ဖြစ်သည်။

ယင်းပြပွဲကို ထိုင်းနိုင်ငံမှလာရောက်ကြမည့် Buyers၊ Distributors၊ Decision-makers နှင့်တွေ့ဆုံပြီး လုပ်ငန်းမိတ်ဖက်များတည်ဆောက်နိုင်ရန်၊ Networking၊ Business Matching Activities အစီအစဉ်များသို့ တက်ရောက်နိုင်ရန်အတွက် ကုန်ပစ္စည်း Brand ကို ပိုမိုမြှင့်တင်နိုင်ရန်၊ လက်တွေ့အသုံးချပြသည့်အစီအစဉ်များတွင်ပါဝင်နိုင်ရန် ကျင်းပခြင်းဖြစ်ကြောင်းနှင့် ပြပွဲတွင် ထိုင်း-မြန်မာ နှစ်နိုင်ငံ ယှဉ်ကျေးမှုများ ဖလှယ်နိုင်မည်ဖြစ်ကြောင်း သိရသည်။

ဝန်းရံခ

OKKAN SUGAR MILL
ဥက္ကံ သကြားစက်၊ ရန်ကုန်တိုင်းဒေသကြီး
FDA ထောက်ခံချက်အမှတ်-စ၅/၂၁၃၄၆/ထလ
FDA Approved No. Sa 5/21346/Hta la

Phone,09 798157939(Office),09 773646431(Mill)
မြန်မာပြည်တွင်ထုတ်လုပ်သည်
သကြားဖြူ White Sugar

အရည်အသွေးမှာထိပ် ဆင်မင်းတံဆိပ် ဘိလပ်မြေ


BEST QUALITY
CEMENT
ASTM.C150 TYPE I (42.5)
ဆင်မင်းဘိလပ်မြေ
BEST QUALITY
CEMENT
ASTM.C150 TYPE II (32.5)
ဆင်မင်းဘိလပ်မြေ
ဆက်သွယ်ရန် – ဖုန်း ၀၉ ၆၈၆၉၉၉၃၅၈၃၊ ၀၉ ၇၉၉၆၁၁၁၅၅၉၊ email : scfg.kyaukse@gmail.com


Myanmar Mobile Money(MMM) ကိုအသုံးပြု၍ အောက်ပါဝန်ဆောင်မှုများရရှိနိုင်ပါသည်။
အငြိမ်းစား လစာအပါအဝင် ငွေပို့ငွေလွှဲခြင်း၊လစာထုတ်ခြင်းများကို ဘဏ်ကိုသွားရန်မလိုဘဲ မိုဘိုင်းဖုန်းဖြင့် ထုတ်ယူနိုင်ပါပြီ။
ဝန်ထမ်းလစာ / ပင်စင်လစာ ထုတ်ပေးခြင်း ၊ ငွေသွင်း ငွေထုတ်ခြင်း/ ငွေလွှဲခြင်း ၊ ဈေးဝယ်ခြင်း
Skynet Bill Payment ပေးသွင်းခြင်း ၊ Gift Card Bill ပေးခြင်း ၊
Internet Bill ပေးဆောင်ခြင်း ၊ E - Topup ဖုန်းပြောစဖြည့်သွင်းခြင်း၊
လျှပ်စစ်မီတာ Bill များ ပေးဆောင်ခြင်း ၊ ပြည်ပ ငွေလွှဲ (ထိုင်း)


ရုံးချုပ် - အမှတ်(၅၁)၊ ဗိုလ်ရာညွန့်လမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၃၁၀၀ ၁၅၂၀၊ ၀၉ ၃၁၀၀၁၅၂၁
နေပြည်တော် - STARMART Nay Pyi Taw ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား။ ဖုန်း - ၀၉ ၃၁၀၀ ၁၅၃၄
မန္တလေး - STARMART Mandalay Wholesale ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့။ ဖုန်း - ၀၉ ၃၁၀၀ ၁၅၃၆

အင်္ဂလန်နိုင်ငံ International Brewing Awards ၊ ဩစတြေးလျနိုင်ငံ Australian International Beer Awards ၊ ဘယ်လ်ဂျီယံနိုင်ငံ Monde (World) Selection ၊ ဂျာမနီနိုင်ငံ European Beer Star ပြိုင်ပွဲကြီးများမှ အမြင့်ဆုံးဆုတံဆိပ်များ ရရှိခဲ့သော ဒဂုံအဖျော်ယမကာကုမ္ပဏီလီမိတက် ထုတ်ကုန်များ . . .


'ဒဂုံနှင့်အတူ ဂုဏ်ယူလိုက်ပါ'
ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၁ ၃၆၁၀၈၄၁၊ ၀၁ ၆၅၁၁၇၇၊ ၀၁ ၆၅၂၁၆၉
KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၂၆၃၁၄၇၃၈၅
STARMART MANDALAY Wholesale - ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့။ ဖုန်း - ၀၉ ၆၆၁၀၇၀၂၂၄၄
STARMART Nay Pyi Taw - ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား။ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇

# ဇလုတ်ကြီးကျေးရွာ၊ နယ်မြေခံတပ်ရင်းသို့ လာရောက်တိုက်ခိုက်သည့် KNLA နှင့် PDF အမည်ခံ အကြမ်းဖက်သမားများအား တပ်မတော်စစ်ကြောင်းများက တိုက်ခိုက်ချေမှုန်း



တပ်မတော်စစ်ကြောင်းများအား တပ်ရင်းဗဟိုကင်း၌ တွေ့ရှိရသည့်မှတ်တမ်းဓာတ်ပုံ။



တပ်မတော်စစ်ကြောင်းများအား တပ်ရင်းဌာနချုပ်ရုံး၌ တွေ့ရှိရသည့် မှတ်တမ်းဓာတ်ပုံ။



အကြမ်းဖက်သမားများ ခေတ္တထိန်းချုပ်ထားသည့် ဇလုတ်ကြီးကျေးရွာရှိ နယ်မြေခံတပ်ရင်းအား တပ်မတော်စစ်ကြောင်းများက ပြန်လည်သိမ်းပိုက်ထိန်းချုပ်နိုင်ခဲ့ပြီး တပ်ရင်းတန်းစီကွင်း၌ တွေ့ရှိရသည့် မှတ်တမ်းဓာတ်ပုံ။

**နေပြည်တော် မေ ၁၁**

ပဲခူးတိုင်းဒေသကြီး၊ ရွှေကျင်မြို့နယ်၊ ဇလုတ်ကြီးကျေးရွာရှိ နယ်မြေခံတပ်ရင်းအား KNLA နှင့် PDF အမည်ခံအကြမ်းဖက်သမားများက မေလ ၈ ရက်နေ့တွင်သိမ်းပိုက်နိုင်ခဲ့သဖြင့် လက်နက်ကြီး၊ လက်နက်ငယ် အမြောက်အမြားသိမ်းဆည်းနိုင်ခဲ့ကြောင်း၊ တပ်မတော်မှ ဘာသာရေးကျောင်း၊ ဘုန်းတော်ကြီးကျောင်းများအား လက်နက်ကြီးများဖြင့် ပစ်ခတ်တိုက်ခိုက်သောကြောင့် အရပ်သားပြည်သူများ တိုက်ပွဲရှောင်နေရကြောင်း ပြည်ဖျက်မီဒီယာများက လူမှုကွန်ရက်စာမျက်နှာများပေါ်တွင် မဟုတ်မမှန်လုပ်ကြံ၍ သတင်းအမှားများ ဖြန့်ချိဝါဒဖြန့်လျက်ရှိသည်ကို တွေ့ရှိရသည်။

ဖြစ်စဉ်အမှန်မှာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံးမှ မေလ ၆ ရက်နေ့ ရက်စွဲဖြင့် ယာယီပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး ထုတ်ပြန်ထားသည့် ကာလအတွင်း KNLA နှင့် PDF အမည်ခံအကြမ်းဖက်သမားများက မေလ ၈ ရက်နေ့ နံနက် ၅ နာရီခန့်မှစ၍ ဇလုတ်ကြီးကျေးရွာရှိ နယ်မြေခံတပ်ရင်း ၁ ရင်းအား သာလွန်အင်အားဖြင့် အလစ်အငိုက်ဝင်ရောက်တိုက်ခိုက်ခဲ့သဖြင့် တပ်ရင်းဌာနချုပ်ရှိ အရာရှိ၊ စစ်သည်၊ ရဲမေများက စနစ်တကျ ပြန်လည်ခုခံတိုက်ခိုက်ခဲ့ရာ ထိတွေ့တိုက်ပွဲများ မေလ ၁၀ ရက်အထိ ပြင်းထန်စွာဖြစ်ပွားခဲ့သည်။ အကြမ်းဖက်သမားများ အနေဖြင့် ထိခိုက်ကျဆုံးမှုများပြားသော်လည်း အင်အားထပ်မံဖြည့်တင်း၍ တိုက်ခိုက်လာခြင်း၊ မိမိအရာရှိ/ စစ်သည်အချို့ ထိခိုက်ဒဏ်ရာရရှိမှုများလာခြင်းတို့ကြောင့် တပ်ရင်းဌာနချုပ်အတွင်းမှ ခေတ္တဆုတ်ခွာပေးထားခဲ့ပြီး အကြမ်းဖက်သောင်းကျန်းသူများ တပ်ရင်းဌာနချုပ်အတွင်း စုပြုံဝင်ရောက်ချိန်၌ တန်ပြန်လေကြောင်းပစ်ကူ၊ အမြောက်နှင့် လက်နက်ကြီး ပစ်ကူများဖြင့် နည်းဗျူဟာမြောက်ပစ်ခတ်ခြင်းအား စစ်မြေပြင်ကွပ်ကဲရေးမှူးများမှ အချိန်ကိုက်စတင်ဆောင်ရွက်ခဲ့သည်။

တစ်ချိန်တည်းမှာပင် အဆိုပါ အကြမ်းဖက်သမားများ ဝင်ရောက်တိုက်ခိုက်ခဲ့သည့်နေရာသို့ တပ်မတော်စစ်ကူစစ်ကြောင်းများ မူလစီစဉ်ထားရှိသည့် စစ်ကူ/ ပစ်ကူစီမံချက်အတိုင်းထပ်မံဖြည့်တင်း၍ တန်ပြန်တိုက်ခိုက်မှုပြုလုပ်ခဲ့ရာ အကြမ်းဖက်သမားများ အကျအဆုံးများစွာဖြင့် မေလ ၁၀ ရက် ညနေပိုင်းတွင် နယ်မြေခံတပ်၏ အရှေ့ဘက်သို့ ဖရိုဖရဲဖြင့် ပြန်လည်ဆုတ်ခွာထွက်ပြေးသွားခဲ့ပြီး အကြမ်းဖက်သမားများခေတ္တဝင်ရောက်နေရာယူထားသည့် နယ်မြေခံတပ်ရင်းအား တပ်မတော်စစ်ကြောင်းများက မေလ ၁၁ ရက် နံနက်ပိုင်းတွင်ပြန်လည်ထိန်းချုပ်သိမ်းပိုက်နိုင်ခဲ့သည်။ ဖြစ်စဉ်နေရာအနီးဝန်းကျင်နှင့် ပတ်ဝန်းကျင်ရှိ ကျေးရွာများအတွင်း၌ သောင်းကျန်းသူများ အခြေပြုနေထိုင်နိုင်ခြင်းမရှိစေရေး တပ်မတော်စစ်ကြောင်းများက လုံခြုံရေးလုပ်ငန်းများ ဆက်လက်ရှင်းလင်းဆောင်ရွက်လျက်ရှိသည်။

ဖြစ်စဉ်တွင် မိမိတပ်မတော်မှ အရာရှိ/ စစ်သည်အချို့ ကျဆုံး/ ဒဏ်ရာရရှိခဲ့ပြီး အကြမ်းဖက်သမားများထံမှလည်း အလောင်း(၆)လောင်း၊ လက်နက်ငယ်မျိုးစုံ (၁၀)လက်၊ ကျည်အိမ်များ၊ ခဲယမ်းနှင့်ဗုံးသီးများသိမ်းဆည်းရရှိခဲ့ပြီး တိုက်ပွဲဖြစ်ပွားစဉ်အတွင်း ခေတ္တတိမ်းရှောင်နေသည့် စစ်သည်၊ ရဲမေများသည် တပ်မတော်စစ်ကြောင်းများနှင့် ပြန်လည်ပူးပေါင်းနိုင်ခဲ့ပြီး လိုအပ်သော ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရှိရသည်။

သို့ဖြစ်၍ အကြမ်းဖက်အားပေး တရားမဝင်မီဒီယာများ၏ လုပ်ကြံသတင်းအမှားများအပေါ် တိုင်းရင်းသားပြည်သူများ သတိပြုနိုင်ပါရန်နှင့် ယာယီပစ်ခတ်တိုက်ခိုက်မှုထုတ်ပြန်ကြေညာထားသည့်ကာလအတွင်း လက်နက်ကိုင်အဖွဲ့များအနေဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ တပ်စခန်းများအား တိုက်ခိုက်ခြင်း၊ တပ်ဌာနချုပ်များကို နှောင့်ယှက်တိုက်ခိုက်ခြင်းများ ဆောင်ရွက်လာပါက တပ်မတော်အနေဖြင့်ပြည်သူလူထုကို ကာကွယ်သောအားဖြင့် လိုအပ်သည့် အရေးယူတုံ့ပြန်မှုများကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (၁၀၀)



အကြမ်းဖက်သမားများထံမှ အလောင်းများရရှိမှု မှတ်တမ်းဓာတ်ပုံ။



အကြမ်းဖက်သမားများထံမှ အလောင်းများရရှိမှု မှတ်တမ်းဓာတ်ပုံ။

**ပျောက်ဆုံးကြောင်း**
အေးမင်းဇော်(ဘ)ဦးမျိုးနိုင်ဇော် ၉/ညဥန(နိုင်)၂၅၃၂၀၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

**ပျောက်ဆုံးကြောင်း**
ဟန်လင်းနိုင်(ဘ)ဦးနေဝင်းအောင် ၁၂/မဂတ(နိုင်)၁၂၃၄၁၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၉၅၁၇၁၂၁၄

**ပျောက်ဆုံးကြောင်း**
ဝင်းဇော်(ဘ)ဦးဝင်းဌွေး ၈/ဆမန(နိုင်)၀၀၁၃၀၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

**ပျောက်ဆုံးကြောင်း**
ပန်းအိဖြူ(ဘ)ဦးစိုးဝေ ၇/ကဝန(နိုင်)၁၉၁၅၁၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(971432)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

**ပျောက်ဆုံးကြောင်း**
ရွှေခင်ဦး(ဘ)ဦးမြင့်အေး ၁၂/တတန(နိုင်)၂၀၈၈၄၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

စာပေမြင့်မှ
လူမျိုးတင့်မည်

# လေးဆူဓာတ်ပုံရွှေတိဂုံစေတီတော်မြတ်ကြီး ဗုဒ္ဓါဘိသေကအနေကဇာတင်နှင့် ရေစက်ချအနုမောဒနာအခမ်းအနား ကျင်းပမည့်နေ့ရက် ပြောင်းလဲဖိတ်ကြားခြင်း

၁၀-၅-၂၀၂၅ ရက်နေ့ထုတ် မြဝတီနေ့စဉ်သတင်းစာ၏ စာမျက်နှာ(၂၇)တွင် ကြော်ငြာဖိတ်ကြားခဲ့သည့် ရွှေတိဂုံစေတီတော်မြတ်ကြီး ဗုဒ္ဓါဘိသေကအနေကဇာတင်နှင့် ရေစက်ချအနုမောဒနာအခမ်းအနားကို ၂၀၂၅ ခုနှစ် မေလ ၁၈ ရက်(တနင်္ဂနွေနေ့)၊ ၁၃၈၇ ခုနှစ် ကဆုန်လပြည့်ကျော် ၇ ရက်၊ နံနက်(၀၇၃၀)အချိန်သို့ ပြောင်းလဲကျင်းပသွားမည်ဖြစ်ပါ၍ အလှူရှင်များတက်ရောက်နိုင်ပါရန် အသိပေးဖိတ်ကြားအပ်ပါသည်။

**ရွှေတိဂုံစေတီတော်ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့**

**ပျောက်ဆုံးကြောင်း**
မြင့်မြင့်စိန်(ဘ)ဦးတင်ဆန်း ၁၀/မဒန(နိုင်)၀၀၂၃၆၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၂၅၅၇၇၄၈၈၅

**ပျောက်ဆုံးကြောင်း**
ဝင်းနိုင်(ဘ)ဦးဟလယ် ၁၀/မဒန(နိုင်)၀၀၁၀၄၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၉၂၄၂၆၄၅၉

**ပျောက်ဆုံးကြောင်း**
ဇော်မျိုးထွန်း(ဘ)ဦးသိန်းဟို ၁၀/သဖရ(နိုင်)၁၁၁၂၉၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၅၂၇၂၇၂၄

**ပျောက်ဆုံးကြောင်း**
သီတာဦး(ဘ)ဦးမောင်အုန်းလွင်၁၀/ရမန(နိုင်)၁၈၂၇၀၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၈၉၃၀၉၃၇

**အမည်ပြောင်း**
မွန်ပြည်နယ်၊ မော်လမြိုင်မြို့၊ အ.ထ.က(၈)၊ KG(B)မှ ဦးဖြိုးသန့်ဇင်-ဒေါ်ဝါဝါဝင်း၏သမီး သွန်းသဒါဆင့်အား သွန်းဟေသာဟု ပြောင်းလဲခေါ်ဆိုပါရန်။
**သွန်းဟေသာ**

**ဖခင်အမည်မှန်**
မွန်ပြည်နယ်၊ ကျိုက်မရောမြို့နယ်၊ ပိန်းနဲကုန်းရွာ၊ အ.ထ.က၊ Grade(11)မှ မနှင်းအိဖြူ ကျောင်းဝင်အမှတ်-၂၈၇/၁၃ ၏ဖခင်အမည်မှန်မှာ အပ္ပဒူခါလစ် ၁၀/ကမရ(နိုင်)၁၉၇၁၃၃ ဖြစ်ပါကြောင်း။
**အပ္ပဒူခါလစ်**

**ပျောက်ဆုံးကြောင်း**
မူဆယ်မြို့နေ မောင်ပိုင်စိုးနောင်(ဘ)လာကျင် ၁၃/မဆတ(ဧည့်)၀၀၀၁၇၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၆၇၀၈၁၄၇၈၄

**အမည်ပြောင်း**
နေပြည်တော်နေ အဘ ဦးထူးကိုဦး ၉/မခန(နိုင်)၂၆၃၁၅၀ ၏သမီး မဝတ်ရည်ထွေးအား မယွန်းစန္ဒာဦးဟု ပြောင်းလဲခေါ်ဆိုပါရန်။
**မယွန်းစန္ဒာဦး**

**ပျောက်ဆုံးကြောင်း**
နန်းကြည်ကြည်ပိုင်(ဘ)ဦးချစ်စိန် ၁၂/တတန(နိုင်)၁၁၉၀၆၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၁၀၈၈၇၆၀

**ပျောက်ဆုံးကြောင်း**
အေးအေးသန်း(ဘ)ဦးဉာဏ်စိန် ၁၂/ဒဂန(နိုင်)၀၁၈၁၇၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၃၂၂၁၄၇၀

**ပျောက်ဆုံးကြောင်း**
အောင်ထွဋ်ဝေ(ဘ)ဦးဉာဏ်စိန်၁၂/ဒဂန(နိုင်)၀၁၈၁၈၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(911947)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၇၈၉၁၃၁၅၈

**ပျောက်ဆုံးကြောင်း**
မာမာလွင်(ဘ)ဦးစိန်သောင်းတင် ၁၁/တကန(နိုင်)၀၇၄၃၈၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MB 082024)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

**ပျောက်ဆုံးကြောင်း**
ခင်ချိုဝင်း(ဘ)ဦးသိန်းဝင်း ၁၂/ဒဂမ(နိုင်)၀၂၃၈၂၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

**ပျောက်ဆုံးကြောင်း**
ဦးစိုးမိုး(ဘ)ဦးအောင်မြင့် ၁၀/မလမ(နိုင်)၀၃၆၇၁၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MB 078961)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

**ပျောက်ဆုံးကြောင်း**
အောင်မျိုးခိုင်(ဘ)ဦးဝင်းမြင့် ၁၂/ဒဂတ(နိုင်)၀၉၁၆၅၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၇၆၇၂၁၆၂၀

**ပျောက်ဆုံးကြောင်း**
ခင်စန္ဒာထွန်း(ဘ)ဦးတင်ကိုကို ၁၃/ကခန(နိုင်)၀၈၁၂၃၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၆၉၈၂၈၆၀၂၆

**ပျောက်ဆုံးကြောင်း**
ထွန်းထွန်းနိုင်(ဘ)ဦးသန်းဦး ၁၂/ကတန(နိုင်)၁၁၀၃၈၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

**ပျောက်ဆုံးကြောင်း**
အောင်မျိုးသူ(ဘ)ဦးညွန့်အောင် ၁၃/ဖခန(နိုင်)၀၆၆၂၈၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

**ပျောက်ဆုံးကြောင်း**
သူရိန်ထွန်း(ဘ)ဦးမင်းမင်း ၁၂/မဂဒ(နိုင်)၁၆၄၄၄၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MG 785251)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

**ပျောက်ဆုံးကြောင်း**
စိုးမင်းသန့်(ဘ)ဦးစံရွှေ ၁၁/ပဏတ(နိုင်)၀၉၂၄၄၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MH 000056)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

**ပျောက်ဆုံးကြောင်း**
ပဲခူးမြို့၊ ဥဿာမြို့သစ်(၁)ရပ်နေ ခွန်းထည်ဝါ(ဘ)ဦးကောင်းထက်စိုး ၇/ပခန(နိုင်)၅၄၇၉၃၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၆၈၂၉၇၄၃၀၆

**ပျောက်ဆုံးကြောင်း**
မိုင်းယန်းမြို့၊ နောင်ဟွယ်ရွာနေ မနန်းရှန်(ဘ)ဦးအိုက်ရှန် ၁၃/မယန(နိုင်)၀၁၉၀၂၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MH 691884)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၆၇၆၉၂၉၀၄၄

**ပျောက်ဆုံးကြောင်း**
မန္တလေးတိုင်းဒေသကြီး၊ သာစည်မြို့နယ်၊ ရင်ဇင်းကျေးရွာနေ မတင်မိုးထက်(ဘ)ဦးခင်မောင်သိန်း ၉/သစန (နိုင်)၁၃၇၂၄၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MF 587486)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၈၈၃၈၅၄၁၄၉

**ပျောက်ဆုံးကြောင်း**
စိုးသီရိခိုင်(ဘ)ဦးငွေထွန်း ၁၀/မလမ(နိုင်)၁၄၁၀၉၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

**အလိမ္မာစာမှာရှိ**

**ပျောက်ဆုံးကြောင်း**
မောင်သိန်းဝင်း(ဘ)ဦးဝဲ ၁၀/ရမန(နိုင်)၀၉၅၁၉၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၄၁၄၈၈၀၃၃

**ပျောက်ဆုံးကြောင်း**
ခင်ဝင်းကြည်(ဘ)ဦးချစ်ထွန်း ၁၀/ရမန(နိုင်)၁၂၄၂၈၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၄၁၄၈၈၀၃၃

**ပျောက်ဆုံးကြောင်း**
ဖြူနှင်းအေး(ဘ)ဦးကျော်လွင် ၁၀/မလမ(နိုင်)၂၅၃၈၈၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၄၂၆၄၆၇၀

**ပျောက်ဆုံးကြောင်း**
သန်းအောင်လေး(ဘ)ဦးအောင်သိန်း ၁၀/ခဆန(နိုင်)၀၈၄၁၇၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၉၁၄၀၀၆၄၆




## မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ
## ရေနှင့်သန့်ရှင်းမှုဌာန
## အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း
## (၃/၂၀၂၅-၂၀၂၆)

၁။ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ ရေနှင့်သန့်ရှင်းမှုဌာနမှ (၂၀၂၅-၂၀၂၆)ဘဏ္ဍာရေးနှစ်အတွင်း အောက်ဖော်ပြပါပစ္စည်းများအား အိတ်ဖွင့်တင်ဒါခေါ်ယူ၍ (မြန်မာကျပ်ငွေ)ဖြင့် ဝယ်ယူသွားမည်ဖြစ်ပါသောကြောင့် စိတ်ပါဝင်စားသောကုမ္ပဏီများ အိတ်ဖွင့်တင်ဒါပေးသွင်းနိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည်-

(က) တင်ဒါခေါ်ယူ၍ ဝယ်ယူမည့်ပစ္စည်းများအမည်-
  (၁) 67 kW Submersible Pump များဝယ်ယူခြင်း(lot-1)
  (၂) Aluminum Chlorohydrate(ACH)များဝယ်ယူခြင်း(Lot-2)
(ခ) တင်ဒါပုံစံ စတင်ရောင်းချမည့်နေ့ - ၂၀၂၅ ခုနှစ်၊ မေလ(၁၂)ရက်
(ဂ) တင်ဒါပုံစံအရောင်း ပိတ်မည့်နေ့ - ၂၀၂၅ ခုနှစ်၊ မေလ(၁၉)ရက်
(ဃ) တင်ဒါအချက်အလက် ရှင်းလင်းမည့်နေ့ - ၂၀၂၅ ခုနှစ်၊ မေလ(၂၀)ရက်
(င) တင်ဒါအာမခံကြေး (၁%)ပေးသွင်းခြင်း - ၂၀၂၅ ခုနှစ်၊ မေလ(၂၁)ရက် ၂၀၂၅ ခုနှစ်၊ မေလ(၂၂)ရက်
(စ) တင်ဒါပုံစံလက်ခံခြင်း - ၂၀၂၅ ခုနှစ်၊ မေလ(၂၁)ရက်
(ဆ) တင်ဒါပုံစံ လက်ခံစာရင်းပိတ်ခြင်း - ၂၀၂၅ ခုနှစ်၊ မေလ(၂၂)ရက်
(ဇ) တင်ဒါဖွင့်မည့်နေ့ - ၂၀၂၅ ခုနှစ်၊ မေလ(၂၃)ရက်
(ဈ) တင်ဒါလျှောက်လွှာဈေးနှုန်း - တစ်စောင်လျှင် ၁၀၀၀၀/-နှုန်း

၂။ တင်ဒါပုံစံများအား (၁၂-၅-၂၀၂၅)ရက်နေ့မှစတင်၍ ရုံးချိန်အတွင်း ဌာနသို့လာရောက်၍ ဝယ်ယူနိုင်ပါသည်။ အသေးစိတ်သိရှိလိုပါက ရေနှင့်သန့်ရှင်းမှုဌာန (ဖုန်း-၀၉-၂၂၁၅၆၇၅)သို့ မေးမြန်းစုံစမ်းနိုင်ပြီး လျှောက်လွှာပုံစံများကို ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**ရေနှင့်သန့်ရှင်းမှုဌာန**

## မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ
## လမ်းတံတားဌာန
## လမ်း၊ တံတား၊ ရေမြောင်းလုပ်ငန်းတင်ဒါ Lot(၄)ခု
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ လမ်းတံတားဌာနမှ ၂၀၂၅-၂၀၂၆ (ဧပြီလမှမတ်လ)ဘဏ္ဍာရေးနှစ်အတွင်း ငွေလုံးငွေရင်းအသုံးစရိတ်ခေါင်းစဉ်မှကျခံ၍ လမ်း၊ တံတား၊ ရေမြောင်းလုပ်ငန်း Lot(၄)ခုအား အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ခေါ်ယူမည်ဖြစ်ပါ၍ အောက်ပါအတိုင်း တင်ဒါလျှောက်လွှာဝယ်ယူတင်သွင်းနိုင်ပါကြောင်း ဖိတ်ခေါ်အပ်ပါသည်-

(က) တင်ဒါလျှောက်လွှာ စတင်ရောင်းချမည့်နေ့ရက် - ၁၂-၅-၂၀၂၅(တနင်္လာနေ့)
(ခ) တင်ဒါလျှောက်လွှာ ရောင်းချခြင်း ပိတ်သိမ်းမည့် နေ့ရက်နှင့်အချိန် - ၆-၆-၂၀၂၅(သောကြာနေ့) နံနက်(၀၉:၃၀)မှ(၁၆:၃၀)ထိ
(ဂ) တင်ဒါလျှောက်လွှာ တင်သွင်းရမည့် နေ့ရက်နှင့်အချိန် - ၁၁-၆-၂၀၂၅(ဗုဒ္ဓဟူးနေ့) နံနက်(၀၉:၃၀)မှ(၁၆:၃၀)ထိ

၂။ တင်ဒါကော်မတီမှ တင်ဒါလျှောက်လွှာဝယ်ယူထားသည့်ကုမ္ပဏီများအား (၉-၆-၂၀၂၅) ရက်နေ့ နံနက်(၁၀:၀၀)နာရီတွင် တင်ဒါကိစ္စများရှင်းလင်းခြင်းအစီအစဉ်အား ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် ကုမ္ပဏီများမှတက်ရောက်ကြရန်ဖြစ်ပါသည်။

၃။ တင်ဒါကိစ္စနှင့်ပတ်သက်၍ စုံစမ်းမေးမြန်းလိုပါက ရုံးချိန်အတွင်း ဖုန်း-၀၉-၄၄၁၀၂၁၄၂၃၊ ၀၉-၄၃၁၀၀၆၄၆ သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန
## မြန်မာ့ဆိပ်ကမ်းအာဏာပိုင်
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်မှ ၂၀၂၅-၂၀၂၆ ခု၊ ဘဏ္ဍာရေးနှစ်တွင် အသုံးပြုရန်လိုအပ်သော Battery(With Acid)(9-Items)ကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် အိတ်ဖွင့်တင်ဒါများအား ၂၉-၅-၂၀၂၅ ရက်နေ့၊ (၁၃:၀၀)နာရီ နောက်ဆုံးထားတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ တင်ဒါပုံစံနှင့်စည်းကမ်းချက်များကို မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၊ ဗဟိုပစ္စည်းထိန်းဌာန၊ ကမ်းနားလမ်း(ဗိုလ်တထောင်ဘုရားအနောက်ဘက်၊ ကွန်ကရစ်လမ်း၊ Toll Gate အနီး)၊ ဗိုလ်တထောင်မြို့နယ်တွင် (၁၃-၅-၂၀၂၅)ရက်နေ့မှစ၍ (၂၇-၅-၂၀၂၅) ရက်နေ့ထိရုံးချိန်အတွင်း ဆက်သွယ်ဝယ်ယူနိုင်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက တယ်လီဖုန်းအမှတ်၊ ၀၁-၈၆၁၀၂၃၀ နှင့် ၀၉-၂၅၀၂၈၄၁၂၂ တို့ကို ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ**

**ပျောက်ဆုံးကြောင်း**
စုစုလှိုင်(ဘ)ဦးသက်ထွန်း ၁၂/ဒဂတ(နိုင်)၀၁၀၈၃၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

❖ **ပြည်ထောင်စုကြီးတစ်ခုလုံး ဘက်စုံထောင့်စုံ ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်ရန်အတွက် အစိုးရက ဦးဆောင်ရမည်မှန်ပေသော်လည်း ပြည်သူလူထုတစ်ရပ်လုံး၏ "စုပေါင်းအား"ဖြင့် ဆောင်ရွက်မှသာ ဖွံ့ဖြိုးတိုးတက်မှုသည် ရေရှည်အားကောင်းမည်ဖြစ် . . .**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ်၊ ဇူလိုင်လ ၂၂ ရက်နေ့တွင်ပြုလုပ်သော ၂၀၂၄ ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲတွင် ဘာသာစုံဂုဏ်ထူးဖြင့် ထူးချွန်စွာအောင်မြင်ခဲ့သည့် ကျောင်းသား၊ ကျောင်းသူများအား ဂုဏ်ပြုဆုချီးမြှင့်ပွဲအခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ နိုင်ငံရေး

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကိုတည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏လူမှုစီးပွားဘဝလုံခြုံရေးအတွက်ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ စီးပွားရေး

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးရေးနှင့်မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင်ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လူမှုရေး

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍမြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသောလူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကိုမြှင့်တင်ဆောင်ရွက်ရေး။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း နှင့်ဇနီး ဒေါ်သန်းသန်းနွယ် ၁၃၈၇ ခုနှစ်၊ ကဆုန်လပြည့်ဗုဒ္ဓနေ့အထိမ်းအမှတ်အဖြစ် ဆင်ယင်ကျင်းပပူဇော်သည့် မဟာမင်္ဂလာအခမ်းအနားသို့ ကြွရောက်တော်မူကြသည့် ဆရာတော်ကြီးများအား လှူဖွယ်ပစ္စည်းများနှင့်နေ့ဆွမ်းဆက်ကပ်လှူဒါန်း

နေပြည်တော် မေ ၁၁

၁၃၈၇ ခုနှစ်၊ ကဆုန်လပြည့်ဗုဒ္ဓနေ့အထိမ်းအမှတ်အဖြစ် ဆင်ယင်ကျင်းပပူဇော်သည့် မဟာမင်္ဂလာအခမ်းအနားသို့ ကြွရောက်တော်မူကြသည့် ဆရာတော်ကြီးများအား လှူဖွယ်ပစ္စည်းများနှင့် နေ့ဆွမ်းဆက်ကပ်လှူဒါန်းခြင်း မင်္ဂလာအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်၊ မာရဝိဇယဗုဒ္ဓဥယျာဉ်တော် ပရိဝုဏ်အတွင်းရှိ အဂ္ဂါဓိပတိသာသနဒ္ဓဇဗိမာန်တော်ကြီး၌ကျင်းပရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ကဆုန်လပြည့်ဗုဒ္ဓနေ့ဆိုင်ရာ မဟာမင်္ဂလာအခမ်းအနားများကျင်းပရေးနာယကအဖွဲ့ဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့်ဇနီး ဒေါ်သန်းသန်းနွယ်တို့က လှူဖွယ်ပစ္စည်းများနှင့် နေ့ဆွမ်းဆက်ကပ်လှူဒါန်းသည်။

အခမ်းအနားသို့ အထူးပင့်ဖိတ်ထားသည့် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့ မင်းကျောင်းပထမပြန်စာသင်တိုက်ပဓာနနာယက အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာဘဒ္ဒန္တစန္ဒိမာဘိဝံသ နှင့် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်၊ မန္တလေးတိုင်းဒေသကြီး၊ မဟာအောင်မြေမြို့နယ်၊ မစိုးရိမ်တိုက်သစ် မဟာနာယက၊ ဓမ္မသမိဒ္ဓိကျောင်းဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ မဟာဓမ္မကထိက ဗဟုဇနဟိတဓရ ဘဒ္ဒန္တဝါသေဋ္ဌာဘိဝံသတို့အမှူးပြုသည့် ဆရာတော်ကြီးများ ကြွရောက်ချီးမြှင့်တော်မူကြပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့်ဇနီးတို့နှင့်အတူ ကောင်စီအတွင်းရေးမှူးနှင့်ဇနီး၊ **စာမျက်နှာ ၅ ကော်လံ ၁** ■



နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့ မင်းကျောင်းပထမပြန်စာသင်တိုက် ပဓာနနာယက အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာဘဒ္ဒန္တစန္ဒိမာဘိဝံသထံ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ကဆုန်လပြည့်ဗုဒ္ဓနေ့ဆိုင်ရာ မဟာမင်္ဂလာအခမ်းအနားများကျင်းပရေးနာယကအဖွဲ့ဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့်ဇနီး ဒေါ်သန်းသန်းနွယ်တို့က လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။

